



▶ တလူထူးခြားသော မွန်ရိုးရာ ရှေ့ဉ့်ယိမ်း ကလေသွင်း၊ ရည့်သာ့ဉ်တော်များ ရွဲခက်မွှေယ်ရာ ကျိုက်ကဲ့သို့ အားနှင့်မာန်နှင့်။

# မွန်စာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီ

# မော်လမြိုင် ဒီဂရီကောလိပ် [၁၉၇၄-၇၅]

## အတွင်းရေးမှူး အစီရင်ခံစာ

နေ့စွဲ —၁—၇၆

### ၁။ ကော်မတီဖွဲ့စည်း

၁၉၇၄-၇၅ ခုနှစ်၊ မော်လမြိုင် ဒီဂရီ ကောလိပ်၊ မွန်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီနှင့် မွန်မဂ္ဂဇင်း ကော်မတီတို့ကို ၁၉၇၅ ခု၊ မတ်လ ၃ ရက်နေ့တွင် မော်လမြိုင် ဒီဂရီကောလိပ် အခန်း ၁၅ တွင် ဆရာ/ဆရာမများနှင့် ကျောင်းသူ/ကျောင်းသားများ၏ သဘောတူညီချက်ဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့သည်။

### ၂။ သစ်လွင်ကြိုဆို

၁၉၇၄-၇၅ ခုနှစ်၊ မော်လမြိုင်ဒီဂရီကောလိပ် မွန် မောင်မယ်သစ်လွင်များကို ၁၉၇၅ ခု၊ မတ်လ ၃ ရက်နေ့တွင် အခန်း ၁၅ ၌ ကြိုဆိုခဲ့ကြပါသည်။

### ၃။ ပြည်ထောင်စုနေ့ ပဒေသာကပွဲ

၁၉၇၅ ခုနှစ်၊ ပြည်ထောင်စုနေ့အခမ်းအနားကို မော်လမြိုင် ဒီဂရီကောလိပ်မြက်ခင်းပြင်တွင် ကျင်းပရာ တိုင်းရင်းသား ညီအစ်ကိုများနှင့်အတူ မွန်ရိုးရာအက,များဖြင့် ဖြေဖျော်ခဲ့ကြပါသည်။

## ၄။ ပြည်ထောင်စုနေ့ ဆိုင်ခန်းဖွင့်လှစ်

၁၉၇၅ ခုနှစ်၊ မော်လမြိုင် ဒီဂရီကောလိပ် မြက်ခင်းပြင်၌ ကျင်းပခဲ့သော ပြည်ထောင်စုနေ့တွင် မွန်မိသားစုဆိုင်ခန်းဖွင့်လှစ်၍ တိုင်းရင်းသား အစားအစာဖြစ်သော 'ပြာတ်ဗိုဟ်' (မွန်ငှက်ပျောပေါင်း)နှင့် အအေးစုံတို့ကို ရောင်းချခဲ့ပါသည်။

## ၅။ ၃၈ ကြိမ်မြောက် မွန်အမျိုးသားနေ့

၁၉၇၅ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ မော်လမြိုင်မြို့၊ အမှတ် ၅ အ-လ-က ကွင်း၌ ကျင်းပသော ၃၈ ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားတွင် မွန်ပဒေသာအက,များဖြင့် ပါဝင်ကူညီဖြေဖျော်ခဲ့ကြသည်။

## ၆။ မွန်စာပေစကားပြောနှင့် မွန်အက,သင်တန်း

မော်လမြိုင်ဒီဂရီကောလိပ်၊ မွန်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီ၏ မွန်စာပေစကားပြောနှင့် မွန်အက, သင်တန်းများကို ၁၉၇၅ ခု၊ မတ်လ ၂၃ ရက်နေ့တွင် အခန်းအမှတ် ၅ ၌ ဖွင့်လှစ်ခဲ့ပြီး၊ သင်တန်းကာလမှာ (တလ) တိတိကြာမြင့်ခဲ့ပါသည်။

## ၇။ နှုတ်ဆက်ပွဲနှင့် သင်တန်းဆင်းပွဲ

မွန်စာပေ၊စကားပြောနှင့်မွန်အက,သင်တန်းဆင်းပွဲနှင့်အတူ နောက်ဆုံးနှစ် မွန်မောင်မယ်များအား ဂုဏ်ပြုနှုတ်ဆက်ပွဲကို ၁၉၇၅ ခု၊ ဇွန်လ ၃၀ ရက်နေ့တွင် မော်လမြိုင်ဒီဂရီကောလိပ် ကျောင်းခန်းမ၌ ကျင်းပခဲ့ကြသည်။

## ၈။ အထိမ်းအမှတ် အင်္ကျီဒီဇိုင်း

တက္ကသိုလ်နှင့်ကောလိပ်ပေါင်းစုံ မွန်မိသားစုခင်မင်ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် 'လျူးဗိုပ်ဗှာဲ' တံဆိပ်ရိုက် စွပ်ကျယ်အင်္ကျီများ ဒီဇိုင်းများကို ထုတ်၍ ဖြန့်ချိနိုင်ခဲ့ပါသည်။

## ၉။ မွန်မိသားစု ဆိုင်ခန်း

မုဒုံမြို့နယ်၊ ကမာဝက်ကျေးရွာ၊ ကျိုက္ကမော့ဘုရားပွဲတွင် တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ မွန်မိသားစုမှ နှိုဝင်ဘာလ ၄ ရက်မှ ၆ ရက်အထိ အအေးစုံများကို ဆိုင်ခန်းဖွင့်လှစ် ရောင်းချနိုင်ခဲ့ပါသည်။

## ၁၀။ ကူညီဖြန့်ချီ

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)၏ ၁၉၇၆ ခုနှစ် မွန်ပြက္ခဒိန် (တက္ကသိုလ်များ၊ရန်ကုန်)၊ (တက္ကသိုလ်များ၊ ရေဆင်း) မွန်ကျောင်းသားများနှင့်အတူ မော်လမြိုင် ဒီဂရီကောလိပ် မွန်ကျောင်းသား/သူများ ပူးပေါင်းပါဝင်လျက် မွန်ကျေးလက်ဒေသများအရောက် ကူညီဖြန့်ချိခဲ့ကြပါသည်။

မင်းခင်စိုး

အတွင်းရေးမှူး
မွန်စာပေနှင့်ယဉ်ကျေးမှုဆပ်ကော်မတီ
မော်လမြိုင်ဒီဂရီကောလိပ်။



# မဂ္ဂဇင်း အတွင်းရေးမှူး

## ၏

# အစီရင်ခံစာ

စာပေသည် လူမျိုးတမျိုး၊ တိုင်းပြည်တပြည်၏ နား၊ မျက်စိ၊ ယဉ်ကျေးမှုအဆင့်အတန်းဟု လူကြီးပိုင်းက ပြောပြောနေသည်ကို ကျွန်တော်တို့ ဖန်တရာတေအောင် ကြားနေရသည်။

ကျွန်တော်တို့အားလုံး စုစည်းပြီး သစ်တပင်ကို ပျိုးနေပါသည်။ ကျွန်တော်တို့သည် အသီး၊ အပွင့်ကို ခံစားကြမည့်သူများ မဟုတ်ကြပါ။ အသီး၊ အပွင့်၊ အရွက်၊ အကိုင်း၊ အခက်တို့ဖြင့် စိမ်းလန်း ဝေဆာသော သစ်တပင်ကိုမြင်ကြသည့် စေတနာရှင် ဥယျာဉ်လုပ်သားများသာ ဖြစ်ပါသည်။ ကျွန်တော်တို့ စေတနာကား အရိပ်ကိုခို၍ အသီးကို ခြွေစေချင်ပါသည်။

ဤနှစ်လည်မွန်မဂ္ဂဇင်းကို(၁၉၇၄-၇၅)ခု ပညာသင်နှစ်အမီ ထုတ်ဝေရမည်ဖြစ်ရာ မွန်မဂ္ဂဇင်းကော်မတီမှ ရွေးချယ်ထားသော စာမူများကို မော်လမြိုင်ဒီဂရီကောလိပ်၊ အထက်တန်းပညာ ဦးစီးဌာန၊ မွန်ပြည်နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့တို့သို့ အဆင့်ဆင့် တင်ပြကာ ရိုက်နှိပ်ခွင့် တောင်းခံခဲ့ရပါသည်။ ရိုက်နှိပ်ရက်မှာ ပညာသင်နှစ်ကုန်ဆုံးချိန် ရောက်ပြီဖြစ်သဖြင့် အလျင်အမြန် လုပ်ခဲ့ရသည်။ ထို့ကြောင့် ထိုမဂ္ဂဇင်း၏ အပြင်အဆင်၊ အထားအသိုများမှာ စိတ်တိုင်းကျ ဖြစ်မလာပဲ ချွတ်ယွင်းခဲ့ရပါ၏။ ခွင့်လွှတ်စေလိုပါသည်။

ဤနှစ်လည်မွန်မဂ္ဂဇင်း ဤမျှအထိ အောင်အောင်မြင်မြင် ပေါ်ပေါက်လာသည်မှာ မွန်မဂ္ဂဇင်း ကော်မတီတခုတည်း၏ စွမ်းဆောင်ချက်မဟုတ်ကြောင်း ဝန်ခံပါသည်။

ဤနှစ်လည်မွန်မဂ္ဂဇင်း ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီခဲ့ကြသော သံဃာတော်များ၊ သက်ဆိုင်ရာ ရုံးဌာနနှင့် ကျောင်းအသီးသီးမှ အရာထမ်း၊ အမှုထမ်းများ၊ စာမူရှင်များ၊ ပန်းချီရှင်များ၊ အောင်ချမ်းသာပုံနှိပ်တိုက်၊ အောင်သန်းပုံနှိပ်တိုက်၊ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များနှင့် ရန်ကုန်)၊ မွန်အမျိုးသားနွေ ကျောင်းပရေးကော်မတီ(မော်လမြိုင်နှင့်ရေး)၊ လိုအပ်သောကိစ္စအဝဝကို စေတနာထားကူညီခဲ့သော အခြားပုဂ္ဂိုလ် နိုင်သောင်းရိန်နှင့်နိုင်ထွန်းမောင်တို့ကို မော်လမြိုင်ဒီဂရီကောလိပ်၊ မွန်မဂ္ဂဇင်း ကော်မတီကိုယ်စား အထူး ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်း တင်အပ်ပါသည်။

အတွင်းရေးမှူး
**မွန်မဂ္ဂဇင်းကော်မတီ**

# အချိန်



တို့ရဲ့ပေစာ နန်းတွင်းစာကား
ပမာရေနှုန်း ကြာမြင့်ထုံးသို့
စီကုံးစာခွေ မြင့်သင့်ချေပြီ။

စကားစကား တို့စကားကား
ပမာရေနှုန်း ကြာမြင့်ထုံးသို့
ပြောသုံးဆိုလေ မြင့်သင့်ချေပြီ။

တို့ရဲ့ဂီတ သုခမကား
ပမာရေနှုန်း ကြာမြင့်ထုံးသို့
ဆိုဦးခေါက်လေ မြင့်သင့်ချေပြီ။

တို့ယဉ်ကျေးမှု တို့မျိုးစုကား
ပမာရေနှုန်း ကြာမြင့်ထုံးသို့
ဆင်ထုံးသွားလေ မြင့်သင့်ချေပြီ။

မွန်တို့ခလေ့မှာ တို့ဘာသာကား
ပမာရေနှုန်း ကြာမြင့်ထုံးသို့
မှီသုံးကျင့်လေ မြင့်သင့်ချေပြီ။

လူမျိုးလူမျိုး မွန်မျိုးမှာကား
ပမာရေနှုန်း ကြာမြင့်ထုံးသို့
အားလုံးစောင့်ရှောက် မြင့်ချိန်ရောက်ပြီ။ ။

ကောဝ့်ပလိုင်း မင်းစောမွန်(ရာမညမြေ)

# တို့တတွေ တာဝန်ရှိပါသည်

ရဲမင်းထိုက် (ရေးမြို့)

ရာမည
သာစွမှုန်ဌာနေ
ဖွဲ့စည်းပုံဥပဒေသစ်
ဆန္ဒဖြင့်တည်ပြုလို့
တို့ပြည်နယ်ပေါ်ခဲ့ပြီ
စည်းရုံးမှုညီ
တုမမီမာန်အပြည့်နှင့်
ဇာတိဂုဏ်အားကိုး
ဒူးထောက်ညွှံမခံ
နယ်ချဲ့ကိုတော်လှန်တဲ့
တို့မြန်လူမျိုး။

မွန်ရာမည
ဌာနတို့တိုင်းပြည်
တိုင်းခြားအကွာရာမပါဝင်တဲ့
ကိုယ်ပိုင်တွင်မြတ်စာပေ
ယဉ်ကျေးမှုမွန်အမွေ
လေ့လာစေဖိတ်ခေါ်ခြင်း
မြတ်စေတနာဝင်းဖြာလို့
မေတ္တာစိတ်ရင်း။

အသွဲ့အပျောင်း
နွဲ့နှောင်းတဲ့ဟန်ပန်
အလှမှာအယဉ်ဆင့်
ရိုးရာက,ဟန်
စည်းချက်ကမှန်ကန်
ပီယံနားဝင်တေး
ကမ္ဘာကပင်လက်ဖျားတွဲ့,တယ်
မတုဝံ့နိုင်သေး။

ရိုးရာစရိုက်
ဦးခိုက်စို့,လျော်ညီ
စောင့်ထိန်းကာချစ်မြတ်နိုး
တို့လူမျိုးဂုဏ်ရည်
မွန်ဝတ်စုံတို့ဝတ်ဆင်ပြီ
ဘိုးစဉ်ဘောင်ဆက်
ရိုးရိုးနဲ့ယဉ်ပါပေတယ်
ရိုးရာအသွင်မပျက်။

(တို့ကောန်ဂကူမန်)
တို့မြန်အတွက်ရောက်ပြီ
တို့တာဝန်တို့သယ်ပိုး
ကောင်းကျိုးအတွက်အားမာန်ချီ
အချိန်တော့တန်ပြီ
ထိန်းသိမ်းမည်မွန်အမွေအနှစ်
ရွှေဟသ်ာတောင်ပံဝင့်အောင်
နေအဆင်းပမာ ရောင်ပြန်တင့်စေဖို့
တို့မြန်ဂုဏ်ခင့်။



## ရာဇာဓိရာဇ် စိတ်ဓာတ်

**တက္ကသိုလ် မင်းယဉ်ကျော့**

ဟိုးတကြိမ်က
ပုသိမ်,မြောင်းမြ ပူးပေါင်းကြလျက်
နှစ်ဘက်စစ်သည်
ညှပ်တိုက်မည်သတင်း
မွှေးပျံ့သင်းလာသောအခါဝယ်....။

ရာဇာဓိရာဇ် မွန်ဓိပတိလျှင်
အသိနှင့်ချိန် လဂွန်းအိမ်အား
စိတ်ထားမြှင့်ရန် ရည်စိတ်သန်၍
စိမ်ကျန ဒလသုဒ္ဓမာယာ
နန်းတောင်ညာကို ကိုယ်တိုင်သုံးလျက်
ရွှေကွမ်းခွက်ဖြင့်
ကွမ်းတော် ပို့ဆက်စေခဲ့သည်။

ရန်သူဘက်မှ လှေတက်များ၍
သက်စွန့်ဆံဖျား တိုက်ရန်များ၏
အလားအလာကောင်းဘိ အကျပ်အတည်းရှိချိန်
လဂွန်းအိမ်ကား စိမ်းအားပြယုဂ်
အဖြေထုတ်ရန် တွေးဆကြံလျက်
ကနက်အရှင် စစ်ဘုရင်ကို
မှန်ပင်အချစ်ပို စူးစမ်းလို၍
နာမကျန်းဟန် ပြုခဲ့သည်။

နံနက်မိုးသောက် အလင်းရောက်သော်
သွေးသောက်တပ်မှူး ဖြစ်ရပ်ထူးကို
စူးစမ်းကြမှ ယမန်ညက
ဒလသုဒ္ဓမာယာ ကွမ်းပို့လာစဉ်
ရင်ဝတ်တန်ဆာ လျှောကျရာမှ
အာရုံတွယ်ငြိ တပ်မက်မိ၍
ထက်မြက်သောဓား သံချေးစားသို့
ဓား၏အရှင် အောင်ပွဲဝင်ရန်
ပြုပြင်သံချေး ပွတ်တိုက်ပေးမှ
တိုက်ပွဲကြေန် အမှန်အောင်မည်
သံတော်ဦးတင်စေတော့သည်။

အမတ်ဒိန်နှင့် သမိန်ဗြဲနွ
လျှောက်သမျှကို နားဆင်ထလျက်
အမျက်မယူ ပြုံးတော်မူပြီး
ကြည်ဖြူစိတ်အလို အချစ်ပို၍
တပ်ဗိုလ်မှူးနိန် လဂွန်းအိမ်သို့
မချို့မိဖုရား ပို့သနားသည်
မြင့်မားစိတ်ဓာတ် ပိုင်ရှင်တည်း။ ။



## သွေးချင်းများ၏ သမိုင်းမှတ်တိုင်

**မိလေးမွန်**

ငါတို့မြန်မာပြည် ညီနောင်သားရင်း
သွေးချင်းများတို့ စွမ်းအားစုရုံး
စည်းလုံးလက်တွဲ မခွဲတူညီ
ခိုင်ကျည်စိတ်ဓာတ် ဖြောင့်မတ်မှန်သည်
မေတ္တာရည်၍ ကြည်သာရွှင်မွေ့
ဓလေ့ရိုးရာ ဖျူငှာဖော်ရွေ
စေတနာသဘော မနောဖြူစင်
ချစ်ကြင်ရင်းနှီး သွေးစည်းခဲ့ကြ
သမိုင်းကသက်သေတည်။

တနေ့သောခါ ပြည်မြန်မာသို့
မဟာဖက်ဆစ် နယ်ချဲ့စစ်တို့
စနစ်ဖောက်လွှဲ သွေးရောင်ခွဲကာ
မြန်မာပြည်ထဲ တသဲသဲရောက်
ကွန်းထောက်တပ်ခွဲ ရင်ဝခွဲသို့
ပိတ်ဆို့မွှေလှန် သယံဇာတ
ကြွယ်ဝရေနံ ပြည်ကျောက်သံနှင့်
ဆန်ရေစပါး ကျွန်းသစ်များကို
လက်ဝါးကြီးအုပ် သွေးစုပ်ခြယ်လှယ်
အဆီကိုစား အသားလည်းမျိုကာ
လယ်ယာ,မြစ်ကြောင်း သွေးချောင်းစီးရ
ရွာမှတေးသံ တိတ်ဆိတ်ညံလျက်
ပျက်စီးပဲ့ယောင်း ဘုရားတန်ဆောင်းတို့
မှောက်လှန်ကွာကျ ဆေးစပဲ့ကွာ
သဒ်ါရနှင့် သားနှစ်မြေးဆုံး
မြေယာဖြုန်းကာ လူလုံးမလှ
ဒုက္ခနွံ့နစ် ကျွန်အဖြစ်မှ
လွတ်ရဖို့တွေး အရေးကြီးက
သွေးနီးကြတဲ့ မွန်ဟဲ့ မြန်မာ
ကယား,ကရင် ကရင်,ချင်းနှင့်
တအူထုံ့ဆင်း ညီရင်းတမျှ
ဝ,ရှမ်း,ရခိုင်တို့ အနိုင်မခံ
မျိုးမာန်မချ သွေးစည်းကြခဲ့
နယ်ချဲ့ဖက်ဆစ် ကျူးကျော်စစ်ကို
အမြစ်မကျန် ဓားလှံလက်နက်
ကိုင်ဆွဲထွက်လို့ တလက်မ မချန်
ဖက်ဆစ်ရန်မှ တွန်းလှန်တိုက်ထုတ်
ထိုပြယုဂ်ကား သွေးချင်းများနှဲ့
တွဲလက်ခိုင်ခိုင် သမိုင်းမှတ်တိုင်ပေတကား။ ။

၈/မော်လမြိုင် ဒီဂရီကောလိပ်

# မွန်စာပေဦးတည်ချက်

အရာဝတ္ထုသည် တခုနှင့်တခု အပ်စပ်ပြီး အပြန်အလှန် အကျိုးပြုလျက် ရှိကြသည်။ ပျက်စီးမှုရှိသလို တိုးတက်မှုများလည်း ရှိကြလေသည်။

သမိုင်းဆိုသည်မှာ ဘဝပြောင်းလဲနေသော ဖြစ်စဉ်အပိုင်းနှင့်သာ သက်ဆိုင်လေသည်။ သမိုင်းကိုသိရှိအောင်လုပ်ခြင်း၊ စူးစမ်းတီထွင်ခြင်းသည်သာ သိပ္ပံနည်းပညာအမြင်ဖြစ်ပေသည်။

မွန်အမျိုးသား သမိုင်းစဉ်သည် ရှည်လျားပါသည်။ စာပေ သက်တမ်းသည်လည်း ရာစုနှစ်ပေါင်းများစွာကို ဖြတ်ကျော်လာခဲ့ပြီးဖြစ်လေသည်။

နိုင်ငံတကာ လူမျိုးအသီးသီးတို့၏ စာပေအတွင်းသို့ ကမ္ဘာ့ လူသားတို့၏ အကြီးဆုံးအောင်ပွဲကြီးက ပဲ့တင်ရိုက်ခတ်သဖြင့် ယင်းစာပေအသီးသီးတို့၏ လှုပ်ရှားပြောင်းလဲမှုများသည် အသစ်အသစ်ဖြစ်ပေါ်လာခဲ့ကြပေသည်။

ယင်းအောင်ပွဲကြီး၏ သြဇာသည် မွန်အမျိုးသားစာပေအတွင်းသို့ ချင်းနင်းလာသောကြောင့် မွန်အမျိုးသားစာပေသည် နွမ်းလျသော စာပေအမျိုးအစားမဟုတ်တော့ဘဲ ဖူးပွင့်လန်းဆန်းလာရမည့် စာပေအမျိုးအစားအသစ် ဖြစ်လာရပေမည်။

ကမ္ဘာ့လူသားတရပ်လုံး၏ အောင်ပွဲကြီးသုံးရပ်ရှိခဲ့လေသည်။ ထိုအောင်ပွဲကြီးသည် လူလောက သမိုင်းစဉ်တွင် တမူထူးခြားပြီး အဓွန့်ရှည်စွာ တည်တံ့မည့် အောင်ပွဲကြီး ဖြစ်နိုင်လေသည်။

ပထမအောင်ပွဲသည် ၁၉၁၇ ခုနှစ်၊ ရုရှားပြည်တွင် ဖြစ်ပေါ်ခဲ့သော မဟာအောက်တိုဘာ ဆိုရှယ်လစ် တော်လှန်ရေးဖြစ်ပေသည်။

ဒုတိယအောင်ပွဲသည် ကမ္ဘာ့ပြည်သူများက ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲကြီးတွင် အောင်ပွဲသရဖူကို ရရှိခဲ့သည့် မဟာအောင်မြင်ချက်ဖြစ်ပေသည်။

တတိယအောင်ပွဲသည် ကမ္ဘာကြီးတွင် ဆိုရှယ်လစ်စနစ်သည် စနစ်တရပ်အဖြစ်ဖြင့် ရပ်တည်နိုင်ပြီးသည့်အပြင် အရေးသာသော ချိန်ခွင်လျှာဘက်သို့ ရောက်ရှိခဲ့သည့် အနေအထားကြီးပင် ဖြစ်သည်။



ယင်းအောင်ပွဲကြီး၏ အကျိုး သက်ရောက်မှုမှာ လူတဦးက တဦးအပေါ် ခြယ်လှယ်လွှမ်းမိုးမှု၊ လူတန်းစားတရပ်က အခြားလူတန်းစားအပေါ်ခြယ်လှယ်လွှမ်းမိုးမှုနှင့် လူမျိုးတမျိုးက အခြား လူမျိုးတမျိုးအပေါ် ခြယ်လှယ်လွှမ်းမိုးမှုများသည် ချုပ်ငြိမ်း၍အဆုံးသတ်လွတ်မြောက်ရေးဆီသို့ ပို့ဆောင်ပေးပေသည်။

စာပေသည် လူ့အဖွဲ့အစည်းအတွင်း၌သာ တည်ရှိနိုင်သည်။ လူ့အဖွဲ့အစည်းတရပ်ရပ်နှင့် သီးခြား ကင်းလွတ်သော စာပေဟူ၍ မရှိနိုင်ပေ။

ပဒေသရာဇ် လူတန်းစားသည် ယင်းလူတန်းစားကို ကိုယ်စားပြုသော စာပေကို ဖန်တီးထုတ်လုပ်သည်။ အရင်းရှင် လူတန်းစားသည်လည်း ယင်းလူတန်းစားကို အလုပ်အကျွေးပြုရန် စာပေကို လက်နက်သဖွယ် အသုံးပြုကြသည်။

အလုပ်သမား လူတန်းစားသည် မိမိဘဝ လွတ်မြောက်ရန်၊ တည်တံ့ရန်၊ ကြီးပွားတိုးတက်ရန်အတွက် စာပေကို တိုက်ခိုက်ရေး၊ တည်ဆောက်ရေး၊ စည်းရုံးရေးအတွက် 'ဒိုင်း' သဖွယ် ပြုလုပ်ကြလေသည်။ ထို့ကြောင့် စာပေသည် မိမိလူတန်းစားကိုယ်စားပြုရာ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစနစ်တို့ တည်တံ့နိုင်ရေးအတွက် လှုံ့ဆော်သော ကိရိယာဖြစ်ပေသည်။

မွန် အမျိုးသားစာပေသမိုင်းကို လေ့လာရာတွင် ကာလကြီး ၃ ရပ် ပိုင်းခြား၍ ဖော်ပြနိုင်ပါသည်။ ပထမကာလသည် အေဒီ ၆ ရာစု အကုန် ၇ ရာစု, အစပိုင်းတွင် ယိုးဒယားပြည် ဖရပတုံအရပ်နှင့် ရန်ကုန်မြို့ ဇိုလ်တထောင်ဘုရားတွင် တွေ့ရှိသော ကျောက်စာ။ အေဒီ ၈ ရာစုတွင် ယိုးဒယားပြည် လေ့ပူရီအရပ်၌ တွေ့ရှိရသည့် ကျောက်စာ။ တဖန် ၁၁ ရာစု မနုဟာမင်းလက်ထက်ရေးထိုးသော သထုံတွင်တွေ့ရသည့် ကျောက်စာနှင့် မရှေးမနှောင်း ပုဂံတွင် ကျန်စစ်သားမင်း လက်ထက် ရေးထိုးသော ကျောက်စာတို့သည် ရှေးဟောင်းခေတ် မွန်စာပေပင် ဖြစ်လေသည်။

ဒုတိယကာလသည် ၁၄၊ ၁၅ ရာစု ရာဇာဓိရာဇ်၊ ရှင်စောပု၊ ဓမ္မစေတီမင်းတို့၏လက်ထက်တွင် ရေးထိုးသော မွန်ကျောက်စာတို့သည် အလယ်ခေတ် မွန်စာပေဖြစ်လေသည်။

တတိယကာလ ၁၆ ရာစု ကုန်းဘောင်ခေတ်မှစ၍ ယနေ့ကာလတိုင်အောင် ပေစာများနှင့် စာအုပ်များတွင် တွေ့ရှိရသော နောက်ဆုံးခေတ် မွန်စာပေဟု သုံးသပ်နိုင်လေသည်။

မွန်စာပေနှင့်မြန်မာ့အမျိုးသားစာပေတို့သည် တဆရာတည်း၏ တပည့်များကဲ့သို့ ဗုဒ္ဓဘာသာစာပေ ရေအလျဉ်ကြောတွင် မျောပါလာကြသော စာပေဟု သတ်မှတ်လျှင် မှားနိုင်မည် မဟုတ်ပါပေ။

ကိုလိုနီအုပ်ချုပ်ရေး စ,သည့်ကာလမှ ၁၉၂၀ ပြည့်နှစ် ကျောင်းသား သပိတ်အထိ ပြည်သူ့အကျိုးကို ဖြစ်စေသော စာပေသည် မရှိသလောက် ရှားပါးပါသည်။

မြန်မာနိုင်ငံ၏သမိုင်းစဉ်၊ မွန်လူမျိုးတို့၏သမိုင်းစဉ်ကို ဖော်ပြနေရခြင်းသည် အတိဓမ္မာဆရာတဦးဖြစ်သော 'ဂျော့စန်တယာနာ' ပြောကြားခဲ့သော စကားရပ်နှင့် အဓိပ္ပာယ်ကို ဖော်ပြလိုပါသည်။

'ကိုယ့်နိုင်ငံ၏သမိုင်းကို ဖတ်ရှုလေ့လာရမှန်းမသိသော လူမျိုးသည် အတိတ်က ကျူးလွန်ခဲ့ပြီးသော အမှားအယွင်းများကို ထပ်မံ ကျူးလွန်ခြင်း ပြုရန်အတွက် ကြမ္မာငင်လျက်ရှိပေလိမ့်မည်။'

ကိုယ့်လူမျိုး သမိုင်းကို မှန်ကန်စွာ အကဲ မဖြတ်တတ်လျှင် ယင်းလူမျိုးတို့၏ ပစ္စုပ္ပန်အလုပ်သည် အိပ်မက်အရ သိုက်တူးသလို ဖြစ်နေချေမည်။ ကိုယ့်လူမျိုး အစဉ်အလာကောင်းများ၊ ကောင်းမြတ်သော အမျိုးသားရေးစိတ်ဓာတ် ဇာတိမာန်နှင့် ကိုယ့်ကိုကိုယ် အားကိုးသော စိတ်ဓာတ်များ လျော့ပါးပျက်ပြားကာ အနာဂတ်မျှော်မှန်းချက်တို့သည် သိုက်စာအရ သိုက်တူးသကဲ့သို့ အချည်းအနှီး ကြိုး

ပမ်းမှုများသာ ဖြစ်စေနိုင်မည်မှာ သေချာပါသည်။

တဆက်တည်းတွင် နိုင်ငံခြားပညာရှင်များ အဆိုအမိန့်များ၊ စာအုပ်ကြီးများကို အမိအရဖက်တွယ်ပြီး သံကုန်ဟစ်ကာ ပကတိအနေအထား၊ အခြေအနေတို့နှင့် တလွဲတချော် လုပ်ကြမည်မှာ မလွဲသေချာပါသည်။

စစ်ကြိုခေတ် ၁၉၃၈ ခုနှစ်မှစ၍ မွန်အမျိုးသားတဦးဖြစ်သော ဦးကြုံ ခေါင်းဆောင်သည့် ရာမညတိုင်းလုံးဆိုင်ရာ မွန်အသင်းကြီး ပေါ်ထွက်လာခဲ့ပါသည်။ မွန်စာပေနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မှု တာဝန်ကို ထမ်းဆောင်လာမှု၏ အကျိုးဆက် အဖြစ် စစ်ပြီးကာလနောက်ပိုင်းတွင် မွန်အမျိုးသားစာပေသည် ဘဝအတွေ့အကြုံအရ နိုးကြားလာပါသည်။ စာပေပြန့်ပွားရေး၊ ခေတ်မီတိုးတက်ရေးအတွက် တာစူလာကြပေသည်။

ယင်းသို့အောင်မြင်နိုင်ရေးအတွက်မွန်အမျိုးသား စာပေသဘောတရား၊ စာပေသမိုင်း၊ စာပေဦးတည်ချက်များကို လေ့လာရမည်၊ စူးစမ်းရမည်၊ သဘောထားချမှတ်ထားရမည့် တာဝန်ကို မွန်အမျိုးသား ညီညွတ်ရေး ယာဉ်ရထားကြီးဖြင့် သယ်ဆောင်သွားမှသာ ဖြစ်မြောက် နိုင်မည် ဖြစ်သည်။

စာပေသည် လူတန်းစားအမျိုးမျိုးပေါင်းစပ်ဖွဲ့စည်းထားသော လူ့အဖွဲ့အစည်းတွင် လူဘန်းစားအားလုံးအကျိုးကို တပြိုင်တည်းဆောင်ယူသော စာပေမျိုး မရှိနိုင်ပေ။

အလုပ်သမားလူတန်းစား စာပေသည် အရင်းရှင်လူတန်းစား စာပေကို အစမှအဆုံး ဆန့်ကျင်တိုက်ဖျက်သည်။ အရင်းရှင်လူတန်းစား ဖိနှိပ်မှု၊ ကျွန်ပြုမှုခံရသည့် ဘဝကို လွတ်မြောက်စေရန်အတွက် ဆုံးခန်းတိုင်အောင် စာပေလက်နက်ဖြင့် တိုက်ခိုက် ရှင်းလင်းဖယ်ရှားပေးသည်။

အရင်းရှင်လူတန်းစား စာပေသည် အရင်းရှင်လူတန်းစား အကျိုးကို ကာကွယ်

---

**မွန်အမျိုးသား သမိုင်းစဉ်သည် ရှည်လျားပါသည်။ စာပေသက်တမ်းသည်လည်း ရာစုနှစ်ပေါင်း များစွာကို ဖြတ်ကျော်လာခဲ့ပြီး ဖြစ်လေသည်။**

---

စောင့်ရှောက်ပြီး အလုပ်သမားလူတန်းစား အကျိုးစီးပွားကို ဆန့်ကျင်သည်။

ထို့ကြောင့် စာပေသည် ကြားနေရေးဆိုသည့် အစိပ္ပာယ်မပေါ်၊ စာပေသည် စာပေသက်သက်ဟူ၍ မရှိနိုင်။

မွန်အမျိုးသားစာပေသည် လူတစုအတွက် အကျိုးပြုမည်လော၊ လူများစုဖြစ်သော အလုပ်သမား၊ လယ်သမား၊ မြို့နေဆင်းရဲသား၊ ဗျပ်ထိုးဈေးသည်၊ စာရေးစာချီ၊အခြားကာယဉာဏဖြင့် အရင်းပြုရသော လုပ်သားပြည်သူများ၏ အကျိုးကို ဆောင်မည်လော။

စာပေတွင် ၄ မျိုး ၄ စား ရှိပါသည်။

၁။ ခေတ်နောက်ပြန်ဆွဲသောစာပေ၊
၂။ အမြင်သစ် အရင်းရှင်စာပေ၊
၃။ သရုပ်ဖော်စာပေ၊
၄။ ပြည်သူ့တော်လှန်ရေးစာပေ၊

၁။ ခေတ်နောက်ပြန်ဆွဲသော စာပေသည် ပဒေသရာဇ်လူ့ဆက်ဆံရေး (ခြယ်လှယ်ခေါင်းပုံဖြတ်မှုများ) နယ်ချဲ့စနစ်လွှမ်းမိုးခြယ်လှယ်မှုများနှင့် ဗျူရိုကရေစီ အုပ်ချုပ်မှုများကို သွယ်ဝိုက်၍တဖုံ၊ တိုက်ရိုက်တမျိုးဖြင့် ထောက်ခံရေးသားခြင်း၊ ပြည်သူတို့၏ နိုးကြားတော်လှန် တက်ကြွမှုများကို ချိုးနှိမ်၍ ဖြက်ရယ်ပြုခြင်း၊ ပြည်



သူတို့၏ အကျင့်ပျက်စေမှုများကို အသားပေးခြင်း၊ သိုက်တဘောင်၊ ဗေဒင်၊ အင်းအိုင်၊ လက်ဖွဲ့ စသည်တို့တွင် မိန်းမောတွေဝေအောင် မှိုင်းတိုက်ပေးခြင်းတို့ကို ဖော်ညွှန်းထားပေသည်။ ယင်းစာပေသည် ပြည်သူ့တော်လှန်ရေး စာပေနှင့် တိုက်ရိုက်ဆန့်ကျင်သည်။

၂။ အမြင်သစ် အရင်းရှင်စာပေသည် လူ့အဖွဲ့အစည်း၏ အတတ်ပညာရှင်အပေါ်အဝင် မနေရှင်ပေါက်စများနှင့် အမျိုးသားမနေရှင် အကျိုးစီးပွားအတွက် ရေးသားကြပေသည်။ ယင်းစာပေသည် သိပ္ပံနည်းမဆန်သော အကြောင်းအရာများနှင့် ပုံသဏ္ဌာန်များကို ဖယ်ရှားပြီး သစ်လွင်သော အတွေးအခေါ်၊ အတွေးအမြင်တို့ဖြင့် ရေးသားခြင်းများကို ဆိုလိုပါသည်။

မြန်မာနိုင်ငံ၏ သမိုင်းစဉ်၊ မွန်လူမျိုးတို့၏ သမိုင်းစဉ်ကို ဖော်ပြနေရခြင်းသည် အဘိဓမ္မာဆရာတဦး ဖြစ်သော 'ဂျော့စန်တယာနာ' ပြောကြားခဲ့သော စကားရပ်နှင့် အဓိပ္ပာယ်ကို ဖော်ပြလိုပါသည်။

အမြင်သစ်အရင်းရှင်စာပေသည် မျက်နှာနှစ်ဘက် ပြလေသည်။ အခါခပ်သိမ်း၌ ပြည်သူဘက်တွင် ရပ်တည်နေခြင်းမဟုတ်ပဲ ရံဖန်ရံခါများတွင် ခေတ်နောက်ပြန်ဆွဲသော စာပေအတွင်းသို့ သက်ဆင်းခဲ့သည်လည်း ရှိတတ်ပါသည်။ သို့ရာတွင် ပြည်သူ့တော်လှန်ရေးစာပေ ဖြစ်မြောက်ရေးအတွက် ခေတ်နောက်ကျသောစာပေကို တိုက်ဖျက်ရာတွင် တွန်းအား ဖြစ်စေပါသည်။

၃။ သရုပ်ဖော်စာပေ သည်ပြည်သူတို့၏ ကျန်းမာပျော်ရွှင်မှု၊ ကြေကွဲမှုဒုက္ခရုံ၊ အနိုင်ရုံ ခံစားမှုများကို အမြင် အမြင်အတိုင်း၊ အကြား အကြားအတိုင်း ဖော်ပြခြင်း၊ ပြည်သူတို့၏ စည်းလုံးသောခွန်အား စိုက်ထုတ်မှုများ၊ ပြည်သူဘဝအတွက် စာနာထောက်ထားမှုများကို ဖော်ပြခြင်း ဖြစ်ပေရာ ပြည်သူတို့၏ နိုးကြားတက်ကြွမှု အဝဝကို ပြက်ရယ်ပြုသော စာပေနှင့် လုံးဝ ခြားနားသည်။

သရုပ်ဖော်စာပေသည် ပြည်သူတို့ဘဝအတွက် သရုပ်မှန် ဖော်ပြနေရုံဖြင့် မပြီးပဲ ပြည်သူ့ဘဝ ပြုပြင်ပြောင်းလဲ တိုးတက်ဖွံ့ဖြိုး ဝေဆာလာရေးအတွက် လှုံ့ဆော်ပေးသော တာဝန်ကို မမှိတ်မသုန် ထမ်းဆောင်ရပေမည်။

၄။ ပြည်သူ့တော်လှန်ရေး စာပေသည် လူ့အဖွဲ့အစည်းတွင် ခြယ်လှယ်ခေါင်းပုံဖြတ်မှု စနစ်ဆိုးများကို ဖယ်ရှား၍ ပြည်သူများလွတ်မြောက်အောင် ကြိုးပမ်းသော စာပေ ဖြစ်သည်။ ဤစနစ်ဆိုးမှ လွတ်မြောက်စေရန်အတွက် အမြင်သစ် အရင်းရှင်စာပေကို ပြည်သူ့အကျိုးပြုမှုများ အသားပေးဖော်ပြစေရန် ပြည်သူ့တော်လှန်ရေးစာပေသည် ညင်သာသောဆွဲဆောင်မှုများဖြင့် လုံ့လပြုရပေမည်။

သရုပ်ဖော်စာပေနှင့် ပြည်သူ့တော်လှန်ရေး စာပေတို့သည် အပြန်အလှန် အကျိုးပြုကြယင်း ခိုင်ခိုင်မြဲမြဲ ပူးပေါင်း၍ ပြည်သူ့တော်လှန်ရေး ခိုင်မာကြီးထွားကျယ်ပြန့်လာစေအောင်သယ်ဆောင်သွားသောတာဝန်သည် စာပေဦးတည်ချက်ပင်ဖြစ်ပေသည်။

မွန်အမျိုးသားစာပေသည် လှုပ်ရှားလာပြီး ရှေ့သို့ တူရှုပြုလျက်ရှိနေပေသေးသည်။ မွန်အမျိုးသား စာပေသမိုင်း၊ စာပေသဘောတရား၊ စာပေဦးတည်ချက်များ ခိုင်ခိုင်မာမာပြုစုပျိုးထောင်မှုမပါပဲ ခရီးနှင်ကြပါမူ ခြေဦးတည့်ရာ၊ ရောက်တတ်ရာရာ ထွက်ပေါက်မရသော ဝက်ပါထဲသို့ ရောက်နေသောစာပေမျိုး ဖြစ်တတ်သည်။ အကျိုးဆက်မှာ ဘေးအန္တရာယ်များလှပြီး အနာဂတ် မွန်အမျိုးသားစာပေ၏ ဖြစ်တင် ရှုတ်ချမှုများ၊ ပြက်ရယ်ပြုမှုများနှင့် ကြုံတွေ့ရမည်ဖြစ်၏။

၂၀ ရာစု ယခုခေတ်သည် နိုင်ငံတကာလူမျိုးအသီးသီးတို့၏ စာပေနှင့်ယဉ်ကျေးမှုများမှာ ကျယ်ပြန့်စွာ လှုပ်ရှားနေပါသည်။ မိနစ်ပိုင်းအမျ၊နာရီပိုင်းအမျ တိုင်းပြည်အသီးသီးကို ထိုးဖောက် ဝင်ရောက်နေကြပေသည်။ ဤလိုခေတ်အခါမျိုးတွင် မွန်အမျိုးသားစာပေနှင့် ယဉ်ကျေးမှုသည် ဦးတည်ချက်မှုမှန်ခိုင်မာသော အကြောင်းအရာနှင့် ပုံသဏ္ဌာန်များ ချမှတ်ထားမှုကင်းမဲ့နေလျှင် မည်မျှ အန္တရာယ်များကြောင်းကို အကဲခတ်နိုင်ပါသည်။

မွန်အမျိုးသားစာပေသမိုင်းသည် မွန်အမျိုးသားတို့၏ ဘဝပြောင်းလဲမှု ဖြစ်စဉ်သာ ဖြစ်သည်။ မိမိ စာပေသမိုင်းကို သိရှိအောင်လုပ်ပြီး စူးစမ်း ရှာဖွေခြင်းသည်သာ သိပ္ပံနည်းပညာဖြစ်၍ ပစ္စုပ္ပန် မွန်အမျိုးသားစာပေတာဝန်ကိုညီညွတ်သောယာဉ်ရထားကြီးဖြင့် မောင်းနှင်ခရီးဆက်ကြမှသာ တာဝန်ကို ကျေပွန်နိုင်မည် ဖြစ်ပေသည်။ ။

နိုင်ထွန်းသိန်း

# မွန်ကဏ္ဍ၏ နိဒါန်း အဖွင့်

## ရဲမင်းထိုက်

မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းစုံ နေထိုင်သော နိုင်ငံတနိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသား စည်းရုံးညီညွတ်ရေးနှင့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် တည်တံ့ခိုင်မြဲရေးအတွက် သမိုင်းပေးတာဝန် (မွေးရာပါ တာဝန်)အဖြစ် စောင့်ရှောက်ထိန်းသိမ်းရမည် ဖြစ်ပေသည်။

အတိတ်သမိုင်းကို လှန်လှောကြည့်ရလျှင် မွန်တည်းဟူသော လူမျိုးစုကြီးသည်အရှေ့အလယ်ပိုင်းမွန်ဂိုကုန်းမြေမြင့်ကြီးမှအခြေအနေ၊ အချိန်အခါအလျောက် မြန်မာနိုင်ငံအတွင်းသို့ ချင်းနင်းဝင်ရောက်ကာ ရေကြည်ရာ မြက်နုရာတွင် ရှာဖွေနေထိုင်လာကြသည်။ ယင်းတို့သည် မွန်ဂိုအုပ်စုကြီး ၃ စုမှ ဆင်းသက်လာသည့်အလျောက် သွေးသားရင်းချာများ ဖြစ်သည်နှင့်အညီ ရင်းရင်းနှီးနှီးချစ်ခင်စွာ နေထိုင်လာကြသည်။

ယင်းသို့ ကာလကြာမြင့်စွာ နေထိုင်လာကြပြီးနောက် မြန်မာနိုင်ငံ၌ ဂိုဏ်းဂဏများ၊ တရားသော ဒါများ ပေါ်ပေါက်လာသဖြင့်တိုင်းရင်းသားတို့သည်နွားကွဲလျှင်ကျားဆွဲမည့်အခြေအနေသို့ယိုင်လဲစပြုလာသည်။ ယင်းပြင် လက်နက်အားကိုးဖြင့် မြန်မာနိုင်ငံကို အတင်းအဓမ္မသိမ်းယူပြီး တိုင်းရင်းသားတို့အား လက်တွဲပြုတ်အောင်၊ သွေးစည်းမှုပျက်ပြားအောင် ကြိုးပမ်းလာကြသည်။ ယင်းသို့ ဖြစ်ပျက်လာသည့် အခြေအနေဆိုးများ ဆန့်ကျင်၍ တရားမျှတမှု၊ ဖြဟ္မာစိုရ်တရားထွန်းကားမှု ရှိလာစေရန်မှားယွင်းလာသည့် အယူအဆ သံသယ စိတ်နေသဘောထား၊ အမြုအမူကို ပယ်ဖျက်၍ အုံကြွနေသည့်အခြေအနေကို ထိန်းချုပ်

သည့်အနေဖြင့် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် မြန်မာနိုင်ငံအား အာဏာသိမ်းကာ ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေးတရပ်ကို ဆင်နွှဲလိုက်လေသည်။

ဆိုရှယ်လစ်နိုင်ငံတော်ထူထောင်မှုကြောင့် မြန်မာနိုင်ငံသည် သမိုင်းရေးအရ ထူးခြားလာတော့သည်။ ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေး ၁၀ နှစ်တာခရီး ကုန်လွန်ပြီးသည့်နောက်ပိုင်းတွင် လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးများ တိုးတက်ပြောင်းလဲလာသည်နှင့်အညီ အနာဂတ်ကို ဦးဆောင်ပြုမည့် လမ်းစဉ်ပါတီကို အမြုတေပါတီမှ ပြည်သူ့ပါတီသို့ ပြောင်းလဲဖွဲ့စည်းနိုင်ခဲ့လေသည်။ ယင်းအပြင် ပထမအကြိမ်ပါတီညီလာခံမှ ဒီမိုကရေစီဖွဲ့စည်းအုပ်ချုပ်ပုံကို တင်ပြလာနိုင်သဖြင့် ပြည်သူ့ထံ အကြံဉာဏ်တောင်းယူ၍ ပြည်သူတွေကိုယ်တိုင် ရေးဆွဲအတည်ပြုစေသည့် နိုင်ငံတော်ဖွဲ့စည်းပုံဥပဒေကို ပြည်သူ့ဆန္ဒဖြင့် အတည်ပြုချက် ရယူစေခဲ့သည့်အပြင် နိုင်ငံတော်ဖွဲ့စည်းခြင်းကဏ္ဍ၌လည်း နိုင်ငံတော်ဖွဲ့စည်းရာတွင် ဗဟိုက ဦးစီးဦးဆောင်ပြုသည့်ဒေသအလိုက် ကိုယ်တိုင် စီမံဆောင်ရွက်စေသောစနစ်ကို ကျင့်သုံးကာ ပုဒ်မ(၃၀)၊ အပုဒ်(ဃ)အရ တနင်္သာရီတိုင်း ၁ ကိုမွန်ပြည်နယ်ဟု သတ်မှတ်ခဲ့သည့်အလျောက် ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှစ၍ မွန်ပြည်နယ် ပေါ်ထွန်းလာခဲ့သည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံနှင့်အတူ ပေါ်ပေါက်လာသော မွန်ပြည်နယ်သည် ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် မုတ္တမပင်လယ်ကြားတွင်တည်ရှိကာ ၄၇၄၇.၈ စတုရန်းမိုင်၊ ၃၀၃၈၅၆၄ ဧကကျယ်ဝန်း၍ မြေမျက်နှာပြင်အားဖြင့် ကျဉ်းမြောင်းသော ပင်လယ်ကမ်းမြောင်ဒေသအရှည် မိုင် ၂၀၀ ခန့်ရှိသည့် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်သည်။ မွန်ပြည်နယ်၏ ရာသီဥတုသည် အပူပိုင်းဇုံတွင် ကျရောက်သော်လည်း ပင်လယ်နှင့်နီးကပ်သဖြင့် အပူအအေးမျှတသည်။ ပြည်နယ်၏ ၅၈.၅ ရာခိုင်နှုန်းသည် သစ်တောဖြင့်ဖုံးလွှမ်းနေသည်။ စပါး၊ ကြက်ပေါင်စေး၊ ကြံအပြင် မြေပဲ၊ နှမ်းနှင့်အခြားသီးနှံမျိုးစုံကို စိုက်ပျိုးကြသည်။ မွန်ပြည်နယ်တွင် မြို့တော်သည် မော်လမြိုင်မြို့ဖြစ်၍ မြို့နယ်အားဖြင့် ၁၀ မြို့နယ်ဖြင့်ပါဝင်ဖွဲ့စည်းထားကာဒေသတခုနှင့်တခုအား လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းအားဖြင့် အနေအထားအလိုက် သွားလာနိုင်သည်။ လူဦးရေမှာ ၁၉၇၃ ခုနှစ်၊ သန်းခေါင်စာရင်းထုတ်ပြန်မှုအရ ၁၂၇၄၁၁၉ ယောက်ရှိကာ အနာဂတ်လူငယ်များ ပညာသင်ကြားနိုင်ရန် ကောလိပ်ကျောင်း၊ အထက်တန်းကျောင်းအပြင် အလယ်တန်းကျောင်း၊ မူလတန်းကျောင်းနှင့် မူလတန်းကြိုကျောင်းများ အများအပြား တည်ဆောက်ထားပါသည်။

မွန်ပြည်နယ်တွင် မွန်လူမျိုးအပါအဝင် ကရင်၊ ရှမ်းနှင့် အခြားတိုင်းရင်းသားများ နေထိုင်လာကြကာ တိုင်းရင်းသားတို့တွင် သာသနာရေး၊ ဒေသစွဲ၊ လူတန်းစား၊ လူမျိုးရေးအပြင် တောင်ပေါ်မြေပြန့်ကွဲပြားမှုကြောင့် ယင်းတို့တွင် ချစ်ခင်မြတ်နိုးသည့် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာသည်လည်း ကွဲပြားကြလေသည့်နည်းတူ မွန်တည်းဟူသော လူမျိုးစုတွင် အပေါ်လွင်ဆုံးဖြစ်သည်။

မွန်ကဏ္ဍတွင် (၁) မွန်စာပေ (၂) မွန်စကား (၃) မွန်ယဉ်ကျေးမှု (၄) မွန်ရိုးရာထုံးတမ်းဓလေ့ စသည်ဖြင့် ပါဝင်လေရာစာပေကဏ္ဍ၊ မွန်ကျောက်စာ၊ မွန်ပေစာနှင့်တကွ ကျိုက်သန်လန် စသည့် ဘုရားပုထိုးများ၊ ကျိုက်ထို၊ ကျိုက်မရော စသည့်မြို့များလည်း မွန်အမည်ဖြင့်ပင် သမိုင်းတွင်ရစ်နေသည်။ မွန်စာပေကဏ္ဍကို ဆန်းစစ်ရာတွင် မွန်စာပေသည် တိုင်းတပါးအက္ခရာမှ ဆင်းသက်လာသည် မဟုတ်ပဲ မိမိကိုယ်ပိုင်ဖြင့် တီထွင်ထားသည့် ကိုယ်ပိုင် စာပေ ဖြစ်သည်။ သို့ရာတွင် သက္ကရာဇ် ၂၄၀ နှစ်ကာလတွင် အာသောကမင်းတရားကြီး သာသနာပြုရန်အတွက် သီဟိုဠ်ကျွန်းမှ ယူဆောင်လာသော ပိဋကတ်စာပေသာလျှင် မွန်လူမျိုးစု၏ အပြစ်ပြောနိုင်စရာ ရှိသည်။

မွန်စာပေကို အစွဲပြု၍ စစ်မဖြစ်ခင်ကာလကပင် ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခြင်း၊ မွန်ပညာအုပ်များ ထားရှိခြင်းအပြင် စာသင်ကျောင်းကို အခြေအနေအလျောက် မနေနိုင်သောသူများအတွက် ဘုန်းတော်ကြီး ကျောင်းများတွင် လောကီ၊ လောကုတ္တရာစာပေနှင့်တွဲကာ မွန်စာပေကို သင်ယူကြသည်။ ထိုမျှပင်မကသေး။ သာသနာရေးဝန်ကြီးဌာနကလည်း မွန်ဘာသာပရိယတ္တိစာမေးပွဲကို ကျင်းပ ပြုလုပ်စေခဲ့သည်။ စစ်ဖြစ်ပြီး နောက်ပိုင်းမှသာ မွန်စာပေ မွေးမြှုန်စ ပြုလာလေသည်။

အတိတ်သမိုင်းစာမျက်နှာတွင် သထုံခေတ်၌တွင်မူကား ဒွါရဝတီ မွန်နိုင်ငံသည် အေဒီ ၁၀ ရာစုတွင် မွန်စာပေတိမ်မြုပ်ခဲ့သဖြင့် သုဓမ္မဝတီဘုမ္မိဟုခေါ်သော မွန်ပြည်နယ်သည် သုဝဏ္ဏဘုမ္မိ သထုံပြည်ဖြစ်လာသည်။

ပုဂံခေတ်တွင် မွန်စာပေကို ကျန်စစ်သား၊ အနော်ရထာမင်းတို့ကိုယ်တိုင်က အသုံးပြုစေကာ ကျန်စစ်သားမင်း၏ မြစေတီကျောက်စာသည် စာပေကဏ္ဍ၌ သက်သေထူနေသည်။

အင်းဝခေတ်တွင် မွန်စာပေသည် ထွန်းကားလာတော့သည်။ ယခုခေတ် မျက်မှောက်ကာလတွင် မွန်စာပေကို မွန်အများကသာ သိရတော့သည်။ ပေမူ၊ ပုရပိုက်မူများမှာ ကဗျာ လင်္ကာ အမြောက်အမြား ပါဝင်သည့်အပြင် ဗေဒကျမ်း၊ ဆေးကျမ်း၊ နိပါတ်တော်များလည်း မွန်စာပေတွင် ပါဝင်သေးသည်။ မျက်မှောက်ခေတ်မှ ပစ္စုပ္ပန်ကာလတွင် မွန်စာပေ ပိုမို ထွန်းကားနိုင်ဖွယ်ရာရှိတော့သည်။ အဘယ့်ကြောင့်ဆိုသော်....

(၁) ဆိုရှယ်လစ်စီးပွားရေးစနစ်ကို နိုင်ငံတော်စီးပွားရေးအဖြစ်လည်းကောင်း၊

(၂) ဆိုရှယ်လစ်ရည်မှန်းချက်ကို နိုင်ငံတော်ရည်မှန်းချက်အဖြစ်လည်းကောင်း အဆင့်ဆင့် ပြောင်းလဲလိုက်သည့် ဖွဲ့စည်းပုံဥပဒေတွင် ပုဒ်မ (၁၅၂) အပုဒ်ခွဲ(ခ)တွင် မြန်မာစာသည် အများသုံးစာဖြစ်သည်။ ကျန်တိုင်းရင်းသားစာကိုလည်း သင်ကြားခွင့်ရှိသည်ဟူ၍ တိုင်းရင်းသားအားလုံးအတွက် လမ်းဖွင့်ပေးမှုကြောင့်ဖြစ်သည်။ တိုင်းရင်းသားစာများကို သင်ကြားရန် ဤသို့ ပြဋ္ဌာန်းလာမှ မွန်ပြည်နယ်တွင် နေထိုင်လာကြသော မွန်ထုအတွက် မွန်စာပေကို လွတ်လပ်စွာ သင်ကြားခွင့်ရှိတော့သည်။

ယင်းသို့ အခွင့်အရေးကို ခံစားခွင့်ရှိနိုင်ရန် ဆောင်ရွက်ရန်မှာ မွန်ပြည်နယ်တွင် ရှိကြကုန်သော ကျောင်းများတွင် တိုင်းရင်းသားစာပေကို ကျောင်းစာမထိခိုက်စေပဲ သင်ကြားခြင်း၊ သက်ဆိုင်ရာခွင့်ပြုချက်တို့ဖြင့် စာပေသင်တန်း ဖွင့်လှစ်ခြင်းပင်ဖြစ်သည်။ သို့မှသာ တိုင်းရင်းသားအချင်းချင်း နားလည်မှု၊ လေးစားမှု၊ ချစ်ခင်မြတ်နိုးမှု၊ ညီညွတ်မှုတို့ကို တည်ဆောက်နိုင်မည်သာ ဖြစ်သည်။

ပုဒ်မ (၁၅၂)အပုဒ်ခွဲ(ခ)အရ မွန်ပြည်နယ် ရရှိပြီးသည်မှစ၍ မွန်မျိုးချစ်ပုဂ္ဂိုလ်တို့သည် မွန်ပြည်နယ် ဒေသအသီးသီးတို့တွင် မွန်စာပေသင်တန်း ဖွင့်လှစ်ခြင်းကို ဆောင်ရွက်သည့်အပြင်မွန်ပြည်နယ်တွင်သာမက ရန်ကုန်ကဲ့သို့ မွန်စာပေသင်တန်းဖွင့်လှစ်ကာ 'ရွှေဟင်္သာစာစဉ်' မွန်လက်ကမ်းစာစောင်ကိုပင် ထုတ်ဝေခဲ့သဖြင့် မွန်စာပေသည် ဆုတ်ယုတ်မသွားနိုင်တော့ပဲ တိုးတက်နိုင်ရန် ဆောင်ရွက်စရာပင်ဖြစ်သည်။

စာဟူသည် လူသားအားလုံး၏ လုပ်ရပ်အားလုံးကို မှတ်တမ်းတင်ထားသော အက္ခရာဖြစ်သည်။ ပညာမှာ သိမှု တတ်မှုသာဖြစ်သည်။ လူတို့၏ အတွေ့အကြုံနှင့် အသိဉာဏ်ဖြင့် ဆင်ခြင်ဆပွားရရှိထားသော တီထွင်ကြံဆမှုဖြစ်လေရာ မွန်စာပေတတ်မြောက်ရန်သင်ကြားရမည့်အလုပ်မှာ မွန်လူမျိုး၏တာဝန်ပင်ဖြစ်သည်။ယင်းပြင် စာပေဟူသည် ခေတ်၏ကြေးမုံပြင်ဖြစ်သည်။စနစ်သမိုင်းကို ထင်ဟပ်စေ၍ အတိတ် ပစ္စုပ္ပန်ကို ဆက်စပ်ပေးသည်။ လူမျိုးတမျိုး၏ စာပေ၌သာ တည်သည်။ မွန်လူမျိုးတယောက်မွန်စကားမတတ်ခြင်း၊ မွန်စာပေယဉ်ကျေးမှုကို မသိ နားမလည်ခြင်းသည် ကောင်းသောလက္ခဏာမဟုတ်ပေ။ အမျိုးသားဂုဏ်ကို မထောက်ညှာခြင်းဖြစ်သည်။ မိမိတို့၏ စာပေနှင့်ယဉ်ကျေးမှုတို့ကို မိမိတို့ကိုယ်တိုင်က မလိုက်နာမကျင့်သုံးခဲ့ပါလျှင် အဆိုပါ စာပေနှင့်ယဉ်ကျေးမှုတို့သည် တိမ်ကောပျောက်ကွယ်ရန် ရှိတော့သည်။

မွန်လူမျိုးတို့၌ စာပေနှင့်အတူ ယဉ်ကျေးမှုသည် အဓိကအခန်းကဏ္ဍမှပင် ပါဝင်နေသည်။ ယဉ်ကျေးမှုသည် လူသားတို့၏ အမွေအနှစ်ဖြစ်သည်။ အဓိပ္ပာယ် ကျယ်ဝန်းလှသော ယဉ်ကျေးမှုတွင်ကား ဘာသာယဉ်ကျေးမှု၊ လူ့ဘဝယဉ်ကျေးမှု၊ အသက်မွေးဝမ်းကျောင်းယဉ်ကျေးမှု စသည် စသည်တို့သည် သူ့နေရာနှင့်သူ ကိန်းအောင်းခိုဝင်နေသည်။ ဘာသာယဉ်ကျေးမှုတွင် မွန်တို့သည် ယင်းတို့နေထိုင်သည့် မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်သည့်အလျောက် ဗုဒ္ဓဘာသာ ကိုးကွယ်ကြသည်။ အချို့ဒေသအနည်းငယ်တွင်သာ မိမိတို့လာသော ဒေသကို အစွဲပြု၍ ဗုဒ္ဓသာသာကို ကိုးကွယ်သကဲ့သို့ နတ်ကိုကိုးကွယ်ကြလေသည်။

မွန်တို့တွင် ချီးမွမ်းထိုက်သော ယဉ်ကျေးမှုတခုကား ဗုဒ္ဓဘာသာနိုင်ငံတွင် နေထိုင်သည့်အလျောက် ရပ်ဝေးသို့ ခရီးသွား

၍ ဘုရားဖူးခြင်း၊ လမ်းပေါ်တွင် ရဟန်းသံဃာများ မြင်လျှင် လမ်းဖယ်ပေးခြင်း၊ ဖိနပ်ချွတ်ကာ အရိုအသေပေးခြင်း၊ ဥပုသ်ရက်များတွင် ဘုန်းကြီးကျောင်းများတွင် အိပ်စက်နားနေကာ တရားအားထုတ်ခြင်းဖြစ်သည်။

မွန်တို့၏ အခြေခံရာ လူမျိုးစုတို့သည် တူညီသော အသိမှ ရေမြေကောတောင် သဘာဝအခြေအနေအရ ကိုယ်ပိုင် ယဉ်ကျေးမှုကို စောင့်ရှောက်ထိန်းသိမ်းကြသည်။မွန်ရိုးရာဓလေ့ကဏ္ဍတွင် အပေါ်လွင်ဆုံးသည် အိမ်ထောင်သားမွေးလုပ်ငန်း၏ အခြေခံရာ လူပျိုလှည့်နည်းဖြစ်သည်။ အရွယ်ရောက်သော မွန်လူပျိုကလေးများသည် မွန်အမျိုးသမီးလေးများအား....

(၁) အိမ်အောက်လူပျိုလှည့်နည်းဖြင့်လည်းကောင်း။
(၂) အိမ်ပေါ်လူပျိုလှည့်နည်းဖြင့်လည်းကောင်း။
(၃) အောင်သွယ်လွှတ်လူပျိုလှည့်နည်းဖြင့်လည်းကောင်း။
(၄) စာပေး၍လည်းကောင်း။
(၅) ဆေး၊အင်းအိုင်လက်ဖွဲ့ဖြင့်လည်းကောင်း၊
(၆) ရွှေငွေဥစ္စာဖြင့် တောင်းရမ်း၍လည်းကောင်း ချစ်ခွင့်ပန်ကြသည်။

အချစ်မှ ပေါက်ဖွားလာမည့်ဘဝကို ထူထောင်ကြသည်။ အိမ်အောက် လူပျိုလှည့်နည်းမှာ ရှေးနည်းကျလွန်းသဖြင့် တောနယ်ဒေသတွင်သာ အသုံးပြုသည်။

ကာလသားလူပျိုများသည် ညအခါတွင် အပျိုရှိရာသို့ တိတ်တဆိတ်သွား၊ အိမ်အောက်မှ ချဉ်းကပ်ကာ လူပျိုလှည့်ခြင်းပင်ဖြစ်သည်။ အရှက်အကြောက် ကြီးမားသူအတွက် သိမ်မွေ့သော လူပျိုလှည့်နည်းပင်ဖြစ်သည်။ တိုင်းရင်းသားတဦး၏ ဓလေ့ထုံးတမ်း ယဉ်ကျေးမှုကို တခြား တိုင်းရင်းသားတဦးက မှန်မှန်ကန်ကန် သိရှိနားလည်သုံးသပ်နိုင်ခြင်းဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုတို့ကို အခွန့်ရှည်စွာ တည်တံ့ခိုင်မြဲအောင် တည်ဆောက်နိုင်ပေသည်။

မွန်တို့၏ အနုပညာရေစီးကြောင်းတွင် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ ဂီတ စသည် ပါဝင်နေရာ ဂီတဆိုသော စကားနှင့် အညီ အဆိုအက၊ အတီးအမှုတ်သည် အတီးအမှုတ်တွင် ပါဝင်နေသည်။ ခရစ်တော် မပေါ်မီကပင် မြန်မာနိုင်ငံတွင် အခြေချနေထိုင်လာခဲ့ကြသည်နှင့်အညီ မွန်ဂိုအုပ်စု ၃ စုမှ (မွန်ဒေ့၊ မွန်ညာ မွန်ဒေါင်) ဆင်းသက်လာကြပြီးလျှင် အချင်းချင်း သွေးနှောကာ အုပ်စုဘစုနှင့်တစု ခွဲခြားမရသည့်အခြေအနေသို့ ဆိုက်ရောက်လာခဲ့သည်၊ ယခုအခါတွင်မူ စကားသံဝဲသံမှုကိုသာ ခန့်မှန်းပြီး ခွဲခြားနိုင်တော့သည်။ သို့သော် မွန်ဒေ့၊ မွန်ညာ၊ မွန်ဒေါင်တို့တွင် အက,ကိုယ်စီရှိ၏။ တောနယ်ဒေသ မွန်မြေဝိုင်းက,ပွဲတွင် မိချောင်း၊တယော၊ပလွေ၊ပတ် ၃၄ လုံးမျှသာ တွေ့မြင်ကြရသဖြင့် မွန်တူရိယာသည် ဤမျှသာရှိသလော ထင်ချင်ကြပေလိမ့်မည်။ အမှန်စင်စစ်ဆိုလျှင် မွန်တူရိယာသည် ဤမျှလောက်မဟုတ်။ အများအပြား ပါဝင်လေသည်။ ယင်းတို့မှာ ပတ်ဝိုင်း၊ ဝါးပတ္တလား၊ လခြမ်းဗုံ၊ ပတ်မကြီး၊နှဲ၊ စည်၊ပလွေ၊ မောင်း၊,လင်းကွင်း၊ ထောင်တယော၊ စောင်း၊ ပိုး၊ ဘင်ဂျိုဟူ၍ တည်း။ မွန်ရိုးရာအက,သည်လည်း သာယာငြိမ့်ညောင်းလှပေသည်။ စည်းကမ်းနှင့် က,ကွက်တို့သည်လည်း အချက်ကျကျ အကွက်လှပေသည်။

လူမျိုးတိုင်းတွင် ဘာသာစကား၊ စာပေယဉ်ကျေးမှုသည် သူ့လူမျိုးနှင့်သူရှိကြရာ လူမျိုးတည်တံ့ခိုင်မြဲရေး၊ တိုးတက်ရေး စသည်တို့တွင် စာပေယဉ်ကျေးမှုတို့သည် မပါလျှင် မပြီးပေ။

မွန်ကဏ္ဍသမိုင်းအစဉ်အလာအရ သုံးသပ်ကြည့်လျှင် မွန်လူမျိုးတို့သည် မြန်မာနိုင်ငံတွင် အဆင့်မြင့်သော လူမျိုးတမျိုးအဖြစ် ရပ်တည်နေခဲ့သဖြင့် မိမိတို့၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ဓလေ့ထုံးတမ်းတို့ကိုမတိမ်ကောမပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်သင့်သည်။ ထိုအခါမှသာ မွန်ကဏ္ဍသည် ပေါ်လွင်လာလိမ့်မည်ဖြစ်ပေသည်၊ ထာဝစဉ် သံသယစိတ်များနှင့် တကိုယ်ကောင်းစိတ်များ ပယ်ပြီးလျှင် အမျိုးသားရေးစိတ်များနှင့် ဝံသာနုရက္ခိတတရားရှင်သန်ကြီးမားစွာနှင့် မွန်လူမျိုးအတွက် တိုးတက်ရာ တိုးတက်ကြောင်း၊ စာပေနှင့်ယဉ်ကျေးမှု ထွန်းကားရာထွန်းကားကြောင်း ဆောင်ရွက်ရပေမည်။ သို့မှသာ ဆိုရှယ်လစ်လူ့ဘောင် တည်ဆောက်မှုအသွင် ဆောင်လာပေမည်။ သို့မဟုတ်မူ အမျိုးသားရေးနှင့်ဆန့်ကျင်သော သရုပ်ပျက်ယဉ်ကျေးမှု လွှမ်းမိုးလာပေမည်။

မွန်လူမျိုးတို့နေထိုင်သည့် မြန်မာနိုင်ငံတွင် တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ဦးဆောင်မှုပြု၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ကြိုးပမ်းအားထုတ်၍ ဆိုရှယ်လစ်စနစ်ကို တည်ဆောက်လျက်ရှိလေရာ တိုင်းရင်းသားလူမျိုးစည်းလုံးညီညွတ်မှုကို ရှေ့တန်းတင် အလေးထားခဲ့ပါသည်။

ထိုနည်းတူ မွန်လူမျိုး ပေါက်ဖွားရာ၊ ကြီးပြင်းရာ မွန်ပြည်နယ်အဖို့ လူမျိုးစုအတွက် သက်ဆိုင်သော စီးပွားရေး၊လူမှုရေး၊ နိုင်ငံရေးအပြောင်းအလဲကြီးကို ထိထိရောက်ရောက် ဆောင်ရွက်ပါက တိုင်းရင်းသားလူမျိုးများ၏ မွန်လူမျိုးများ၏ စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ တစိတ်တဝမ်းတည်း ပူးပေါင်းဆောင်ရွက်မှုရှိလျှင် အောင်မြင်နိုင်မည် ဖြစ်ပေသည်။

တနည်းအားဖြင့်ဆိုသော် တိုင်းရင်းသား လူမျိုးများသည် စနစ်သစ်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ယင်း အခွန့်ရှည် ခိုင်မြဲစေမည့် စည်းလုံးညီညွတ်မှု ခံယူချက်အရ လက်တွေ့လုပ်ငန်းများခိုင်မာသထက်ခိုင်မာအောင် တည်ဆောက်နေခြင်းဖြစ်လေသည်။

ထို့ကြောင့် တိုင်းရင်းသားလူမျိုးဖြစ်သည့် မွန်တို့သည် ကဏ္ဍတရပ်အနေဖြင့် ကျယ်ဝန်းလှသဖြင့် တိုးတက်များပြားသော လူမျိုး၏ ဂုဏ်တင့်မှုများကို လက်လှမ်းမီရာ အကျိုးပြုရာတို့ကို ထိန်းသိမ်း စောင့်သိခြင်းဖြင့် မွန်တည်းဟူသော လူမျိုးကြီးခံယူချက်နှင့်အတူ မွန်ပြည်နယ်ကြီး တည်တံ့အောင် ချီတက်ပါဦး ဟု အဓိဋ္ဌာန်ပြုအပ်ပါသည်။ ။

ရဲမင်းထိုက်

## ခရောင်းလမ်းခရီးသည်

**မင်းမင်းဝင်းမွန်(သင်္ကော)**

တောင်မြိုင်ရိပ်ကြီး ငါ့ခရီးမှာ
ကြမ်းတမ်းပါလဲ ရဲစိတ်မာန်နှင့်
လမ်းစသစ်သို့ ချီဖို့ရန်မှာ
ငါမကြောက်ပြီ။

လျှိုမြောင်ချိုင့်ဝှမ်း လှမ်းရန်အတွက်
နေမင်းထွက်ပြူ ရဲရဲပူလည်း
ငါမပူအား သွားမည်အရောက်
ငါမကြောက်ပြီ။

ယက္ခဂုမ္ဘန် တစ္ဆေရန်တား
သရဲများခြောင် သားကောင်တွေနှင့်
တားမြစ်ပါလည်း အားသွားမည်
ငါမကြောက်ပြီ။

ဇာနည်စိတ်က ကြုံ့ကြုံ့ခိုင်လျက်
အသက်ခန္ဓာ တည်မြဲသရွေ့
ဆက်ရွေ့သွားမည် ပန်းတိုင်ဆီရောက်
ငါမကြောက်ပြီ။ ။

စာပေ၊ ယဉ်ကျေးမှုခရီးသို့....

# မွန်အမျိုးသားနေ့နှင့် အနာဂတ် ရှေးရှုချက်

## မင်းထွန်း

မွန်တိုင်းရင်းသားတို့၏ မွန်အမျိုးသားနေ့ကို ၁၃၀၉ ခုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း တပို့တွဲလဆုတ် ၁ ရက်နေ့ကို မွန်အမျိုးသားနေ့အဖြစ် သတ်မှတ် ကျင်းပခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပေသည်။

ဤကဲ့သို့ ထူးခြားသော ဤနေ့ ဤရက်ကို အမျိုးသားနေ့အဖြစ် အဘယ်ကြောင့် ရွေးချယ်သတ်မှတ်ခဲ့ပါသနည်း။

ဤအကြောင်းကို ပြန်လည်တင်ပြရလျှင် ၁၃၀၉ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၄ ရက်က မွန်တိုင်းရင်းသားအဖွဲ့ ဥက္ကဋ္ဌ နိုင်ဖိုးချိုသည် ချောင်းဆုံမြို့နယ်၊ ရွာလွတ်ရွာ၊ နိုင်ဖိုးအောင်အိမ်တွင် ကျင်းပခဲ့သော အစည်းအဝေးတွင် မုဒုံမြို့နယ်၊ ကမာဝက်ကျေးရွာမှ တက်ရောက်လာသော မွန်အမျိုးသားကိုယ်စားလှယ် ဒါယကာ နိုင်ထောဟအ က လာမည့်တပို့တွဲလဆုတ် ၁ ရက်နေ့ကို မွန်အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် အဆိုတင်သွင်းရာ မြို့နယ်အသီးသီးမှ တက်ရောက်လာကြသော မွန်တိုင်းရင်းသား ကိုယ်စားလှယ်များက အားလုံးသဘောတူထောက်ခံခဲ့၍ ထိုနေ့ကို သတ်မှတ်ခဲ့မပါသည်။

တပို့တွဲလဆုတ် ၁ ရက်နေ့ကို သတ်မှတ်ခဲ့ရသည့်အကြောင်းရင်းက သာသနာသက္ကရာဇ် ၁၁၁၆ ခုနှစ်၊ တပို့တွဲလဆုတ် ၁ ရက်နေ့သည် သမလ၊ ဝိမလ မွန်မင်းညီနောင် ၂ ပါးတို့သည် ဟံသာဝတီနေပြည်တော် ခေါ် ယခု ပဲခူးမြို့ကို စတင် တည်ထောင်၍ ထီးနန်းကိုအုပ်ချုပ်ခဲ့သော နေ့ပင်ဖြစ်သည်။ ယင်း အကြောင်းအရာများကို ယခုတွင်ပဲခူးမြို့ ဟသ်ာကုန်းဘုရားတွင် ပန်းချီကားနှင့်တကွ ရေးသားတင်ပြထားပါသည်။

ယင်းသမိုင်းကြောင်းကို အထောက်အထားပြု၍ တပို့တွဲလဆုတ် ၁ ရက်နေ့ကို မွန်အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ ထိုသတ်မှတ်ခဲ့သောနှစ်မှစ၍ ယခုတိုင် ၃၈ ကြိမ်မြောက် ရောက်ခဲ့လေသည်။ မွန်အမျိုးသားနေ့ကို တည်ရှိကာမျှဖြင့် မပြီးသေးပေ။ ရှေ့ဆက်လက်၍ ပြုလုပ်ရမည့် တာဝန်ဝတ္တရားတို့သည် မွန်အမျိုးသားထု တရပ်လုံး၏ တာဝန်ပင်ဖြစ်သည်။

မိမိတို့စာပေယဉ်ကျေးမှု၊ သုခုမအနုပညာ၊ ဘာသာစကားစသည်တို့ကို ထိန်းသိမ်းဖော်ထုတ် ကြရပေမည်။

ထို့ကြောင့် မွန်အမျိုးသားတို့သည် တိုးတက်သော ဉာဏ်အမြင်များ၊ စာပေယဉ်ကျေးမှုကို ခင်မင်တွယ်တာသော စိတ်ကောင်းများ မွေးထုတ်ဖို့ လိုပါသည်။ ခေတ်အဆက်ဆက်က မွန်ပညာရှိ ထိန်းသိမ်းလာသည့် စာပေယဉ်ကျေးမှုကို ယခုတိုင် တည်တံ့နေခြင်းဖြစ်ပါသည်။

မိမိတို့၏ဘာသာစကားကိုလည်း ရိုးရိုးပြောဆိုရမည်။ အချို့သော မွန်အမျိုးသားများက မိမိတို့၏ဘာသာစကားကို ပြောရမည်ကို ဂုဏ်ငယ်သလိုလို၊ ရှက်သလိုလို ဖြစ်နေကြသည်။ မိမိတို့၏ စကားကို မိမိတို့ကို မပြောလျှင် သူတပါးကပြောမည်မဟုတ်ပေ။ မိမိတို့၏ဘာသာစကား၊ စာပေယဉ်ကျေးမှုတို့သည် တချိန်က နေမင်းလို တောက်ပြောင်ခဲ့သည်ကို လူတိုင်းသိပြီးသားပင်ဖြစ်ပါသည်။

စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုတို့သည် လူမျိုးတမျိုး၏ အသက်သွေးကြောပင် ဖြစ်သည်။ စာပေနှင့်ဘာသာစကားယဉ်ကျေးမှုကွယ်ပျောက်ပါက လူမျိုးပါတိမ်ကောပျောက်ကွယ်သွားမည် ဖြစ်ပါသည်။ကျွန်ုပ်တို့၏ စာပေ၊ဘာသာစကား၊ ယဉ်ကျေးမှုတို့က ကျန်ရှိနေ၍ မွန်အမျိုးသားတို့၏ အစဉ်အဆက် တည်ရှိနေခြင်း ဖြစ်ခဲ့သည်။

မွန်ရဟန်းသံဃာအပေါင်းနှင့် မျိုးချစ်စိတ်ရှိသော ရှေးမွန်လူမျိုးများ တာဝန်ယူ ထိန်းသိမ်း စောင့်ရှောက် လာခဲ့သဖြင့် ကျန်ရှိခဲ့သည့် ဤအကြောင်းအရာတွေကို မွန်အမျိုးသားတိုင်း မမေ့သင့်ပဲ အစဉ်ထာဝရ အောက်မေ့ရမည်။ ဘယ်လိုဘယ်ပုံ ကျေးဇူးဆပ်ရမည်ကိုလည်း ကြံစည် အားထုတ်ရမည်။

မွန်အမျိုးသား အဆွေတော်များတို့....

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၌လည်း တိုင်းရင်းသားအသီးသီးတို့က မိမိတို့၏ စာပေယဉ်ကျေးမှုကို တိုင်းရင်းသားအမျိုးသားတိုင်း ဖော်ထုတ်ထိန်းသိမ်းကြိုးစားနေကြပါသည်။

တိုင်းရင်းသား စာပေယဉ်ကျေးမှုကို မြင့်တင်လျှင် မွန်အမျိုးသားတို့၏ စာပေယဉ်ကျေးမှုကို ဘေးဖယ်ထား၍မရပါ။အဘယ်ကြောင့်ဆိုသော် မွန်စာပေယဉ်ကျေးမှုတို့သည် ဤပြည်ထောင်စုအတွင်း မူလအကြောင်းရင်းဖြစ်သည်ကို သမိုင်းရာဇဝင်ကျောက်စာတို့၌ ယခုတိုင် သက်သေပြလျက် ရှိနေသည်။

မွန်တိုင်းရင်းသားတို့သည်လည်း တိုင်းရင်းသားတမျိုးအပါအဝင် ဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုစိတ်ဓာတ် မွေးမြူကာ မိမိတို့၏ အမျိုးသားစာပေ၊ ဘာသာယဉ်ကျေးမှု တိုးတက်မြင့်မားရန် ကြိုးစားနေရပေမည်။

မိမိတို့၏ မွန်အမျိုးသားကိုချစ်လျှင် မွန်စာပေကိုရိုသေရမည်။ လေ့လာသင်ကြား မှတ်သားရမည်၊ မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံကို ထိန်းသိမ်းစောင့်ရှောက်ရမည်။ မိမိတို့၏ဘာသာစကားကို သုံးစွဲပြောကြားရမည်။ မိမိတို့ကိုယ်တိုင် ထိန်းသိမ်း စောင့်ရှောက်ခဲ့လျှင် တိုင်းရင်းသား အများကလည်း မိမိတို့၏ မွန်အမျိုးသားအပေါ် လေးစားကြည်ညိုမည် ဖြစ်သည်။

ယခုခေတ်သည် ကိုယ်ထူကိုယ်ထခေတ်ဖြစ်သည်။ ထို့ကြောင့် မွန်အမျိုးသားတို့၏ ယဉ်ကျေးမှုတို့ကို မွန်အမျိုးသား တိုင်းရင်းသားတိုင်းအားပေးကူညီရမည်၊ တိုးတက်ပြန့်ပွားအောင်ဆောင်ရွက်ရမည်ဖြစ်သည်။ ဤကဲ့သို့ဆောင်ရွက်ရာတွင် တဦးတယောက်ကောင်း ဆောင်ရွက်၍လည်းမရနိုင်။ မွန်အမျိုးသားထု တရပ်လုံးက စုပေါင်းဆောင်ရွက်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ပါသည်။

မွန်အမျိုးသားတို့၏ ယဉ်ကျေးမှု ဘာသာစကား၊ စာပေယဉ်ကျေးမှုဘာသာစကား ဓလေ့ထုံးစံ၊ အနာဂတ်တိုးတက်ကြီးပွားလာအောင်အထက်ကဖော်ပြသည့်အတိုင်း ရှေးရှုပြီးမွန်အမျိုးသားတိုင်း တက်ညီလက်ညီတာဝန်ယူ၍....

ကြိုးစားအားထုတ်ကြပါစို့....ဟု

ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

# မွန်စကားပုံများ စကားပြောနေကြသည်

မောင်မင်းသစ်

"အို....လူငယ်အပေါင်းတို့ ငါတို့ စကားပုံသည် အနက်အဓိပ္ပာယ်နှင့် ပြည့်စုံသောအရာများ ဖြစ်ကြသည်။ ငါတို့တွင် ချိတ်ဆွဲထားသော စံပြုပုံခိုင်းစရာများအတိုင်း ကျင့်ကြံပါလျှင် သင်တို့အားလုံး အရာရာ၌ အောင်ပွဲများ ရရှိကြပေလိမ့်မည်။ လက်တွေ့ ကျင့်ကြံပါကုန်၊ ကြံကြပါကုန်လော့"

မွန်စကားပုံများသည် မွန်ပြည်သူတို့၏ ဘဝ၊ လူနေမှုစနစ်၊ အလေ့အထများကို အခြေခံ၍ အရပ်ပြော၊ စကားပြော၊ ကြီးစဉ်ငယ်လိုက်ပြောဆိုမှုမှ ပေါက်ဖွားလာခြင်း ဖြစ်သည်။ထိုစကားပုံများတွင် ရှေးမွန်လူမျိုးတို့၏ အတွေးအခေါ် ကောင်းပုံကိုလည်းကောင်း၊ အတွေ့အကြုံ ရင့်ကျက်ပုံကိုလည်းကောင်း၊ သူတို့၏ ရိုးသားသော အကျင့်စာရိတ္တကိုလည်းကောင်း တွေ့မြင်ရမည် ဖြစ်ပါသည်၊ ထိုစကားပုံများကို အသေးစိတ်လေ့လာလေ ယင်းစကားပုံကို ထွင်ခဲ့သူများ၏ ကျေးဇူးမှာ ကြီးမားလေ ဖြစ်သည်။ စကားပုံများက လူငယ်တို့အတွက် စကားများ ပြောနေကြသည်။ မည်သည့်စကားများ ပြောနေကြသနည်း။

၁။ ကြီးသောငါးသည် နက်ရှိုင်းသော ပင်လယ်အောက်၌ ရှိသည်။
လေးနက်သော စကားများသည် လူကြီးသူမများမှာ ရှိသည်။

လူငယ်ဘဦးသည် စာပေဘက်တွင် တော်တော်ခရီးရောက်နေသည်။ အတန်းပညာတွင်လည်း ထိပ်တန်းရောက်နေသည်။ သို့သော် အတွေ့အကြုံများနှင့်ပြည့်စုံနေသော လူကြီးတဦး သိသည့်အသိကို ရဖို့ရန် အလွန်ခဲယဉ်းသည်။ ထို့ကြောင့် မိမိအနေဖြင့် ပန်းကန်လုံးထဲ မုန့်တိုင်းထန်၍ မဖြစ်။ လူဆိုသည်မှာ အရွယ်ရောက်လာသည်နှင့်အမျှ မိမိဉာဏ်အဆင့်အတိုင်း အတွေးအခေါ်များ ရင့်ကျက်လာသည်။ ၁၀ နှစ်သားအရွယ်တွင် အမှန်တရားတခုကို လက်ကိုင်ထားသည်။ အသက် ၂၀ အရွယ် ရောက်လာသော် ထိုအမှန်တရားတွင် ချွတ်ယွင်းချက် အနည်းငယ် တွေ့လာသည်။ ၂၅ နှစ်အရွယ်ရောက်သော် ထိုအမှန်တရားမှာ အမှားတခုသို့ ပြောင်းလဲသွားတတ်သည်။ ပြောင်းသွားနိုင်သည်ဟုသာ ဆိုခြင်းဖြစ်သည်၊ ပြောင်းသွားရသည်ဟု မဆိုလိုပါ။ မိမိထက်ကြီးသော လူကြီးသူမများသည် အတွေ့အကြုံနှင့်အတွေးအခေါ် ရင့်ကျက်မှုအပေါ် မူတည်ပြီး လေးနက်ထိမိသော စကားများ ပိုင်ဆိုင်နေမည်မှာ မလွဲပေ။

ထို့ကြောင့် ဝေလငါးကြီးများမှာ နက်ရှိုင်းသော ပင်လယ်အောက်တွင် ရှိသကဲ့သို့ လေးနက်၍ အသိပညာပါသော ဆုံးမချက်၊ လမ်းညွှန်ချက်၊ သုံးသပ်ချက်များမှာ လူကြီးသူမများထံတွင် ရှိသည်။ ယင်းကို ချဉ်းကပ် နည်းမှတ်ရပေမည်။ အဖိုးတန်လှသော မှတ်သားချက်များမှနေ၍ မိမိဘဝအတွက် အမြတ်ထုတ်ခြင်းသည် မှန်ကန်သော နည်းလမ်းဖြစ်ကြောင်း ဤစကားပုံက ညွှန်းဆိုထားသည်။

၂။ အပေးလွယ်လွန်းတော့ အယူခက်၊ စကားများလွန်းတော့ သူများမုန်း။

လူငယ်တို့သည် အရာတခုကို မရခင်၌ ရယူလိုသော ဆန္ဒများ အလေးကဲလေ့ ရှိသည်။ လွယ်လွယ်လေးနှင့် ရမည်ဆိုပြန်တော့လည်း ယူရန်လက်တွန့်တတ်သည်။ ဤသို့ ဖြစ်တတ်သောသဘောလေးတရပ်ကို တင်ပြထားခြင်း ဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် ဤသဘောနှစ်ရပ်ကို ယှဉ်၍ ဆင်ခြင်သင့်သည်။

စကားများသူကို လူမမုန်းသေးပေ။ စကားများလွန်းလျှင်မူ မျက်စောင်းခဲကြတော့မည်။ လူများတွင် ကျောပူနှင့်နားပူ ၂ ခု ရှိသည့်အနက် ကျောပူခံနိုင်သူက များသည်။ နားပူခံနိုင်သူက နည်းသည်၊ အထူးသဖြင့် ယောကျ်ားလေးများ နားပူမခံနိုင်ကြ။ ယင်းကို သတိမူစေရန် စကားပုံခိုင်းထားခြင်းဖြစ်သည်။ 'ဟောင်လွန်းသောခွေး လူမလေး' ဟူသော မြန်မာစကားပုံအတိုင်းပင် ဖြစ်လေသည်။

၃။ အကုန်စဉ်းစားပြီးမှလုပ်လျှင် မှားသော်လည်း နောင်တရစရာမလို။

လူငယ်တို့သည် အလုပ်ကိစ္စတခုကို လုပ်မည်ဟုဆိုလျှင် ထိုအလုပ်ကို လုပ်သင့်သည် မလုပ်သင့်သည်ကို အလျင် စဉ်းစားကြည့်ရပေမည်။ မည်သည့်အကျိုးဆက်များ ဖြစ်ပေါ်နိုင်ကြောင်း ဆင်ခြင်ကြည့်ရမည်။ ဘက်စုံရှုထောင့်မှ စိစစ်ပြီးမှ ထိုအလုပ်ကို လုပ်တော့မည်ဟု ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ရမည်။ ထိုသို့ဆုံးဖြတ်ပြီးမှ လုပ်သောအလုပ်သည် တစုံတရာသော အတိုင်းအတာဖြင့် မှားယွင်းသွားသည် ဆိုကြပါစို့။ ဘာမျှ နောင်တရစရာ မလို။ အဘယ်ကြောင့်ဆိုသော် မိမိအနေဖြင့် သေသေချာချာ စဉ်းစားပြီးမှလုပ်သော အလုပ်ဖြစ်၍ ဖြစ်သည်။ ထို့ကြောင့် မည်သည့်ကိစ္စကိုမဆို စိစစ်ဝေဖန်သောစိတ်ဓာတ်ဖြင့် ပိုင်းဖြတ်ပြီးမှ လုပ်ဆောင်ရန် ဤစကားပုံက လမ်းပြထားသည်။ လုပ်သည်ဆိုမှဖြင့် အမှားမရှိစေနှင့်ဟုလည်း ညွှန်ကြောင်း ထင်ရှားပေသည်။

၄။ သိတိုင်းလည်း မပြောရ၊ ရှိတိုင်းလည်း မပြရ။

မိမိသိသည့် အကြောင်းကိစ္စကို ပြောသင့် မပြောသင့် ချင့်ချိန်ရမည်မှာ မိမိတာဝန်ပင် ဖြစ်သည်။ ထိုအကြောင်းကို ပြောလိုက်ခြင်းအားဖြင့် နာယူသူအနေဖြင့် မည်မျှအထိ အကျိုးသက်ရောက်မည်၊ မသက်ရောက်မည်ကို စဉ်းစားရပေမည်။ သူ့အတွက်လည်း အကျိုးရှိ၊ မိမိအတွက်လည်း အကျိုးရှိမည်ဆိုလျှင် ပြောသင့်သည်။ အချို့သူများမှာ စေတနာကို ရှေ့တန်းတင်ပြီး ပြော

သော်လည်း အချိန်အခါကိုမကြည့်ပဲ ပြောချင်သည်ကို စွတ်ပြောလေ့ရှိသည်။ ထိုစေတနာမှာ အကျိုးမဲ့ဖြစ်တတ်သည်ကို သတိမူရမည်။

မိမိတွင်ရှိသော အရာတိုင်းကိုလည်း ပြစရာ မလိုပေ။ ဤသို့မဟုတ်ပဲ ဝါကြွားလိုမှုကြောင့်လည်းကောင်း၊ လူအထင်ကြီးမှု ခံယူလိုသောကြောင့်လည်းကောင်း၊ အသားယူလိုသောကြောင့်လည်းကောင်း ရှိတိုင်းပြလျှင် ဒုက္ခတွေ့တတ်သည်။ သင်၏ လျှို့ဝှက်ချက်ကို သင်၏ရုပ်အင်္ကျီကိုပင် မသိစေနှင့်ဟူသော စကားပင် ရှိသေးသည် မဟုတ်တုံလော။ သိုသိုသိပ်သိပ် နေတတ်ရန် ဤစကားပုံကို ပြုခဲ့ခြင်းပင် ဖြစ်သည်။

၅။ ထမင်းဆုပ်ကိုသာမြင်၊ ဝါးရင်းတုတ်ကိုမမြင်။

ဆာလောင်မှု၏အရှိန်က ပြင်းထန်နေချိန်တွင် ထမင်းဆုပ်ကိုမြင်နေရသည်။ အာသာဆန္ဒကို မတားနိုင်။ ထမင်းဆုပ်နောက်ကွယ်မှ အန္တရာယ်ကို မမြင်တော့။ ထိုအခါ ဒုက္ခများ တော့သည်။ ထို့အတူ လူငယ်တို့သည်လည်း မည်သည့်ကိစ္စမဆို လုပ်ချင်သည်ထက် လုပ်သင့်သည်ကို ဦးစားပေးရပေမည်။ မိမိစိတ်ဆန္ဒအလိုကို လိုက်သဖြင့် မရှုနိုင် မကယ်နိုင်ဖြစ်ရသော အဖြစ်များက အမြောက်အမြား ရှိသည်။ အစာကိုသာမြင်ပြီး ငါးများချိတ်ကိုမမြင်သော ငါးနှယ်သာတည်း။ ယင်းအစာကို တတ်နိုင်သမျှ ရှောင်ကြဉ်၍သွားမှသာ ဝါးရင်းတုတ်စာ မပိမည် ဖြစ်လေသည်။

၆။ နှုတ်က နှာခေါင်းထက် မရှည်နှင့်။

ပါးစပ်ပေါက်ကလေး တပေါက်သည် ခြောက်ပေမြင့်သော လူတဦးကို သေစေနိုင်သည်ဟု ဆို၏။ မှန်ပေသည်။ စကားများခြင်းသည် ကောင်းသောကိစ္စမဟုတ်။ စကားကို နည်းနိုင်သမျှ နည်းစေ၍ နှုတ်ကို ပိတ်နိုင်သမျှ ပိတ်ကာ နားကို ဖွင့်နိုင်သမျှ ဖွင့်ရမည်။ သို့မှသာ လူလိမ္မာဖြစ်ပေလိမ့်မည်။ စကားကြောရှည်သူမှာ အလိမ်ကြီးသူလည်း ဖြစ်သည်။ မိမိအနေနှင့်လည်း စကားနည်းခြင်း၏အကျိုးကို သိထားရပေမည်။ အသင့်အတင့် ပြောခြင်းဖြင့် အကျိုးများနိုင်ကြောင်းလည်း သိစေသည်။

၇။ အမွေးစစ်က အနံ့ကို မစွန့်လွှတ်၊ လူစစ်က အမျိုးကို မစွန့်လွှတ်။

ကရမက်ကဲ့သို့သော အခေါက်များသည် အမွှေးစစ်များ ဖြစ်ကြသည်။ ယင်းတို့သည် မည်မျှကြာကြာထားသော်လည်း ရနံ့မှာ လျော့သည်မရှိ၊ အမြဲတမ်း ကြိုင်လှိုင်လျက် ရှိသည်။ ထို့အတူ လူမျိုးတမျိုးသည် မိမိတို့အမျိုးစစ်ဖြစ်ပါက မျိုးရိုးကို ဆက်လက်စောင့်ရှောက် ရပေမည်။ မျိုးရိုးမတိမ်ကောစေရန် ထိန်းသိမ်းသွားရမည့် တာဝန်ရှိသည်။ လူမျိုးခြားနှင့် သွေးမရောစေရန် သတိချပ်ရမည်။ သို့မှသာ အမျိုးကိုချစ်သော၊ အမျိုးကိုစောင့်ထိန်းသော လူမျိုးများအဖြစ် မော်ကွန်းတွင်ရစ်မည် ဖြစ်ပေသည်။ အမျိုးကို အလေးအနက်ထားရန် လမ်းပြစကားပုံတပုဒ်ပေတည်း။

၈။ ရွှေကောင်းက ပေခံ၊ တပည့်ကောင်းက အဆုံးအမ ခံ၊ သားသမီးကောင်းက မိဘအန္တ အတာခံ။

ဤစကားပုံကမူ ရွှေရည်ကောင်း၊ တပည့်ကောင်း၊သားသမီးကောင်းတို့၏ အရည်အချင်းများကို ဖော်ညွှန်းထားသည်။ ရွှေကောင်းတို့မည်သည် အောက်မှ ပေအနေဖြင့်ခံပြီး မည်သို့ပင်ထုနှက်စေကာမူ ကွဲပြတ်ခြင်းမရှိရပေ။ ကျိုးအက်ခြင်း မရှိရပေ။ တပည့်ကောင်းသည်လည်း ဆရာ၊ ဆရာမတို့၏ အဆုံးအမကို ခံနိုင်စွမ်း ရှိရမည်။ ဆရာက ဒေါသဖြင့်ပင်ပြောပြော၊ ဆူပူ၍ပင်ဆိုဆို နာခံတတ်ရမည်။ ကောင်းစေချင်၍ ထိုစကားများပြောသည်ဟု မှတ်ယူနိုင်ရမည်။ သို့မှသာ တပည့်ကောင်းတယောက်ပီသပေလိမ့်မည်။

သားသမီးကောင်းသည်လည်း မိဘနှစ်ပါး၏ အန္တ အတာကို ခံနိုင်စွမ်း ရှိရမည်။ မိဘအတွက် ဆောင်ရွက်ပေးစရာ ကိစ္စအဝဝကို မညည်းမညူ လုပ်ဆောင်ပေးရမည်။ ငွေရှားရှိ၍သာ လုပ်ဆောင်ပေးရသည်ဟု မခံယူပဲ စိတ်ထားမှန်မှန်ဖြင့် ကူညီစောင်မရမည်။ အသက်အရွယ်ထောက်လာသော မိဘအတွက် အစစအရာရာ သည်းညည်းခံရမည်။ သို့မှသာ သားသမီးကောင်းဟုခေါ်ထိုက်ရမည် ဖြစ်ပေသည်။ ထိုသို့ မကျင့်မကြံနိုင်လျှင် သားဆိုး၊ သမီးမိုက်အဖြစ် သံသရာ လည်နေရပေမည်။

၉။ အပြောမှန် ဘေးလွတ်၊ အစားမှန် ဝေဒနာကင်း၊ အနေမှန် ဝိပါက်ရှင်း။

လိမ်ညာခြင်းသည် ကောင်းသောအလုပ်မဟုတ်မှန်း လူငယ်တိုင်း သိကြသည်။ သို့သော် လိမ်ကြသည်။ ညာကြသည်။အနည်းအများသာ ကွာသည်။လိမ်ညာခြင်းမရှိပဲ အမှန်ကို အမှန်အတိုင်းတင်ပြရဲခြင်းသည် သူရဲကောင်းတို့၏ စိတ်ဓာတ်ပင် ဖြစ်သည်။ လိမ်ညာခြင်းသည် အန္တရာယ်အတိပြီးသည်၊ မှန်ကန်စွာပြောခြင်းသည် ဘေးကင်းမှု အပြည့်ရှိသည်။ အစားမှန်လျှင် ဝေဒနာကင်းသည်ကား အကျယ်ချဲ့စရာပင် မလိုတော့။ မိမိ အတိုင်းအတာနှင့် အစာကို ချင့်ချိန် စားသောက်တတ်ရမည်။

ထို့အတူ အနေအထိုင် မှန်ကန်မှုသည် ဝိပါက်ရှင်းစေသည်။ ဝိပါက်ဆိုသည်မှာ ပြုမှုကံ၏ အကျိုးဖြစ်သည်။ ဘယ်သို့လုပ်ခဲ့၍ ဘယ့်နှယ်ခံရမည်ကို ဆိုလိုသည်။ မမှန်မကန် လုပ်ခဲ့လျှင် ထိုအကြောင်းတရားအတွက် မကောင်းမှုအကျိုးဆက်မှာ စောင့်လင့်နေမည်သာတည်း။ ထို့ကြောင့် နေထိုင်လုပ်ကိုင်မှု အဝဝတွင် မှန်မှန်ကန်ကန် သစ္စာရှိရှိဖြင့် လုပ်ကိုင်ပါလျှင် ကံ-ကံ၏ ဆိုးကျိုးများမှ လွတ်ကင်းနိုင်မည်ဖြစ်ကြောင်း ဤစကားပုံက လမ်းညွှန်ထားသည်။

အချုပ်အားဖြင့်ဆိုရသော် မွန်စကားပုံများသည် တူရာတူရာ အကြောင်းအရာ နှစ်ခု သုံးခုကိုတွဲ၍ စကားပုံတခုအဖြစ် ဆိုထားသည်ကို တွေ့နိုင်သည်။ ထိုသို့ တွဲထားခြင်းဖြင့် မိမိဆိုလိုချင်သော အကြောင်းကို ပိုမိုလေးနက်စေသည်။ အဓိပ္ပာယ်မှာ ထိမိပေါ်လွင်လာရသည်။ ပသို့ပင်ဖြစ်စေ၊ စကားပုံများကပြောသော စကားများကို မိမိတွေးတတ်သလိုတွေး၍ ဆွတ်ယူ ဝါးသုံးနိုင်ပေသတည်း။ ။

မောင်မင်းသစ်

၁၃၄၆ ခုနှစ်၊ တပို့တွဲလဆုတ် ၁ ရက်နေ့သည် ၃၈ နှစ်မြောက် မွန်အမျိုးသားနေ့ ဖြစ်သည်။ မွန်အမျိုးသားနေ့ကျင်းပခြင်းနှင့်အညီ ချမှတ်ထားသော ဦးတည်ချက်များ ရှိသည့်အနက် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးသည်လည်း တခု အပါအဝင် ဖြစ်ပေသည်။ ပြည်ထောင်စုတိုင်းရင်းသားများ စည်းလုံးညီညွတ်မှုရှိစေရန်နှင့် မွန်လူမျိုးတို့အနေဖြင့် လုပ်ဆောင်သွားရမည့် အခန်းကဏ္ဍများသည်လည်း လွန်စွာ အရေးကြီးလှပေသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်သည် ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ မြန်မာ၊ ရခိုင် စသော တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော ပြည်ထောင်စုနိုင်ငံ တနိုင်ငံဖြစ်သည်။ ပြည်ထောင်စု ဟူသော စကားသည် လူမျိုးတမျိုးတည်း သီးခြားနေထိုင်သည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ တိုင်းရင်းသား သွေးချင်းများ တစုတလုံးတည်း၊ တစိတ်တဝမ်းတည်းနှင့် ဆိုးတူကောင်းဖက် အတူတကွ ယှဉ်တွဲနေထိုင်ကြသည်ဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်နေသည်။ ပြည်ထောာစုကြီးအတွင်း မှီတင်းနေထိုင်ကြသော သွေးချင်းများသည်ညီရင်းအစ်ကို မောင်ရင်းနှမပမာ၊နေထိုင်ကြသည့်အလျောက် တူညီသောခံယူချက်များ၊ ရည်မှန်းချက်များ ရှိကြသည်။ ပြည်ထောင်စုကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်ဝယ်ပိုင်ပိုင် ထိန်းသိမ်းထားနိုင်ရန် လုပ်ဆောင်လျက်ရှိကြသည်။

မင်းမြသိန်း

# တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် မွန်တို့၏ ကဏ္ဍာ

မြန်မာတို့၏ မဝေးကွာလှသေးသော သမိုင်းအကြောင်းကို ပြန်လည်ကာ ဆန်းစစ်ကြည့်လျှင် ၁၈၂၅ ခုနှစ်တွင် အင်္ဂလိပ်၊ မြန်မာပထမစစ်ဖြစ်ပွားပြီးနောက် ၁၈၂၆ ခုနှစ်၊ ရန္တပိုစာချုပ်အရ ရခိုင်နှင့် တနင်္သာရီနယ်ကို ဗြိတိသျှတို့သိမ်းပိုက်ခဲ့သည်။ ယင်းကာလမှစ၍ မွန်တို့သည် ဗြိတိသျှလက်အောက်သို့ စတင်ကာရောက်ခဲ့သည်။ ၁၈၂၅ ခုနှစ်၊ အင်္ဂလိပ် မြန်မာဒုတိယစစ်အပြီးတွင် ဗြိတိသျှတို့သည် အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့တော့သည်။ ထိုအချိန်မှစ၍ မွန်တို့သည်နယ်ချဲ့လက်အောက်သို့ လုံးလုံးလျားလျား ရောက်ခဲ့သည်။ တဖန် ၁၈၈၅ ခုနှစ်၊အင်္ဂလိပ် မြန်မာတတိယစစ်ပွဲအပြီးတွင် မြန်မာတပြည်လုံးကို အင်္ဂလိပ်တို့ သိမ်းပိုက်ခဲ့သဖြင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံးသည် ဗြိတိသျှလက်အောက်သို့ ရောက်ခဲ့တော့သည်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးမှုဆိုသော လူ့အခွင့်အရေးများလည်း ဆုံးရှုံးခဲ့ရသည်။ လွတ်လပ်ရေး အချုပ်အခြာအာဏာကိုလည်း လက်လွှတ်ခဲ့ရသည်။

သို့ဖြစ်ပေရာ ဆုံးရှုံးခဲ့ရသောလူ့အခွင့်အရေး၊ လက်လွှတ်ခဲ့ရသော အချုပ်အခြာအာဏာကို ပြန်လည် ရရှိနိုင်ရန်အတွက် တိုင်းရင်းသား ပြည်သူတရပ်လုံးသည် ရရာလက်နက်ကို စွဲကိုင်၍ နယ်ချဲ့ဆန့်ကျင်ရေးနှင့်အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကို တိုက်ပွဲဝင်ခဲ့ကြသည်။ ယင်းလှုပ်ရှားမှုများတွင် မွန်အမျိုးသားများသည် အခြားသော တိုင်းရင်းသားများနည်းတူ ပါဝင်ဆင်နွှဲခဲ့ကြသည်။

သို့ရာတွင် ၂၀ ရာစု အစပိုင်းတွင် လှုပ်ရှားခဲ့သော အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများတွင် မွန်အမျိုးသားများသည် ရှေ့တန်းမှ မားမားမတ်မတ် ပါဝင်ခဲ့ကြသည်။ ထင်ရှားသော ခေါင်းဆောင်များမှာ သမ္မတကြီး ဦးချစ်လှိုင်၊ ဆာဂျေအေမောင်ကြီးတို့ ဖြစ်သည်။

၁၉၃၀ ခုနှစ်တွင် ဖြစ်ပွားသော ဆရာစံ ခေါင်းဆောင်သည့် တောင်သူလယ်သမား အရေးတော်ပုံကြီးတွင်လည်း မွန်အမျိုးသားတို့သည် အခြားသောတိုင်းရင်းသား လယ်သမားများနှင့် တူယှဉ်တွဲ၍ နယ်ချဲ့အစိုးရအား တိုက်ပွဲဝင်ခဲ့ကြသည်။ ထို့အပြင် မြန်မာ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ တို့ဗမာအစည်းအရုံးလှုပ်ရှားမှု၊ ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် စွမ်းစွမ်းတမံ တိုက်ပွဲဝင်ခဲ့သော ဆရာတော်ဦးနန္ဒသာရလည်း ထင်ရှားသော မွန်နိုင်ငံရေးခေါင်းဆောင်တဦးပင် ဖြစ်သည်။ ဆရာတော်သည် အသက်ကိုပင် ပဓာနမထားပဲ ဇာတိသွေး ဇာတိမာန် တက်ကြွစွာဖြင့် ဂျပန်တို့အား တိုက်ပွဲဝင်ခဲ့သည်။ မွန်အပါအဝင် တိုင်းရင်းသားအားလုံး မျိုးချစ်စိတ်ဓာတ်ကို မြှင့်တင်ပေးနေပေသည်။ လွတ်လပ်ရေးလိုချင်ယင် စစ်ကိုတိုက်ကြဟူသော ဆရာတော်၏ ကြွေးကြော်သံတို့သည် ကျွန်ုပ်တို့အတွက် စွမ်းအားသစ်ကို ဖြည့်တင်းစေခဲ့သည်။

နယ်ချဲ့အစိုးရ၏ဖိနှိပ်မှုကို နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ စစ်ရေးစသည့်ကဏ္ဍအသီးသီးမှ တွန်းလှန်ခဲ့ကြသည့်အနက် စီးပွားရေး နယ်ပယ်မှနေ၍ နယ်ချဲ့အားယှဉ်ပြိုင်အန်တုခဲ့သော မွန်အမျိုးသားကြီး ဦးနာအောက်၏ မျိုးချစ်စိတ်ဓာတ်နှင့်လုပ်ကိုင်ဆောင်ရွက်ပုံတို့သည် နယ်ချဲ့အားတော်လှန်ခြင်းနှင့်အတူ တိုင်းရင်းသား စည်းလုံးညီညွတ်မှုအတွက်လည်း ကဏ္ဍသစ်တရပ်ကို ဖွင့်လှစ်ပေးခဲ့သည်။

မွန်လူမျိုးတို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအတွက် ရှေးမဆွကပင် ဆောင်ရွက်ခဲ့သည့် သမိုင်း အထောက်အထားသာဓကများလည်းရှိပေသည်။ မွန်ဘုရင် ရာဇဓိရာဇ်နှင့် မြန်မာဘုရင်မင်းခေါင်လက်ထက်တွင် မွန်သူရဲကောင်း သမိန်ဗရမ်းတပ်နှင့် မြန်မာမင်းရဲကျော်စွာတပ်တို့ တိုက်ခိုက်ကြရာအင်အားမမျှသဖြင့် သမိန်ဗရမ်းမှာ ဖမ်းဆီးခြင်းခံရပြီး အင်းဝတွင် အကျဉ်းချထားခံခဲ့ရသည်။ ထိုအချိန်တွင် အင်းဝနေပြည်သည်လည်း တရုတ်တို့၏ ပြည်ပကျူးကျော်မှုဒဏ်ကို ရင်ဆိုင်နေရသည်။ တရုတ်ဦးတည်ဘွား၏ စစ်သည်တို့သည် အင်းဝကို ဝန်းရံထားခဲ့၏၊ တလခန့်ကြာသောအခါ မြင်းစီးသူရဲကောင်းချင်း စီးချင်းတိုက်ရန် တရုတ်တို့က အရေးဆိုလာသည်။ အင်းဝစစ်သည်များတွင် တရုတ်စစ်သည်နှင့် စီးချင်းတိုက်ရန် မည်သူမျှမရှိလေရာ မွန်သူရဲကောင်း သမိန်ဗရမ်းသည် တရုတ်စစ်သည်ဂါမဏိနှင့် စီးချင်းတိုက်ရန် သဘောတူလေသည်။ သမိန်ဗရမ်းသည် ဂါမဏိကို စီးချင်းတိုက်အနိုင်ယူလိုက်သည်။ သမိန်ဗရမ်းသည် အင်းဝသားတို့၏ အကျဉ်းသား ဖြစ်နေသော်လည်း အင်းဝပြည်သူတို့ ကြုံတွေ့နေရသော ရန်ကို မျက်နှာရှောင်လွှဲမနေပဲ တွန်းလှန် အနိုင်ယူခဲ့သည်။ သမိန်ဗရမ်း၏ စွမ်းဆောင်မှုသည် မွန်လူမျိုး မြန်မာလူမျိုးဟူ၍ ခွဲခြားထားခြင်းမရှိပဲ ဆွေမျိုးသားချင်းကဲ့သို့ သဘောထားကာ ပြည်ပရန်ကို တွန်းလှန်ခဲ့သည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအတွက် မွန်တို့၏စိတ်ရင်းစေတနာကို ဖော်ပြလိုက်ပေသည်။

ထို့အတူ အင်းဝမဟာသီဟသူရလက်ထက်တွင် မွန်သူရဲကောင်း မင်းစိတုံးသည် အင်းဝတွင် အကျဉ်းချခံထားရစဉ် တရုတ်တို့သည် အင်းဝကို ကျူးကျော်ရန်စခဲ့သည်။ ထိုစဉ်ကလည်း မင်းစိတုံးသည် တရုတ်စစ်သူကြီး စလုံကျော်ခေါင်ကို စီးချင်းထိုး၍ ခေါင်းဖြတ်ကာအနိုင် ယူလိုက်သည်။

ဤသို့ဖြင့် မွန်လူမျိုးတို့သည် ''မြန်မာတို့၏အရေးသည် မွန်တို့နှင့် မသက်ဆိုင်''ဟူသော သဘောမပိုက်ပဲ တနေရမြေတည်းအတွင်း နေကြသည့်အလျောက် မြန်မာတို့၏အရေးသည် တိုင်းရင်းသား အားလုံး၏အရေးဟု သဘောထားကာ ပြည်ပရန်ကို တွန်းလှန်ခဲ့သည်မှာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုအတွက် ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များပင်ဖြစ်သည်။

မွန်လူမျိုးတို့သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုအတွက် ယဉ်ကျေးမှုအခန်းကဏ္ဍမှလည်း စွမ်းဆောင်ခဲ့ပေသည်။ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာကို အစောဆုံး ယုံကြည်သက်ဝင်ခဲ့သည့်လူမျိုးကို လက်ညှိုးညွှန်ပြရမည်ဆိုလျှင် ကျွန်ုပ်တို့၏ မွန်လူမျိုးကိုပင် ညွှန်ပြရပေလိမ့်မည် ဟုတ်ပါသည်။ ထေရဗုဒ္ဓသာသနာတော်သည် သုဝဏ္ဏဘုမ္မိ သထုံပြည်သို့ အစောဆုံး ရောက်ရှိခဲ့သည်။ထိုမှတဆင့် မွန်ရဟန်း အရှင်အရဟံ၏ ကျေးဇူးတော်ကြောင့် ဗုဒ္ဓဘာသာသည်ပုဂံပြည်ပင်သို့ ပျံ့နှံ့ခဲ့သည်။ ဗုဒ္ဓသာသနာတော်ပြန့်ပွားလာခြင်းမှအစ မွန်နှင့် မြန်မာလူမျိုးတို့၏ ဆက်ဆံရေးသည် စတင်ခဲ့ရသည်။ မြန်မာစာပေကို ပြန်လည်ကြည့်လျှင် မွန်စာပေမှ ဆင်းသက် ပေါက်ဖွားလာခဲ့သည်ကို တွေ့ရှိရသည်။ မြန်မာတို့၏ ယဉ်ကျေးမှုဆိုင်ရာ ပန်းပုလက်ရာများသည်လည်း မွန်လူမျိုးတို့၏ယဉ်ကျေးမှုကို အခြေခံထားသည်ကို ပုဂံဝန်းကျင်ရှိ ရှေးဟောင်းဘုရားပုထိုးတို့က သက်သေထူလျက် ရှိပေသည်။ သို့ပါ၍ လူမျိုးတမျိုးနှင့်တမျိုး စာပေမှအစ ယဉ်ကျေးမှုအလယ် လူမှုရေးအဆုံး ကူးလူးဆက်သွယ်မှုသည် တိုင်းရင်းစည်းရုံးညီညွတ်မှုတို့အတွက် များစွာအထောက်အကူ ပြုနေပေသည်။

မွန်လူမျိုးတို့သည် အထက်ဖော်ပြပါအတိုင်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် ရှေးယခင်ခေတ် အဆက်ဆက်မှ ဆောင်ရွက်ခဲ့သည့် နည်းတူ ယခု မျက်မှောက်ခေတ်တွင်လည်း တိုင်းရင်းသား စည်းလုံးညီညွတ်မှုအတွက် ကျရာနေရာမှနေ၍ စွမ်းဆောင်လျက် ရှိနေပေသည်။ မြန်မာပြည်သူ တရပ်လုံးတို့ အနှစ်နှစ်အလလမှ လိုလားတောင့်တခဲ့သော မွန်ပြည်နယ်တည်းဟူသော ပြည်နယ်တနယ်အဖြစ် ရုပ်လုံးဖော်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၉ နှစ်သို့ပင်တိုင်ချေပြီဖြစ်သည်။မွန်ပြည်နယ်ပေါ်ပေါက်လာသည့်အလျောက် မွန်လူမျိုးတို့သည်လည်း မိမိတို့၏ တိမ်မြုပ်ပျောက်ကွယ်လုမတတ် ရှိခဲ့သော မွန်စာပေ အဆင့်အတန်းကိုလည်း ပြန်လည်မြင့်မားလာစေရန် ဆောက်ရွက်လျက်ရှိသည်။

ထို့အတူမွန်တို့၏ သိမ်မွေ့နူးညံ့သော ယဉ်ကျေးမှုအနုလက်ရာတို့နှင့် ရိုးရာအစဉ်အလာတို့ကိုလည်း ပြန်လည်ဖော်ထုတ်မြှင့်တင်လျက်ရှိသည်။ သို့မှသာမွန်တို့၏ ''မွန်ပြည်နယ်''ဟူသော စကားနှင့် ညီညွတ်သောအစဉ်အလာကို ထိန်းသိမ်းရာ ရောက်ပေမည်။ တဘက်၌အမျိုးသားရေးတာဝန်ကို ထမ်းဆောင်သကဲ့သို့ တဘက်၌လည်း မွန်ပြည်နယ်အရေး၊ တို့မှတဆင့် ပြည်ထောင်စု တဝန်းလုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသော အခန်းကဏ္ဍတို့၌တိုးတက်မြင့်မားမှုကို ရရှိအောင်အခြားသော တိုင်းရင်းသားများနှင့်အတူ ဆောင်ရွက်နေပေသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားများ စုပေါင်းနေထိုင်သော ပြည်ထောင်စုနိုင်ငံ ဖြစ်သည်နှင့်အညီ တိုင်းရင်းသားအားလုံးတို့၏ ချစ်ကြည်စည်းလုံးညီညွတ်မှုလည်း ရရှိပေသည်။ နိုင်ငံတနိုင်ငံတွင် စည်းလုံးညီညွတ်မှုအင်အားသည် မရှိမဖြစ် အလိုအပ်ဆုံးသောအရာ ဖြစ်သည်။ အကွပ်မရှိသောကြမ်းသည် ပရမ်းပတာဖြစ်သည်ဟူသော စကားကဲ့သို့ပင် စည်းလုံးညီညွတ်မှုမရှိသော နိုင်ငံသည် မည်သည့်အခါမျှ ငြိမ်းချမ်းသာယာသော လူ့ဘောင်ကိုတည်ဆောက်၍ မရနိုင်မည်မဟုတ်ပေ။ယခုမျက်မှောက်ခေတ်အခြေအနေတွင် ကြုံတွေ့နေသော နိုင်ငံတကာပြဿနာတို့တွင်လည်းပြည်အချင်းချင်းစည်းလုံးညီညွတ်မှုမရှိသောကြောင့်သာ ငြိမ်းချမ်းရေးကို မရရှိခြင်းဖြစ်သည်။

နွားကွဲလျှင် ကျားဆွဲမည်ဆိုသည့် စကားကဲ့သို့ပင် တိုင်းရင်းသားအားလုံးသည် စည်းလုံးညီညွတ်မှုမရှိပါက ငြိမ်းချမ်းရေးကိုမရနိုင်သာသည်မက တပါးသူ၏ဝင်ရောက်စွက်ဖက်မှုနှင့် ဖိနှိပ်ချုပ်ချယ်မှုကိုလည်း ရင်ဆိုင် ရမည်မှာမလွဲပေ။ သို့ဖြစ်ပေရာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံ၏တိုးတက်မြင့်မားမှုအတွက် အဓိကသော့ချက်ပင်ဖြစ်သည်။ တိုင်းရင်းသား အားလုံး စည်းရုံးညီညွတ်မှုရှိမှသာ ပြည်သူတရပ်လုံးကတည်ဆောက်နေသော ဆိုရှယ်လစ်စနစ်ကို အောင်မြင်စွာ တည်ဆောက်နိုင်ပေမည်။ မြန်မာနိုင်ငံသည် ဆိုရှယ်လစ်စနစ်ကိုပီပြင်စွာ အကောင်အထည် ဖော်နိုင်ရန် နှစ်တို့နှစ်ရှည်စီးပွားရေး စီမံကိန်းများ ချမှတ်ကာ လျာထားချက်များ ပြည့်မီ အောင် ဆောင် ရွက်လျက်ရှိပေသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် စီမံကိန်းများ ပေါက်မြောက် အောင်မြင်အောင် ဆောင်ရွက်ရန်မှာတိုင်းရင်းသား တရပ်လုံး၏ တာဝန်ပင် ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် တဦးကောင်းတယောက်ကောင်း ဆောင်ရွက်မှုဖြင့် မအောင်မြင်နိုင်ပေ။ တယောက်အားနှင့်ယူသော်မရ၊တသောင်းအားနှင့်ယူသော်ရ၏ ဆိုသကဲ့သို့ပင် မွန်လူမျိုးအပါအဝင် ပြည်သူတရပ်လုံးက စည်းလုံးညီညွတ်မှုနှင့် အင်တိုက် အားတိုက် ဆောင်ရွက်သွားရပေမည်။သို့ပါမှသာ ကျွန်ုပ်တို့၏ရည်မှန်းချက်လည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ပေမည်။

ထို့ကြောင့်မွန်လူမျိုးတို့အနေနှင့် မွန်အမျိုးသားနေ့၏ ဦးတည်ချက်များနှင့်အညီ မွန်တို့၏စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာအစဉ်အလာ၊ ဓလေ့ထုံးစံတို့ကို ပြန်လည်ကာ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင် သွားသည်နှင့်အတူ တိုင်းရင်းသား အားလုံးနှင့်လည်း တဦးနှင့်တဦး နားလည်မှုယူ၍ ချစ်ကြည်ရင်းနှီးစွာဖြင့် နေထိုင် လုပ်ဆောင်သွားရမည်။ သို့မှသာ ပြည်ထောင်စုကြီး အဓွန့်ရှည်ကြာစွာ တည်တံ့နေရန်နှင့် လွတ်လပ်ရေးအချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်လာသော ပြည်တွင်းပြည်ပရန် ဟူသမျှကိုကာကွယ်တွန်းလှန်နိုင်ပြီး ပြည်သူတရပ်လုံးက အကောင်အထည်ဖော်ဆောင်ရွက်နေသော ဆိုရှယ်လစ်စနစ်၏ ရုပ်လုံးကိုလည်း ပေါ်လွင်အောင်ပီပြင်အောင် ဖော်ထုတ်နိုင်ပေမည်။ သို့ပါ၍ မွန်လူမျိုးတို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် နောင် အစဉ်ကိုလည်း စွမ်းဆောင်သွားရဦးမည်ဖြစ်သတည်း။

မင်းမြသိန်း

## မင်္ဂလာပါ မွန်သဟာတို့

**မိဝင်းဝင်းဌေး**

မွန်နယ်နှင့်ဝေး တို့ရွာလေးဝယ်
ကာလကြာရှည် ပျောက်ကွယ်နေတဲ့
ရိုးရာအမွေ မွန်စာပေကို
စွမ်းကုန်ကြိုးစား အားသစ်များနဲ့
ယနေ့ချိန်မှာ ထုတ်ဖော်ပြီမို့
မွန်နယ်မှာမွေး မွန်သွေးငယ်တိုင်း
မွန်လူမျိုးကို ချစ်ကြပါ။

မွန်နယ်မှာမွေး မွန်သွေးငယ်တိုင်း
မွန်စကားကို ပြောကြပါ။

မွန်နယ်မှာမွေး မွန်သွေးငယ်တိုင်း
မွန်စာပေကို သင်ကြပါ။

မွန်နယ်မှာမွေး မွန်သွေးငယ်တိုင်း
မွန်ယဉ်ကျေးမှုကို ထိန်းသိမ်းပါ။ ။

(မွန်တိုင်းရင်းသားအပေါင်းတို့ စာပေ စကား
ယဉ်ကျေးမှု ထိန်းသိမ်းရေးအတွက် ရည်ရွယ်ပါသည်။)

# ရာဇာဓိရာဇ်၏ စွမ်းရည်

နိုင်ငံသမိုင်းကို ပြန်လည်လေ့လာကြည့်လျှင် ဧကရာဇ်များ၏ အုပ်စိုးစဉ်ကာလအတွင်း မင်းဆက်ပေါင်း များစွာ ပြောင်းလဲခဲ့သည်ကို တွေ့မြင်ကြရမည် ဖြစ်၏။ ရာဇာဓိရာဇ်ကား
ဝါရီဂူမင်းဆက်တွင် အထက်မြက်ဆုံး မင်း၊
စွမ်းရည်အပြည့်ဝဆုံး မင်းတည်း။
အမြော်အမြင်ရှိမှု၊ သဘောထားကြီး သည်းခံနိုင်မှု၊ အမှားနှင့်အမှန်ကို ပိုင်းခြားနိုင်မှု၊ ရဲရင့်ခြင်း၊
ပြတ်သားခြင်း အစရှိသည့် စိတ်ဓာတ်၊ နှလုံးရည်နှင့်
ဓားခုတ်၊ လှံထိုး၊ ဆင်စီး၊ မြင်းစီး အစရှိသည့်
ထိုခေတ် ထိုအခါက သေနင်္ဂဗျူဟာကို တဘက်ကမ်းခပ်အောင် ကျွမ်းကျင်သော
လက်ရုံးရည် စွမ်းရည်တို့၏
နှစ်ရပ်ပေါင်းသော စွမ်းရည်ရှိခြင်းကို ပြည့်ဝသော စွမ်းရည်ရှိခြင်းဟု ဆိုချင်ပါသည်။
ရာဇာဓိရာဇ်သည် ပဲခူးတွင် လာရောက်နန်းစိုက်သောအခါ
မုတ္တမဘုရင် ဗညားဦးနှင့် မိဖုရား သီရိမာတို့မှ
သက္ကရာဇ် ၇၁၁ ခုနှစ်၊ တပို့တွဲလဆန်း
၆ ရက်နေ့တွင် ဖွားမြင်လေသည်။
ဖွားမြင်စဉ်ကပင်လျှာတွင် လျှာစက်ပါသဖြင့် ဗသုန်ဗန်စက် ဟု ခေါ်တွင်လေသည်။ နောင်အခါတွင် ခမည်းတော်က
'ဗညားနွဲ့' ဟု ဘွဲ့ချီတော်မူသည်။ ငယ်စဉ်ကပင်
မိခင် သီရိမာ ကွယ်လွန်သဖြင့်
ဗညားဦး၏ နှမတော် မဟာဒေဝီက ကျွေးမွေး ပြုစုစောင့်ရှောက်ခဲ့လေသည်။ ဗညားနွဲ့၏
ဝမ်းကွဲမွေးချင်းများကား
သားတော် ဗောခုံမှိုင်း၊ သမီးတော် ဒလမည်ဒေါ နှင့် ဒလမည်သီရိ တို့ ဖြစ်ကြလေသည်။

ဗညားနွဲ့ အရွယ်ရောက်လတ်သော် အခါတပါး၌ နှမတော် ဒလမည်ဒေါ်ကို ခိုး၍ ဒဂုံမြို့သို့ ထွက်ပြေးလေသည်။ ခမည်းတော် ဗညားဦးက သိသဖြင့် လိုက်လံဖမ်းစေရာတွင် ပြန်၍မိလာခဲ့ရာ ဗညားနွဲ့အား ပြင်းစွာ အမျက်ထွက်လေ၏။ အရီးတော် မဟာဒေဝီက အတန်တန် တောင်းပန်လေမှ သားတော်အပေါ် အမျက် ပြေ လေသည်။

သို့ရာတွင် ခမည်းတော်၏သံသယသည် သားတော်အပေါ် ထိုစဉ်က စလာတော့သည်။ နာဖျားမကျန်းရှိချိန်တွင် နှမတော် မဟာဒေဝီအား အောက်ပါအတိုင်း မိန့်တော်မူလေသည်။

"ဗညားနွဲ့သည် ရက်စက်ကြမ်းကြုတ်သော သဘောရှိသဖြင့် ပြည်သူပြည်သားတို့ ချစ်ခင်သနားခြင်း ရှိမည်မထင်၊ ထို့ကြောင့် ငါကွယ်လွန်လျှင် သင်းအား မင်းမပြုစေနှင့်၊ သားတော် ဗောခုံမှိုင်းကား ရုပ်ရည် ကျက်သရေနှင့် ပြည့်စုံ သိမ်မွေ့သောသဘောလဲရှိသဖြင့် ပြည်သူပြည်သားတို့နှင့် ညီမျှသင့်တင့်နိုင်လိမ့်မည်ကို ချင့်၍ သူ့ကို မင်းပြုစေ"ဟု ဆိုလေသည်။

ဗညားဦး၏ နှုတ် ထွက် စ ကား သည် မဟာဒေဝီအား အရေးပါ အရာရောက် ဘဝင်မြောက်သွားသော စိတ်ထားမျိုး ရှိလာသည်အထိ ဖြစ်သွားစေတော့သည်။ မိမိပင်လျှင် ဗညားဦးနောက် ထီးနန်းအရိုက်အရာကို ဆက်ခံမည့်မင်းနှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးနိုင်သူဟူ၍ အထင်ရောက်သွားတော့သည်။

မဟာဒေဝီသည် တူမတော် ဒလမည်သီရိ၏ ကြင်လျာတော် သမိန်မရှုနှင့် တွေးရောယှက်တင် ကယုကယင် နေထိုင်ရုံသာမက ဗညားနွဲ့နှင့် ဗောခုံမှိုင်းကို သတ်၍ သမိန်မရှုနှင့်အတူ ထီးနန်းအရိုက်အရာကို ရယူရန်အထိ အကြံကြီးကြံလျက် ဖောက်ပြန်ကာ သားတော်နှစ်ပါးနှင့် ပို၍ ထက်မြက်သော ဗညားနွဲ့ကို အလျှင်လုပ်ကြံရန် ကြံစည်နေတော့သည်။

ဗညားနွဲ့အား တော က စား ခေါ် ၍ လုပ်ကြံရန် စီစဉ်ခြင်း၊ နေရာအကွက်အကွင်းကိုရွေး၍ ချောင်းမြောင်း လုပ်ကြံရန်ကြံစည်ခြင်း၊ သမိန်မရှုကိုယ်တိုင် အရက်မူးယောင်ပြုလျက် ဗညားနွဲ့အား ခြေဖြင့်ခတ်ခြင်း စသည်ဖြင့် မခံချိ မခံသာ ဖြစ်အောင် ရန်စ စော်ကားလာခဲ့သည်။

ဗညားနွဲ့သည် အရီးတော် မဟာဒေဝီနှင့် သမိန်မရှုတို့ လုပ်ကြံမည့် အစီအစဉ်အမျိုးမျိုးကို လိမ္မာပါးနပ်စွာ ရှောင်ရှား၍လည်းကောင်း၊ မင်းမျိုးမင်းသွေးမဟုတ်သူ ယောက်ဖတော် သမိန်မရှု၏စော်ကားမော်ကားပြုခြင်းကို အကြိမ်ကြိမ်သည်းခံခဲ့လေသည်သာမက ရန်မီး ရန်စ ပြေစေငြိမ်းစေရာဟု သဘောပိုက်လျက် အတိုင်ပင်ခံ မင်းကံစီနှင့် တိုင်ပင်လျက် ပဲခူးမှသည် ဒဂုံမြို့သို့ ရှောင်ရှားခဲ့တော့သည်။

ဤသည်ကား ဗညားနွဲ့(နောင် ရာဇာဓိရာဇ်)၏ အမြော်အမြင်ရှိခြင်းနှင့် သည်းခံနိုင်စွမ်းရှိသော စွမ်းရည်တရပ်ပင် ဖြစ်လေသည်။

ဒဂုံမြို့ကို သိမ်းပိုက် ရယူသည်နှင့် သစ်တပ် အခိုင်အမာ တည်ဆောက်လျက် ဗညားနွဲ့သည် အနီးအပါးရှိ မြို့ရွာတို့ကို သိမ်းသွင်း စည်းရုံးလေတော့သည်။ ဤအချိန်ကား ခမည်းတော် ဗညားဦးကိုယ်တိုင် အနာသည်းနှင့်လေပြီ။ တိုင်းပြည်အမှုအခင်းတို့ကို အလျှင်ပြန်မကြည့်နိုင်တော့သဖြင့် မဟာဒေဝီနှင့် သမိန်မရှုတို့ ထင်တိုင်းခြယ်လှယ်ချိန် ရောက်လာတော့သည်။

ပဲခူးတွင် သူတို့၏ ရန်မီးရန်တောက်ဟူသမျှ မကျန်ရလေအောင် အစီအမံများချလေတော့သည်။ ဘုရင့်သားတော် ဗောခုံမှိုင်းကို သံခြေကျင်းခတ်လျက် ထောင်သွင်းအကျဉ်းထားလေပြီ။ မယုံသင်္ကာ ပြုသူမှန်သမျှ တချက်လွှတ်အမိန့်ဖြင့် နှိပ်ကွပ်လျက် ရှိလေပြီ။ သက်တော်ရှည်အမတ်ကြီး ဖြတ်ဇကိုယ်တိုင် နည်းပရိယာယ်သုံးလျက် အသက်မဆုံးအောင် မီးစဉ် ကြည့်ကနေရသည်။

တဘက်တွင်လည်း ဗညားနွဲ့က ဝန်းကျင်မြို့ရွာများကို သိမ်းသွင်းသည့်နည်းတူ တဘက်မှ မဟာဒေဝီနှင့် သမိန်မရှုတို့ကလည်း စိုးရိမ်တကြီးကာကွယ်ရန် ဗညားနွဲ့ရှိရာ ဒဂုံသို့ ချီတက် လုပ်ကြံလေတော့သည်။ တဘက်မှလည်း မဟာဒေဝီမှာ ဘက်တော်သား ဗညားဦး၏ ညီတော် မြောင်းမြစား လောက်ဖျားထံ သဝဏ်စေ၍ ဒဂုံကို နှစ်ဘက်ညှပ်၍ လုပ်ကြံရန် စီစဉ်တော့သည်။

မြောင်းမြစား လောက်ဖျား က စရိယာယ်များသူပင်ဖြစ်လေသည်။ ဒဂုံကို လုပ်ကြံရန်အတွက် လှေတပ်ကြီး ချီလာသော်လည်း လမ်းခုလတ်မှာပင် သောက်စားပျော်ပါးလျက် မြောင်းမြသို့ ပြန်လေသည်။ ဗညားဦးလည်း အနာသည်း၍ အနိစ္စ ရောက်လေတော့သည်။ မြောင်းမြစား၏တပ်တို့မရှိတော့လျှင် ဗညားနွဲ့အဖို့ စစ်လမ်းပွင့်သွားလေသည်။ မဟာဒေဝီနှင့် သမိန်မရှုတပ်တို့သည်သာ ရင်ဆိုင်ရသည်။

နောက်ဆုံးတွင် ပဲခူးမြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ သမိန်မရှုသည်လည်း ဒလမည်သီရိကိုခေါ်ငင်လျက် မုတ္တမသို့ ပြေးလေတော့သည်။ သက္ကရာဇ် ၇၄၅ ခုတွင် ဗညားနွဲ့သည် ရာဇာဓိရာဇ်ဟူသောအမည်ကိုခံယူလျက် နန်းတက်လေသည်။ ထီးနန်းသိမ်းပိုက်သည့်နောက်ပိုင်း မိမိနှင့် တိုက်ဘော်တိုက်ဘက် သူရဲကောင်းများနှင့်တကွ အတိုင်ပင်ခံအပေါင်းတို့အား သင့်ရာ သင့်ရာဘွဲ့များ ချီးမြှင့်ကာ မြို့စားရွာစား ပေးလေသည်။ နောက်ဆုံး ရန်သတ္တရုပြုခဲ့သော အရီးတော် မဟာဒေဝီကိုပင် မွေးကျေးဇူးကို အောက်မေ့ သိရှိသောအားဖြင့် အပြစ်ဒဏ် မစီရင်သည့်အပြင် ဒဂုံမြို့ကိုပင်စားစေရန်ပေးလေ၏။

ရာဇာဓိရာဇ်သည် သူတထူး၏ကျေးဇူးကိုသိတတ်သော မြင့်မြတ်သည့် စိတ်ဓာတ်စွမ်းရည်နှင့်လည်း ပြည့်စုံလေသည်။

ရာဇာဓိရာဇ် ပဲခူးကို အောင်မြင်လေပြီဟု သိသည်နှင့် မြောင်းမြစား လောက်ဖျားက အင်းဝသို့ လူစေ၍ "ကျွန်တော် မြောင်းမြစားလောက်ဖျား ရှိခိုးနားတော်လျှောက်ပ ပါသည် အင်းဝ ရွှေနန်းသခင်အရှင်ဘုရား၊ ယခု ပဲခူးမြို့၌ ဗညားနွဲ့ မင်းပြုသည်ကို အခြေမမြဲခင် ရွှေနန်းသခင်ချီတော်မူပါ၊ ကျွန်တော်လည်း ရေကြောင်းချီမည်၊ အောင်မြင်လျှင် အနှစ်ကိုယူတော်မူ၊ အကာကို ပေးတော်မူပါ"ဟု သဝဏ်စေလျက် လျှောက်လေသည်။

ယင်းစာအရ အင်းဝဘုရင် မင်းကြီးစွာစော်ကဲလည်း စစ်သည်သူရဲ စုရုံးစေလျက် သားတော် မင်းခေါင်၊ ကူခမ်းမင်း၊ စစ်ကိုင်းမင်းတို့ကို သာယာဝတီကြောင်းချီစေလျက် ရခိုင်မင်း၊ တောင်တွင်းမင်း၊ တောင်ငူမင်း၊ ပင်းယမင်း၊ မြေထဲမင်းတို့ကို တောင်ငူကြောင်း ချီစေသည်။

ရာဇာဓိရာဇ်လည်း အင်းဝတပ်များ ချီလာပြီဟုသိသည်နှင့် ကြို၍ စစ်ကို ခံလေတော့သည်။ ပွဲဦးထွက်တိုက်ပွဲတွင် အင်းဝမင်းတပ်များနှင့် ရာဇာဓိရာဇ်၏ တပ်များပါ နှစ်ဘက်စလုံး အထိအခိုက် အရှုအန အကျအဆုံး များလာသဖြင့် အသီးသီး ဆုတ်ခွာကြလေသည်။

အင်း ဝ မင်း တပ် များ အထိအခိုက် အကျအဆုံးများ၍ အရေးမသာကြောင်း သိသည်နှင့် ပူးပေါင်းချီတက် လုပ်ကြံရန် လာသော မြောင်းမြစားလောက်ဖျားသည် အလျင်အမြန် တပ်ရုပ်လျက် ပြန်လေသည်။

ရာဇာဓိရာဇ်သည် ခြေခြင်ငံ စကားဆို၍ မင်းကြီးစွာစော်ကဲထံ ပြေငြိမ်းရေးစကားဆိုသေးသည်။ သို့သော် မြောင်းမြစားလောက်ဖျားသည် အင်းဝမင်းထံ ထပ်မံ၍အောက်ပါအတိုင်း သဝဏ် ဆက်ပြန်သည်။

"မြောင်းမြမြို့စား လျှောက်ပါသည် ဘုရား၊ ယမန်က အလုံးအရင်းနှင့် ကြည်းကြောင်းချီလေရာတွင် ကျွန်ုပ်ကလည်း ရေကြောင်းသာချီလေသည်နှင့် မပေါင်းမိ၍ အရေးတော်မှားရသည်၊ အရှင်မင်းကြီးလည်း ပန်းလှိုင်ရောက်အောင် ချီတော်မူပါ၊ ကျွန်ုပ်နှင့်ပေါင်းမိ၍ မှော်ဘီ၊ ဒလ၊ ဒဂုံကို လုပ်ကြံပြီး၊ သို့လုပ်ကြံ၍ရလျှင် ပဲခူးမြို့က ဗညားနွဲ့ ခံနိုင်မည်လော"ဟု စေသော သဝဏ်ကို မင်းကြီးစွာစော်ကဲ ရလေလျှင် ထပ်မံ၍ စစ်ပြင်ကာ ချီလာလေသည်။

သို့နှင့်ပင် မည်သူ့ကိုမှ ကောင်းကျိုးချမ်းသာကို မပေးခဲ့သော အနှစ် ၄၀ နီးပါးမျှ စစ်ပွဲကြီး စတင်ခဲ့လေတော့သည်။ ရုံဖန်ရုံခါ မြန်မာတို့သည် မွန်တို့ဒေသကို သိမ်းပိုက်နိုင်ခဲ့၍ရုံဖန်ရုံခါ မွန်တို့က မြန်မာတို့နယ်ပယ်ကိုသိမ်းမိလေသည်။

သို့သော်အသီးသီး၏ နေပြည်တော်ကို မည်သူကမျှ မသိမ်းနိုင်ခဲ့။ တခါသော် ရာဇာဓိရာဇ်သည် အင်းဝနေပြည်တော်ကို ဝိုင်းဝန်း ပိတ်ဆို့မိခဲ့သည်။ သို့ရာတွင် 'ပင်းယစကြို့သူမြတ်'ရဟန်းက ထွက်၍ ထောင်းပန်သောကြောင့် ရာဇာဓိရာဇ် တပ်ခေါက်၍ပြန်လေသည်။ ဤတွင်ရှိသေ ထိုက်သူကို ရှိသေလျက် သဘောထား ကြီးမားသော ရာဇာဓိရာဇ်၏ စိတ်နေ သဘောထားကို တွေ့ရမည် ဖြစ်ပေသည်။

အနှစ် ၄၀ စစ်ပွဲဟု ကျော်ကြားခဲ့သော စစ်ပွဲအတွင်း ကိုယ်တိုင် ကြီးကြပ်တိုက်ခိုက်ခဲ့သည့်အပြင် အမြော်အမြင်ရှိခြင်းဟူသော စွမ်းရည်ကြောင့် စစ်သူရဲကောင်းများစွာ မွေးထုတ်နိုင်ခဲ့သည်။

ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော သမိန်ဗရမ်းကဲ့သို့ အမှုထမ်းများကိုလည်းကောင်း၊ စစ်ရေးကျွမ်းကျင်သော လဂွန်းအိမ်ကဲ့သို့ အမှုထမ်းများကိုလည်းကောင်း၊ ဥပါယ်တံမျဉ်နှင့်ပြည့်စုံသော အဲမွန်ဒယာကဲ့သို့သော အမှုထမ်းများကို လည်းကောင်း၊ ပညာအမြော်အမြင်နှင့် ပြည့်စုံသော မင်းကံစီကဲ့သို့သော အမှုထမ်းများကိုလည်းကောင်း စည်းရုံးနိုင်ခဲ့လေသည်။ ရာဇာဓိရာဇ်သည် ရာဇဝင်တွင် စစ်စွမ်းရည်ကောင်းသော မင်းအဖြစ်သာ ကျော်ကြားသည်ဟုအများအားဖြင့် ဖော်ပြထားခဲ့သည်ဖြစ်ရာ အထူးရေးသားရန် မလိုတော့ပေ။ ထင်ရှားပြီး ဖြစ်တော့သည်။ ရာဇာဓိရာဇ်ကိုယ်တိုင် ဦးဆောင်တိုက်ခဲ့သော မြောင်းမြ တိုက်ပွဲမှ ဗညားနွဲ့နှင့် စီးချင်းတိုက်ပွဲ၏ မြင်ကွင်းကို လေ့လာကြည့်ပါ။

ဗညားနွဲ့လည်း ဆင်နှင့်တကွ တံခါးကို ကွယ်လျက် တစောင်းနေသည်ကို ရာဇာဓိရာဇ်လည်း တံခါးအကွယ်ကို အမှတ်မဲ့၍ တိုက်မည်ဝင်၏။ ဆင်ဦးအလွန်တွင် တံခါးစောင်းမှ ဗညားနွဲ့ထွက်၍ တိုက်လေ၏။ ဆင်စွယ်ဖုံးကိုထိုးမိ၍ ဆင်ချင်းပူးလျက်ရှိရာတွင် ဗညားနွဲ့ကခုတ်ရန် ဓားကိုချွတ်၏။ ဓားမကျွတ်သောကြောင့် ချွန်းသီးဖြင့် ရိုက်ရာတွင် ရာဇာဓိရာဇ်၏ နှာဖုံးကွဲလျက် မူးမော်ကာ ပြန်လည်ဆုတ်ခဲ့၏။ အမူးပြေမှ ချိတ်သွင်းပြီး လျှင်ဝင်၍တိုက်ပြန်သည်။ ဗညားနွဲ့ဆင်ကို အစွယ်ချင်းပွေ့မိရာမှ လဲလေတော့သည်။ ဗညားနွဲ့ကို ချွန်းသီးဖြင့် ရိုက်လေသည်။ ဗညားနွဲ့ဆင်လည်း သေတော့သည်၊ ဗညားနွဲ့ကို ရတော်မူလျှင် မြို့မှ ထွက်ခဲ့သည်။ လောက်ဖျားလည်း ပြေး၍ လိုက်လေရာ ရပြန်တော့သည်။

နောက်ပိုင်းတွင် ရာဇာဓိရာဇ်သည် ဦးရီးတော် လောက်ဖျားကို ရန်သူဟု အမှတ်ထား၍ မသတ်ဖြတ်။ ဒဂုံတွင် အေးချမ်းစွာ ဘုရားတရားဆောက်တည်စေလျက် နေစေသည်။ ဤသည်လည်း ပြည့်ဝသော စိတ်ဓာတ်စွမ်းရည်ပင် ဖြစ်တော့သည်။

နောက်ပိုင်း စစ်ပွဲတွင် ကျော်ကြားသော မင်းရဲကျော်စွာကို ဒဏ်ရာနှင့်တကွ မိလေသည်မှ 'ငါ့သား ဆေးဝါးကုသ၍ ကျန်းမာလာလျှင် အင်းဝသို့ ပြန်လိုလျှင်လည်း အင်းဝတိုင် ငါပို့စိမ့်မည်'ဆိုကာ ရာဇာဓိရာဇ်သည် ကိုယ်တိုင် ဆေးပေး ဆေးကုလေကာ သဘောထား ကြီးရှာလေသည်။ ဆေးပေးဆေးကုသည်ကိုမခံယူတော့သဖြင့် မင်းရဲကျော်စွာ ကွယ်လွန်လေသည်။ မင်းရဲကျော်စွာကိုကောင်းစွာ သင်္ဂြိုဟ်သည်။ စစ်ပွဲတွင် အရေးနိမ့်ခဲ့သော ရန်သူသုံ့ပန်းအပေါ်ထားရှိသော ရာဇာဓိရာဇ်၏ သဘောထားတည်း။

အင်းဝဘုရင်မင်းခေါင် အနိစ္စရောက်ကြောင်း ကြားသိသောအခါ 'ငါ့ညီတော်သည် မင်းဖြစ်စဉ် ငါနှင့်ရန်ဘက်ဖြစ်သော်လည်း ယခု အနိစ္စတရားတော်နောက်သို့လိုက်ရလေသည်၊ ငါသာကျန်၏ သင်္ခါရတရားအတိုင်း ငါတို့တွင် မမြဲချေ၊ စစ်ဖက်ပြုရတော့မည့်အခါလည်း မဟုတ်ပြီ၊ ငါလည်း အသက်ကြီးပြီ၊ ပခုံးတဘက်ဖြင့်ထမ်း၍ ပြည်သူပြည်သားတို့၏ အကျိုးကို ဆောင်မည်၊ ပခုံးတဘက်ဖြင့် သံသရာအကျိုး စီး ပွား များအောင် ကုသိုလ်ကောင်းမှု ပြုမည်ဟူ၍သာ ငါကြံတော့မည်'ဟုဆိုကာ ယင်းနေ့မှစ၍ စစ်မှုရေးရာ မစီရင်ပဲ ဘုရား ပုထိုး ဂူ ကျောင်း ဇရပ်တို့ကို တည်ဆောက်လျက် ပိဋကတ်တော်ကိုလည်း ရေးကူးပြုစု၍ သာသနာတော်၏အကျိုးကို ရွက်ဆောင်ကာ ဒါန-သီလ-ဘာဝနာနှင့်သာ နေတော်မူ၏။

နောက် ၂ နှစ်မျှကြာသောအခါ ဆင်ကောင်းတစီးကို အလွန် လိုလားသဖြင့် ဆင်ဖမ်းထွက်ရာတွင် ပေါင်တွင် ခိုက်မိလျက် အရိုးထိတိုင်ရောက်အောင် အနာပြင်းလေသည်။ အနာကိုက်ခဲလွန်း၍ ပဲခူးသို့ အလျင်အမြန်ရောက်စေရန် ဝေါယာဉ်ထက်တွင် တင်လျက် လမ်းတလျှောက်လုံး ဆေးဝါးကုသခဲ့သော်လည်း အနာသည်းလှသဖြင့် လမ်းခရီးတွင်ပင် အနိစ္စရောက်လေတော့သည်။

သက်တော် ၇၂ နှစ်၊ သက္ကရာဇ် ၇၈၃ တွင် ရာဇာဓိရာဇ် အနိစ္စရောက်ခဲ့ပြီ ဖြစ်သော်လည်း သူ၏အမည်၊ သူ၏စွမ်းရည်တို့သည်ကား စံထားစရာအဖြစ် သမိုင်းတွင် ထင်ရှားနေဆဲပါပေတကား။ ။

ဒေါ်လွန်းခင်

# တို့ဓလေ့၊ တို့လူမျိုးနှင့် တို့တာဝန်

## မင်းချမ်းအေး

စာပေနှင့် ဘာသာစကားသည် လူမျိုးတမျိုး၏ အသက်ပင် ဖြစ်ပေသည်။ စာပေနှင့်ဘာသာစကား ကွယ်ပျောက်မည်ဆိုလျှင် လူမျိုးတခုလုံးပါ တိမ်ကောပပျောက်သွားမည် ဖြစ်ပါသည်။ ထို့ကြောင့် လူမျိုးတမျိုး ရပ်တည်နေနိုင်ရေးသည် စာပေနှင့် ဘာသာစကားတွင် မူတည်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

မွန်ဘာသာစာပေနှင့် ယဉ်ကျေးမှုဆက်လက်အသက်ရှင်ရေး အတွက် ပြုစုပျိုးထောင် စောင့်ရှောက်ရမည့် တာဝန်မှာ မွန်အမျိုးသားတရပ်လုံး၏ တာဝန်ပင် ဖြစ်ပေတော့မည်။

တချိန်က ကွယ်ပျောက်လုနီးပါး ဖြစ်ခဲ့ရသော လူမျိုးနှင့် ဘာသာစကား ယဉ်ကျေးမှုများသည် လောကဓံ၏ ဒဏ်ကို အပြင်းအထန်ခံခဲ့ရသော မွန်အမျိုးသားတို့၏ မနေမနားကြိုးစားအားထုတ်မှုကြောင့် မွန်ယဉ်ကျေးမှုအနုပညာနှင့်မွန်လူမျိုးစုသည် မကွယ်ပျောက်ပဲ ခေါင်းဖော်နိုင်ခဲ့သည့်အခြေအနေသို့ ပြန်လည် ရောက်ရှိခဲ့သည်။

ထိုသို့မကွယ်ပျောက်ပဲ ကြိုးစားထိန်းသိမ်းလာခဲ့သော လူမျိုး ဘာသာစကားနှင့် ယဉ်ကျေးမှု မတိမ်ကော မပျက်စီးအောင် မွန်အမျိုးသားတရပ်လုံးက တာဝန်ယူ စောင့်ရှောက်ရပေမည်။

မွန်လူမျိုးသည် ဘာသာရေးကို လွန်စွာ ရိုသေ ကိုင်းရှိုင်းသော လူမျိုးတမျိုး ဖြစ်ပါသည်။ထို့ပြင် လူကြီးမိဘ ဆရာသမားများကိုလည်း အလွန်ရိုသေ လေးစားကြပြီး ကျွေးမွေးပြုစုခြင်း၊ လှူဒါန်းခြင်းကို တာဝန်ကျေပွန်စွာ ပြုလုပ်တတ်ပါသည်။

အချို့သော မွန်တောင်သူလယ်သမားများသည် မိမိတို့၏ လုပ်ငန်းအရပ်ရပ်ပြီးစီး၍ အားလပ်သည့် အချိန်အခါများတွင် ရပ်ဝေးသို့ဘုရားဖူးထွက်ခြင်းဖြင့် ပူဇော်ကြသည်။ ထို့ကြောင့် မွန်လူမျိုးတို့သည် ဘုရားတရားကို ဦးထိပ်ထား၍ ကြည်ညိုကြကြောင်း ထင်ရှားစွာ တွေ့မြင်ကြရပါသည်။

မွန်လူမျိုးတွင် အလွန်ပင်ချစ်စရာကောင်းသော ဓလေ့တခု ရှိပါသည်။ အသိမိတ်ဆွေမဟုတ်ပဲ တဦးနှင့်တဦးသူငယ်ချင်း အဖြစ်သို့ရောက်အောင် မိတ်ဖွဲ့ပေးသော ဓလေ့ပင်ဖြစ်သည်။ ဤကဲ့သို့ မိတ်ဖွဲ့ခြင်းမျိုးကို မိဘလူကြီးများသော်လည်းကောင်း၊ လူငယ်အဖွဲ့များကသော်လည်းကောင်း ပြုလုပ်ဆောင်ရွက်ပေးတတ်ကြသည်။

မိတ်ဖွဲ့ရာ၌အခေါ်အဝေါ်နှစ်မျိုးနှင့်မိတ်ဖွဲ့နည်းသုံးမျိုးရှိပါသည်။ ယောက်ျားအချင်းချင်း၊မိန်းမအချင်းချင်းနှင့် မိန်းကလေးနှင့် ယောက်ျားလေး မိတ်ဖွဲ့ပေးခြင်းမျိုးဖြစ်ပေသည်။ယောက်ျားအချင်းချင်းနှင့် မိန်းမအချင်းချင်းသည် အခေါ် အဝေါ်ချင်း တူညီသော်လည်း ယောက်ျားနှင့်မိန်းကလေး မိတ်ဖွဲ့ပြီး ခေါ်ဆိုသည့် အခေါ်အဝေါ်သည် တမျိုးပင်ဖြစ်ပါသည်။ ဤကဲ့သို့ တဦးနှင့်တဦး မိတ်ဖွဲ့ပေးခြင်းသည် ပျော်ပျော် ပါးပါး ရှိသည့် အပြင် ရင်းနှီးမှုကို အပြည့်အဝရရှိစေသည်။

ဤသို့မိတ်ဖွဲ့ခြင်းမျိုးသည် တနည်းအားဖြင့် လူမျိုးအချင်းချင်းကို စည်းလုံးညီညွတ်စေသည့် သဘောတခုပင် ဖြစ်စေခဲ့သည်၊ အချင်းချင်း ချစ်ခင်ရိုင်းပင်းမှုလည်း ထိရောက်စေပါသည်။

မွန်လူမျိုးတို့သည် ဝိုင်းဝန်းကူညီသောစိတ်၊ သနားကြင်နာတတ်သော မွန်မြတ်သည့် စိတ်ထားမျိုးရှိပါသည်။

မွန်လူမျိုးများသည် အချို့သော လူမျိုးများကဲ့သို့ မိမိ ယုံကြည်သည့်နတ်ကို ပူဇော်ပသသောဓလေ့ကို ယနေ့တိုင် တွေ့မြင်ရပေသည်။

ဤသည်ကိုကြည့်ခြင်းဖြင့် မွန်ဓလေ့၊ မွန်ယဉ်ကျေးမှုသည်မွန်လူမျိုးတို့အပေါ်တွင် တည်မှီနေကြောင်း ထင်ရှားနေပါသည်။ ထို့ကြောင့် မွန်အမျိုးသားတို့တွင် တိုးတက်သော အသိအမြင်၊ စာပေယဉ်ကျေးမှုကို ခုံမင်တွယ်တာသော စိတ်များ မွေးရန် အလွန်လိုအပ်လှပေသည်။ ခေတ်အဆက်ဆက်ကလည်း မွန်စာပေ ယဉ်ကျေးမှုကို မွန်အမျိုးသားများက ယနေ့အထိ ထိန်းသိမ်းခဲ့ကြသည်။ ထိုသို့ထိန်းသိမ်းလာခဲ့သဖြင့် ယနေ့ထက်တိုင် မွန်ဓလေ့ မွန်ယဉ်ကျေးမှုသည် ရှင်သန်ကြီးထွားလျက်ရှိနေခြင်း ဖြစ်သည်။

အိုမင်းရင့်ရော်သော မွန်လူကြီးများ၏ ထိန်းသိမ်း စောင့်ရှောက်လာခဲ့သော ယဉ်ကျေးမှုကို ယနေ့မွန်လူငယ်များက ထိုတာဝန်ကို ပခုံးပြောင်းယူရပေမည်။ ပို၍ တိုးတက်ထွန်းကားလာရန်လည်း မွန်အမျိုးသားတရပ်လုံး မပြတ်လုံ့လဖြင့် ဆက်လက်ကြိုးဆ နေကြရပေမည်။

ယနေ့ မွန်အမျိုးသားလူငယ်များသည် မွန်လူမျိုးတရပ်လုံး မွန်စာပေ တတ်မြောက်ရေး အတွက် ငွေကုန် ကြေးကျခံကာ ဆောင်ရွက်နေကြပြီ ဖြစ်သည်။ ဤသို့ ငွေကုန်ကြေးကျခံပြီး သင်ကြားပြသသော မွန်စာပေကို တဘက်ကလည်း တာဝန်သိစွာ မျိုးချစ်စိတ်ရှိစွာဖြင့် လေ့လာသည်းပူးကြသည်ကို တွေ့ရပါသည်။

သို့ဖြစ်၍ မိမိတို့ချစ်မြတ်နိုးသော စာပေယဉ်ကျေးမှုကို တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်သင့်ပါသည်။ အလားတူပင် မွန်အမျိုးသား မွန်လူမျိုးတို့၏ ဓလေ့ထုံးတမ်း ရိုးရာယဉ်ကျေးမှုများ၊ ဆင်ယင်ထုံးဖွဲ့မှုများကိုလည်း ဖော်ထုတ်လိုက်နာ ကျင့်သုံးသွားပါက တချိန်ကတောက်ပြောင်ခဲ့သော မွန်တို့၏ ယဉ်ကျေးမှုသည် ပို၍ပို၍ အသစ်တဖန် တိုးတက်ထွန်းကားလာမည်မှာ မလွဲပေ။

ထို့ကြောင့် မွန်လူမျိုး၊ မွန်စာပေ၊ မွန်ယဉ်ကျေးမှုကို ထိန်းသိမ်း ဖော်ထုတ်ရန် တာဝန်မှာမူ မွန်အမျိုးသားတိုင်းတွင် တာဝန်ရှိသည့်အလျောက် ရှိပြီးသော မွန်စာအုပ်၊ မွန်စာပေ၊ ပုရပိုက်များကို ဆက်လက်ထိန်းသိမ်းခြင်း မရှိသေးသည်များကိုလည်း ရေးသားဖော်ထုတ်ခြင်းဖြင့် မွန်စာပေကိုတိုးတက် ပြန့်ပွားစေနိုင်မည် ဖြစ်ပါသည်။ ။

မင်းချမ်းအေး

# မွန်စကားပုံများ စကားပြောနေကြသည်

## မောင်မင်းသစ်

"အို....လူငယ်အပေါင်းတို့ ငါတို့ စကားပုံသည် အနက်အဓိပ္ပာယ်နှင့် ပြည့်စုံသောအရာများ ဖြစ်ကြသည်။ ငါတို့တွင် ချိတ်ဆွဲထားသော စံပြုပုံခိုင်းစရာများအတိုင်း ကျင့်ကြံပါလျှင် သင်တို့အားလုံး အရာရာ၌ အောင်ပွဲများ ရရှိကြပေလိမ့်မည်။ လက်တွေ့ ကျင့်ကြံပါကုန်၊ ကြံကြံပါကုန်လော့"

မွန်စကားပုံများသည် မွန်ပြည်သူတို့၏ ဘဝ၊ လူနေမှုစနစ်၊ အလေ့အထများကို အခြေခံ၍ အရပ်ပြော၊ စကားပြော၊ ကြီးစဉ်ငယ်လိုက်ပြောဆိုမှုမှ ပေါက်ဖွားလာခြင်း ဖြစ်သည်။ထိုစကားပုံများတွင် ရှေးမွန်လူမျိုးတို့၏ အတွေးအခေါ် ကောင်းပုံကိုလည်းကောင်း၊ အတွေ့အကြုံ ရင့်ကျက်ပုံကိုလည်းကောင်း၊ သူတို့၏ ရိုးသားသော အကျင့်စာရိတ္တကိုလည်းကောင်း တွေ့မြင်ရမည် ဖြစ်ပါသည်၊ ထိုစကားပုံများကို အသေးစိတ်လေ့လာလေ ယင်းစကားပုံကို ထွင်ခဲ့သူများ၏ ကျေးဇူးမှာ ကြီးမားလေ ဖြစ်သည်။ စကားပုံများက လူငယ်တို့အတွက် စကားများ ပြောနေကြသည်။ မည်သည့်စကားများ ပြောနေကြသနည်း။

၁။ ကြီးသောငါးသည် နက်ရှိုင်းသော ပင်လယ်အောက်၌ ရှိသည်။
လေးနက်သော စကားများသည် လူကြီးသူမများမှာ ရှိသည်။

လူငယ်ဘဦးသည် စာပေဘက်တွင် တော်တော်ခရီးရောက်နေသည်။ အတန်းပညာတွင်လည်း ထိပ်တန်းရောက်နေသည်။ သို့သော် အတွေ့အကြုံများနှင့်ပြည့်စုံနေသော လူကြီးတဦး သိသည့်အသိကို ရဖို့ရန် အလွန်ခဲယဉ်းသည်။ ထို့ကြောင့် မိမိအနေဖြင့် ပန်းကန်လုံးထဲ မုန်တိုင်းထန်၍ မဖြစ်။ လူဆိုသည်မှာ အရွယ်ရောက်လာသည်နှင့်အမျှ မိမိဉာဏ်အဆင့်အတိုင်း အတွေးအခေါ်များ ရင့်ကျက်လာသည်။ ၁၈ နှစ်သားအရွယ်တွင် အမှန်တရားတခုကို လက်ကိုင်ထားသည်။ အသက် ၂၀ အရွယ် ရောက်လာသော် ထိုအမှန်တရားတွင် ချွတ်ယွင်းချက် အနည်းငယ် တွေ့လာသည်။ ၂၅ နှစ်အရွယ်ရောက်သော် ထိုအမှန်တရားမှာ အမှားတခုသို့ ပြောင်းလဲသွားတတ်သည်။ ပြောင်းသွားနိုင်သည်ဟုသာ ဆိုခြင်းဖြစ်သည်၊ ပြောင်းသွားရသည်ဟု မဆိုလိုပါ။ မိမိထက်ကြီးသော လူကြီးသူမများသည် အတွေ့အကြုံနှင့်အတွေးအခေါ် ရင့်ကျက်မှုအပေါ် မူတည်ပြီး လေးနက်ထိမိသော စကားများ ပိုင်ဆိုင်နေမည်မှာ မလွဲပေ။

ထို့ကြောင့် ဝေလငါးကြီးများမှာ နက်ရှိုင်းသော ပင်လယ်အောက်တွင် ရှိသကဲ့သို့ လေးနက်၍ အသိပညာပါသော ဆုံးမချက်၊ လမ်းညွှန်ချက်၊ သုံးသပ်ချက်များမှာ လူကြီးသူမများထံတွင် ရှိသည်။ ယင်းကို ချဉ်းကပ် နည်းမှတ်ရပေမည်။ အဖိုးတန်လှသော မှတ်သားချက်များမှနေ၍ မိမိဘဝအတွက် အမြတ်ထုတ်ခြင်းသည် မှန်ကန်သော နည်းလမ်းဖြစ်ကြောင်း ဤစကားပုံက ညွှန်းဆိုထားသည်။

၂။ အပေးလွယ်လွန်းတော့ အယူခက်၊ စကားများလွန်းတော့ သူများမုန်း။

လူငယ်တို့သည် အရာတခုကို မရခင်၌ ရယူလိုသော ဆန္ဒများ အလေးကဲလေ့ ရှိသည်။ လွယ်လွယ်လေးနှင့် ရမည်ဆိုပြန်တော့လည်း ယူရန်လက်တွန့်တတ်သည်။ ဤသို့ ဖြစ်တတ်သောသဘောလေးတရပ်ကို တင်ပြထားခြင်း ဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် ဤသဘောနှစ်ရပ်ကို ယှဉ်၍ ဆင်ခြင်သင့်သည်။

စကားများသူကို လူမမုန်းသေးပေ။ စကားများလွန်းလျှင်မူ မျက်စောင်းခဲကြတော့မည်။ လူများတွင် ကျောပူနှင့်နားပူ ၂ ခု ရှိသည့်အနက် ကျောပူခံနိုင်သူက များသည်။ နားပူခံနိုင်သူက နည်းသည်၊ အထူးသဖြင့် ယောကျ်ားလေးများ နားပူမခံနိုင်ကြ။ ယင်းကို သတိမူစေရန် စကားပုံခိုင်းထားခြင်းဖြစ်သည်။ 'ဟောင်လွန်းသောခွေး လူမလေး' ဟူသော မြန်မာစကားပုံအတိုင်းပင် ဖြစ်လေသည်။

၃။ အကုန်စဉ်းစားပြီးမှလုပ်လျှင် မှားသော်လည်း နောင်တရစရာမလို။

လူငယ်တို့သည် အလုပ်ကိစ္စတခုကို လုပ်မည်ဟုဆိုလျှင် ထိုအလုပ်ကို လုပ်သင့်သည် မလုပ်သင့်သည်ကို အလျှင် စဉ်းစားကြည့်ရပေမည်။ မည်သည့်အကျိုးဆက်များ ဖြစ်ပေါ်နိုင်ကြောင်း ဆင်ခြင်ကြည့်ရမည်။ ဘက်စုံရှုထောင့်မှ စိစစ်ပြီးမှ ထိုအလုပ်ကို လုပ်တော့မည်ဟု ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ရမည်။ ထိုသို့ဆုံးဖြတ်ပြီးမှ လုပ်သောအလုပ်သည် တစုံတရာသော အတိုင်းအတာဖြင့် မှားယွင်းသွားသည် ဆိုကြပါစို့။ ဘာမျှ နောင်တရစရာ မလို။ အဘယ်ကြောင့်ဆိုသော် မိမိအနေဖြင့် သေသေချာချာ စဉ်းစားပြီးမှလုပ်သော အလုပ်ဖြစ်၍ ဖြစ်သည်။ ထို့ကြောင့် မည်သည့်ကိစ္စကိုမဆို စိစစ်ဝေဖန်သောစိတ်ဓာတ်ဖြင့် ပိုင်းဖြတ်ပြီးမှ လုပ်ဆောင်ရန် ဤစကားပုံက လမ်းပြထားသည်။ လုပ်သည်ဆိုမှဖြင့် အမှားမရှိစေနှင့်ဟုလည်း ညွှန်ကြောင်း ထင်ရှားပေသည်။

၄။ သိတိုင်းလည်း မပြောရ၊ ရှိတိုင်းလည်း မပြရ။

မိမိသိသည့် အကြောင်းကိစ္စကို ပြောသင့် မပြောသင့် ချင့်ချိန်ရမည်မှာ မိမိတာဝန်ပင် ဖြစ်သည်။ ထိုအကြောင်းကို ပြောလိုက်ခြင်းအားဖြင့် နာယူသူအနေဖြင့် မည်မျှအထိ အကျိုးသက်ရောက်မည်၊ မသက်ရောက်မည်ကို စဉ်းစားရပေမည်။ သူ့အတွက်လည်း အကျိုးရှိ၊ မိမိအတွက်လည်း အကျိုးရှိမည်ဆိုလျှင် ပြောသင့်သည်။ အချို့သူများမှာ စေတနာကို ရှေ့တန်းတင်ပြီး ပြော



# ရောင်နီသန်းပြီ တို့ဌာနီ

မင်းရည်မွန်

နံနက်အရုဏ်ဦး၏ နှင်းငွေ့မြူမှုန် ဝိုးတဝါးကြားမှ အရှင်သူရိန်နေမင်းသည်ကား ရောင်နီလေးပေးကာ ထွက်ပေါ်လာတော့မည်။ ထိုကဲ့သို့ပင် ကျွန်ုပ်တို့၏ မွန်စာပေယဉ်ကျေးမှု ရောင်နီသည်လည်း မွန်လူမျိုးတို့အပေါ်တွင် စတင်၍ သက်ရောက်လာချေပြီ။ နေမင်းကြီးမပေါ်မီ လောကဓာတ်တခုလုံး မှောင်နေသကဲ့သို့ ကိုလိုနီလက်အောက်တွင်လည်း မွန်လူမျိုးတို့၏ စာပေယဉ်ကျေးမှု တိမ်မြုပ်ကာ အမှောင်ဘဝ ရောက်နေခဲ့သည်။ ဤသို့ဆိုလျှင် နေမင်းကြီးနှင့် အလားသဏ္ဍာန်တူသော မွန်တို့၏ စာပေယဉ်ကျေးမှု ရောင်ခြည်ကား မွန်လူမျိုးတို့အပေါ် ထွန်းလင်းတောက်ပနေသော် မွန်လူမျိုးတို့၏ ဘဝသည်လည်း တိုးတက်၍ နေပေမည်။

ထို့ကြောင့် စာပေယဉ်ကျေးမှုနှင့် လူမျိုး၏ တိုးတက်ခြင်းတို့သည် တိုက်ရိုက်အချိုးတူသည်ဟု ဆိုရပေမည်။ စာပေတိုးတက်လျှင် လူမျိုးတိုးတက်ပြီး စာပေပပျောက်လျှင် လူမျိုးလည်း ပပျောက်မည်တည်း။ ထို့ကြောင့် စာပေယဉ်ကျေးမှုသည် လူမျိုးတမျိုး၏ တိုးတက်မှုတွင် အဓိကအခန်းမှ ပါဝင်နေ၏။

သို့ဆိုလျှင် ယနေ့ ကျွန်ုပ်တို့ မွန်လူမျိုးတို့၏ စာပေယဉ်ကျေးမှုသည်ကား ရောင်နီသန်းစ၊ပြန်လည်ဆန်းသစ်စ၊ ထူထောင်စဟုဆိုလျှင် မှားအံ့မထင်။ အဘယ်ကြောင့်ဆိုသော် အတိတ်သမိုင်းကို ပြန်ကြည့်သော် မွန်လူမျိုး စာပေယဉ်ကျေးမှုသည် မြုပ်တခါပေါ်တလှည့်နှင့် ခေတ်ရေစီးကြောင်းတွင် မျောပါနေရသည်။ မြန်မာနိုင်ငံ ကျွန်ဘဝသို့ရောက်ရှိရာတွင် မွန်တို့သည် အစောဆုံး ကျွန်ဘဝကို ရောက်ခဲ့သည်။ ထို့ကြောင့်လည်း မွန်ယဉ်ကျေးမှု စာပေတို့သည်ကား ကိုလိုနီစနစ်ဆိုးအောက်တွင် ကျွန်ဘဝအဖြစ် နစ်မြုပ်ခဲ့ရပြန်သည်။ ကျွန်ဘဝမရောက်မီ မွန်လူမျိုးလေးသန်းခန့်ရှိရာမှ ကိုလိုနီခေတ် လူမျိုး စာပေ တိမ်မြုပ်မှုကြောင့် လွတ်လပ်ရေးရချိန်တွင် မွန်လူမျိုး ရှစ်သိန်းအထိ နည်းပါးသွား၏၊ လွတ်လပ်ရေးရပြီးမှ မွန်လူမျိုးတို့၏ စာပေယဉ်ကျေးမှုကို ပြန်လည် ထူထောင်လာရာ မွန်အမျိုးသားနေ့ကိုလည်း တနှစ်တကြိမ် သုံးဆယ့်ရှစ်ကြိမ်တိုင်တိုင် ကျင်းပပြီးစီးပြီး ဖြစ်၏။ သို့သော် ထင်ထင်ပေါ်ပေါ် မရှိလှပေ။ သို့သော် မွန်လူမျိုးတို့ စာပေယဉ်ကျေးမှုသည်ကား ရာမညဌာနီတွင် ရောင်နီသန်းလာပြီဟု ဆိုရပေမည်။

အတိတ်သမိုင်းဆိုသည်ကား ခေတ်တခေတ်၌ လူမျိုးတမျိုး၏ ကြေးမုံပြင်ဖြစ်သလို အတိတ်သမိုင်းကို ပြန်လည် သုံးသပ်ကြည့်သော် မွန်တို့သည် ခရစ်တော် မပေါ်မီကပင် မြန်မာနိုင်ငံ၌ ပထမဆုံး ဝင်ရောက်လာသော ရှေးဟောင်းလူမျိုးစုတွင် ပါဝင်လေသည်။ အချို့ကား မြန်မာနိုင်ငံအောက်ပိုင်း မုတ္တမပင်လယ်ကွေ့၏ မြောက်ဘက်တဝန်းသို့ ရောက်ရှိလာကြပြီး ယက္ခလူမျိုးတို့ကို တိုက်ထုတ်ကာ နေထိုင်ကြ၏၊ အချို့မှာ ဧရာဝတီမြစ်နှင့် သံလွင်မြစ်ကြား ကုန်းမြင့်တောင်တန်းကြီးတလျှောက်တွင် မြို့ရွာပြုစု နေထိုင်ပြီး နောက် ကာလ ရှည်လျားလာသောအခါ တောင်ဘက်သို့ ပြောင်းရွှေ့လာကာ မြစ်ဝတွင် နေထိုင်ကြ၏။ အချို့ကား အိန္ဒိယပြည် အရှေ့မြောက်ပိုင်းမှ ဝင်လာကာ အောက်မြန်မာပြည်တွင် လာရောက်နေထိုင်ကြ၏။

မွန်တို့ဝင်ရောက်လာပြီး မရှေးမနှောင်းတွင်ပင် တိဗက်မြန်မာလူမျိုးတို့လည်း ဝင်ရောက်လာ၏။ ထိုခေတ် ထိုအခါက မွန်တို့သည် အခြားအခြားသော လူမျိုးများထက် လူဦးရေ၊ ယဉ်ကျေးမှု၊ အတတ်ပညာ၊ စီးပွားရေး အင်အားတို့တွင် သာလွန်နေဟန် ရှိ၏။ မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော မြို့ပြထီးနန်းတည်ထောင်ကာ မင်းဆက်များနှင့် စိုးစံခဲ့သည့် လူမျိုးဖြစ်လေသည်၊ မွန်စာပေသည်လည်း ရှေးခေတ် မွန်စာပေ၊အလယ်ခေတ် မွန်စာပေ၊ ယခုခေတ် မွန်စာပေဟု သုံးမျိုးရှိခဲ့သည်။ မွန်မင်းဆက်လည်း သုံးဆက်ရှိခဲ့သည်။ ပထမမင်းဆက်မှာ သီဟရာဇာမင်းမှ မနူဟာမင်းထိ မင်းပေါင်း ၅၇ ဆက်ဖြစ်သည်။

ထိုစဉ်က သထုံပြည် သုဝဏ္ဏဘူမိသည်ကား မွန်တို့၏ အရှေးကျဆုံးသော ဗုဒ္ဓဘာသာ၊ စာပေ၊ ယဉ်ကျေးမှု ထွန်းကားတိုးတက်ရာ မြို့တော်တခု ဖြစ်လေသည်။ သက္ကရာဇ် အေဒီ ၁၀၅၇ ခုနှစ်တွင် အနော်ရထာမင်းသည် မွန်ဘုရင် မနူဟာမင်းကို တိုက်ခိုက်အောင်မြင်ပြီး မင်းနှင့်တကွ ရဟန်းရှင်၊ လူပညာရှိများကို ပုဂံသို့ခေါ်ယူပြီး မွန်ပညာရှင်များကြောင့် ပုဂံခေတ်တွင် ရှေးခေတ် မွန်ပညာသည် ထွန်းကားခဲ့သည်။

ဒုတိယမင်းဆက်သည် ဟံသာဝတီ ပဲခူးတွင် သမလ၊ဝိမလမှစ၍ တိဿမင်းထိ မင်းပေါင်း ၁၇ ဆက် စိုးစံခဲ့သည်။ ထိုမင်းဆက်တလျှောက် စာပေမှာ ထွန်းကားခြင်း မရှိခဲ့ပေ။ တတိယမွန်မင်းဆက်တွင် မုတ္တမဘုရင် မဂဒူးခေါ် ဝါရီရူးမှ စခဲ့၏။ ဗညားဦး၊ ရာဇာဓိရာဇ်၊ ရှင်စောပုတို့ ပဲခူးတွင် နန်းစိုက်ပြီး ယင်းတို့လက်ထက်တွင် အလယ်ခေတ်စာပေမှာ အနည်းငယ် ထွန်းကားတိုးတက်လာ၏။ ထို့နောက် ဓမ္မစေတီမင်းလက်ထက်တွင် မွန်စာပေမှာ ပိုမို တိုးတက်လာသည်။ သက္ကရာဇ် ၁၁၁၉ ခုနှစ် ပြမောင်မိရာဇ်မင်း လက်ထက်တွင် ရန်သူတို့အား အရေးနိမ့်ပြီး တတိယမွန်မင်းဆက် ပြတ်သွားခဲ့သည်။ မွန်မင်းဆက်ပြတ်သည်နှင့်အညီ စာပေသည်လည်း မှေးမှိန်ခဲ့ရပြန်သည်။

သမိုင်းကိုပြန်လည်သုံးသပ်သော် မွန်လူမျိုးစာပေသည် တချိန်က အင်အားကြီးမားပြီး နယ်ပယ်ကျယ်ပြန့်ခဲ့၏။ ယိုးဒယားပြည်တွင်လည်းကောင်း၊ ပုဂံ၊ အောက်မြန်မာပြည် နေရာအနှံ့တွင်လည်းကောင်း မွန်တို့၏ စာပေ၊ ယဉ်ကျေးမှု အမွေအနှစ်များကို တွေ့ကြရ၏။ ဤမျှ နယ်ပယ်ကျယ်ဝန်းခဲ့သော အင်အားကြီးမားခဲ့သည့် မွန်တို့ဌာနီသည်ကား ယခုအခါ ဆယ်မြို့နယ်လောက်မျှကိုသာ မွန်ပြည်နယ်ဟု သတ်မှတ်နိုင်တော့သည်။ မွန်စာပေ၊ ယဉ်ကျေးမှု၊ ဘာသာစကားတို့သည်ကား နစ်မြုပ်ပျောက်ကွယ်လု ဖြစ်ခဲ့ရသည်။

ယနေ့ ကျွန်ုပ်တို့သည် သမိုင်းကိုထောက်ရှု၍ ရှေ့ဆက် ဘာလုပ်ကြရမည်ကို တွေးတောရပေမည်။ ထိုသို့တွေးသော် ထွက်ပေါ်လာမည့် အဖြေကား ယခုအချိန်ကာလမှ အနန္တအချိန်ကာလအထိ မွန်လူမျိုးတို့၏ဓလေ့၊ စာပေ၊ ယဉ်ကျေးမှု၊အနုပညာတို့သည်ကား ထွန်းကား တိုးတက်လျက်နှင့် မွန်လူမျိုးတိုင်း ပခုံးပြောင်းတာဝန်ယူ ဆောင်ရွက်ရပေမည်ဆိုသည့် အဖြေသာထွက်လာပေမည်။

ယခုအခါ နိုင်ငံတော်အစိုးရက ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်နေ့မှစပြီး အခြေခံဥပဒေအရ သထုံခရိုင်နှင့် မော်လမြိုင်ခရိုင်ရှိ ဆယ်မြို့နယ်ကို မွန်ပြည်နယ်ဟု သတ်မှတ်ပေးလိုက်ခြင်းဖြစ်သည်။ အဓိကအနေနှင့် မွန်ပြည်နယ်အတွင်းရှိ မွန်အမျိုးသားတိုင်းသည် မွန်စာပေ၊ ယဉ်ကျေးမှု၊ ဘာသာစကားတို့ကို သိရှိနားလည်ကြရပေမည်။ ယခု မွန်ပြည်နယ်တွင် လူဦးရေ ၁၂ သိန်းကျော်ရှိပြီး တဝက်လောက်မျှသာ မွန်စကားကို ပြောတတ်ကြပြီး မွန်စာပေတတ်သူမှာလည်း နည်းလှသည်ဟု ဆိုရပေမည်။ ထို့ကြောင့် မွန်စာပေတိုးတက်ရန် မွန်လူမျိုးတို့အပေါ်တွင် တည်နေပေသည်။ မွန်အမျိုးသားတိုင်းသည် တက်ကြွသော စိတ်ဓာတ်၊ စာပေကိုမြတ်နိုးသော စိတ်ဓာတ်ကို မွေးရပေမည်။ သို့မှသာလျှင် မွန်တို့၏ ရာမညဌာနီသည် တိုးတက်လာမည်ကား လွဲမည် မဟုတ်ပေ။

လာမည့် တပို့တွဲလဆုတ် ၁ ရက်နေ့သည် မွန်အမျိုးသားတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော မွန်အမျိုးသားနေ့ဖြစ်ရာ ယင်းနေ့တွင် ရာမညဌာနီသည်ကား စည်ကားသိုက်မြိုက်လျက် မွန်အမျိုးသားတိုးတက်မှုကို ရှေးရှု နေပေမည်တည်း။ မွန်အမျိုးသားတိုင်း ခေါင်းချင်းဆိုင်၍ လူမျိုးတိုးတက်ရေးအတွက် ဆွေးနွေးတိုင်ပင် အကောင်အထည် ဖော်ကြရမည်။ မွန်စာပေသင်တန်း၊ စကားပြောသင်တန်း၊ အနုပညာ ယဉ်ကျေးမှုသင်တန်းများကို မြို့ရွာအနှံ့ သင်တန်းများ စုပေါင်း ဖွင့်လှစ် ဆောင်ရွက်သင့်စေသည်။

မွန်လူမျိုးတိုင်းလည်း နိုင်ငံကိုချစ်သော၊ လူမျိုးကိုချစ်သော၊ စာပေကို ချစ်သော၊ ယဉ်ကျေးမှုကို မြတ်နိုးသော၊ အနုပညာကို ချစ်မြတ်နိုးသော စိတ်ဓာတ်ကို မွေးကြရမည်။ မိမိတို့ဓလေ့ထုံးတမ်း အစဉ်အလာကိုလည်း မပျက်မစီး၊မတိမ်ကော မပပျောက်ရလေအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ရန်ကား ကျွန်ုပ်တို့ မွန်လူမျိုးတို့၏ တာဝန်ပင် မဟုတ်ပါလော။

နိဂုံးချုပ်အနေဖြင့်ဆိုရသော် တပို့တွဲလဆုတ် ၁ ရက်နေ့တွင် ကျင်းပမည့် မွန်တို့၏ အမျိုးသားနေ့ကို လှိုက်လှဲစွာကြိုဆိုယင်း မွန်တို့၏ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု တိုးတက်စေရန် ရည်သန်လျက်ဖြင့် ကျွန်ုပ်တို့ရာမညဌာနီ၏ စာပေ၊ ယဉ်ကျေးမှု ရောင်နီသန်းနေပြီဖြစ်သော အချိန်မှ နေမင်းရောင်ခြည်နှယ် ထွန်းလင်းတောက်ပလာမည့် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာရောင်ခြည် ထွန်းလင်းတောက်ပလာချိန်ကို ကြိုဆိုယင်းဖြင့်....။ ။

မင်းရည်မွန်

## သာစွလာလေ ရာမညဌာနေ

မိလေးနွယ် [ ရွှေခိုင်မြေ ]

* ဟင်္သာစံနန်း စခန်းသာဝယ်
ရွှေပဒေသာများ ဖြန့်ထားသည့်နှယ်
ဘယ်ဝယ်ရှုတိုင်း မှိုင်းမို့တောင်စွယ်
စေတီသွယ်တန်း တောင်ခါးပန်းမယ်
ရှုဖွယ်ခလေ့ တွေ့ရပေမယ်။

* နှုတ်ချိုအေးမြ မွန်လုပျို့ရွယ်
ဘယ်မမေ့နိုင် မှိုင်ရရှာတယ်
မယ်မဒ္ဒီမျိုး အဖိုးမဖြတ်နိုင်တယ်
သဒ္ဒါဖွယ်စိတ်ထား ရှားလှကမ္ဘာဝယ်
ချစ်ဖွယ်ခလေ့ တွေ့ရပေမယ်။

* စာပေသာသနာ ဘာသာမွေ့နှယ်
နေသဖွယ်လင်း ရောင်ချင်းဖြာတယ်
ဘယ်တော့မမှိန် ထိန်လင်းစွာရယ်
ဆယ်ကမ္ဘာတိုင် မယိုင်ဖို့ကွယ်
ထိန်းသိမ်းကြဖို့ တို့တာဝန်ကွယ်။

* တိုးတက်ဖို့ဆောင် မောင်မယ်တို့ရယ်
မွန်ဝယ်များလှ ချစ်စရာ့အမွေကွယ်
ငယ်ရွယ်တို့များ အားစိုက်ရမယ်
စေတနာ့အရင်း သန့်ရှင်းဖြူတယ်
သာစွဌာနေ လာစေချင်တယ်။ ။



# မွန်တို့၏ စာပေနှင့် ယဉ်ကျေးမှု

မင်းမင်းနိုင်

စာပေသည် ဘာသာစကားယဉ်ကျေးမှု၏ မှတ်တိုင်ဖြစ်သည်။ တနည်းအားဖြင့် ဆိုရသော် စာပေနှင့် ဘာသာစကားသည် လူမျိုးတမျိုး၏ အသက်ပင်ဖြစ်သည်။ စာပေနှင့် ဘာသာစကား ကွယ်ပျောက်သွားပါက လူမျိုး တိမ်ကောပျောက်ကွယ်သွားမည် ဖြစ်ပါသည်။

ထို့ကြောင့် လူမျိုးတမျိုး ရပ်တည်နေနိုင်ရေးသည် စာပေနှင့် ဘာသာစကား ယဉ်ကျေးမှုအပေါ်တွင် မူတည်နေကြောင်းကို လူတိုင်းအသိပင် ဖြစ်ပါသည်။ သို့ဖြစ်၍ မွန်စာပေ ဘာသာစကားနှင့်ယဉ်ကျေးမှုများ ဆက်လက် ရှင်သန်ဖွံ့ဖြိုးရေးအတွက် ပြုစုပျိုးထောင်ရမည့်တာဝန်မှာ ယခု ပစ္စုပ္ပန်တွင် လူကြီးလူငယ်မရွေး မွန်တမျိုးသားလုံး၏ တာဝန်ပင် ဖြစ်ပေတော့သည်။

မွန်တို့၏စာပေနှင့် ယဉ်ကျေးမှုအကြောင်းကို မီးမောင်းထိုး၍ လေ့လာဝေဖန် အကဲခတ် ဆုံးဖြတ်ကြည့်မည်ဆိုပါက ကဝိရှင်ပဂေးပညာရှိ သုတေသီတို့၏ အဆိုအရ မွန်လူမျိုးတို့သည် ယိုးဒယားတွင်ရောက်ရှိနေပြီး 'ကြွမ်း'ဟူသော အမည်နှင့် မဲနာမ်မြစ်ဝှမ်းတွင် ဒွါရဝတီအမည်ဖြင့် တိုင်းပြည်တခုကို တည်ထောင်ခဲ့ပါသည်။

မြန်မာပြည်တောင်ပိုင်း အရှေ့ဘက်မှစ၍ မြန်မာပြည်တွင်းသို့ ဝင်ရောက်ခဲ့ပြီး သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဧရာဝတီမြစ် ဝကျွန်းပေါ်ဒေသများတွင် ပျံ့နှံ့ခဲ့ပါသည်။ မွန်တို့သည် အိန္ဒိယ ယဉ်ကျေးမှုများကိုရရှိခဲ့ပြီး ယဉ်ကျေးသော မွန်လူမျိုးများ ဖြစ်လာပါသည်။

ခရစ်တော် ၆ ရာစုထိုး မွန်ကျောက်စာကို ယိုးဒယားနိုင်ငံ ပရပတုံနှင့်၊ ၈ ရာစုထိုး လေ့ဗူရီကျောက်စာကို ထောက်ရှုခြင်းဖြင့် ၆ ရာစုမတိုင်မီကမွန်တို့သည် စာပေနှင့် ယဉ်ကျေးမှုများကို ပိုင်ဆိုင်နေကြောင်း တွေ့ရှိရပါသည်။

ရွှေတိဂုံစေတီ မွန်ကျောက်စာအရ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူစဉ်အခါတွင် မွန်ကုန်သည်ညီနောင် နှစ်ဦးဖြစ်သော တဖုဿနှင့် ဘလ္လိကတို့သည် ကူးသန်းရောင်းဝယ်ရေး ကိစ္စနှင့် မဇ္ဈိမဒေသသို့ သွားရောက်ပြီး မြတ်စွာဘုရား၏ ဆံတော်ဓာတ်တော် ၈ ဆူကို ရခဲ့၍ ဥက္ကလာပမင်း၏အကူအညီဖြင့် တြိကုဋ္ဌ ခေါ် ဒဂုံမြို့တွင် ဗုဒ္ဓဝါဒကို ယုံကြည်ကြ၍ စေတီတည်ထားပြီး ကိုးကွယ်ကြပါသည်။

ထိုနောက် သီရိဓမ္မာသောကမင်း လက်ထက်တွင် တတိယ သင်္ဂါယနာတင်သည်။ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုပုဂ္ဂိုလ်များ စေလွှတ်ခဲ့ပါသည်။ ဘီစီ ၂၅၀ ခန့်က သောဏထေရ်နှင့် ဥတ္တရထေရ် နှစ်ပါးတို့ကို အမှူးပြု၍ ရဟန်း သံဃာတော်များသည် သုဝဏ္ဏဘူမိသို့ ကြွချီတော်မူပြီး မွန်လူမျိုးအတွက် ဗုဒ္ဓဝါဒအယူကို ယူဆောင်ခဲ့ပါသည်။ သုဝဏ္ဏဘူမိမှ ရှင်ဗုဒ္ဓဃောသ သည် အေဒီ ၄ ရာစုတွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) မှ ပိဋကတ်သုံးပုံကို မွန်အက္ခရာဖြင့် ကူးယူခဲ့ပြီး မွန်တို့သည် အိန္ဒိယ တောင်ပိုင်း ပလ္လဝ ကဒံပအက္ခရာမှတဆင့် အက္ခရာစာပေကိုရခဲ့သည်ဟု သုတေသီများ အဆိုပြုရေးသားခဲ့ကြပါသည်။

ထင်ရှားသော ကျောက်စာများ အကြောင်းကို သက်သေသာဓက အထောက်အထားများပြု၍ ရေးသားမည် ဆိုသော် အေဒီ ၅ စုနှစ်ထိုးနှင့် ၆ ရာစုထိုး ယိုးဒယားနိုင်ငံရှိ ပရပတုံ မွန်ကျောက်စာ၊ အေဒီ ၇ ရာစုနှင့် ၈ ရာစုထိုး လေ့ဗူရီကျောက်စာ၊ အေဒီ ၁၁ နှင့် ၁၃ ရာစုထိုး လင်ဖွန်းကျောက်စာ၊ မြန်မာနိုင်ငံ ဘားအံမြို့အနီးရှိ ကော့ဂွန်းဂူ၊ သထုံမြို့ရှိ ရွှေတိဂုံစေတီတို့တွင် မွန်ကျောက်စာများ အထင်အရှားရှိနေပါသည်။ ၁၀ ရာစု နောက်ပိုင်း မွန်သမိုင်းကို အထောက်အပံ့ပြုခဲ့ပါသည်။ ၁၁ ရာစုမှ ယနေ့တိုင်အောင် ပုဂံတွင် မွန်ကျောက်စာများကို ရှာဖွေတွေ့ရှိနိုင်ပါသည်။ မြန်မာပြည်အနှံ့အပြားတွင် ရှာဖွေလေ့လာကြည့်သော် ကျောက်ဆည်၊ ပြည်၊ ပဲခူး၊ အရှေ့ရွှေနံ့သာနှင့် သထုံမြို့များတွင် တွေ့ရှိနိုင်ပါသည်။ ဟံသာဝတီခေတ်တွင် မွန်ကျောက်စာနှင့် ခေါင်းလောင်းစာများကို ပုသိမ်၊ ရန်ကုန်၊ ပဲခူး၊ ပုဂံ၊ သထုံ၊ မုတ္တမ၊ ကေလာသတောင်၊ ကျိုက်မရော၊ တားဝယ်စသော မြို့များတွင် တွေ့ရှိရလေသည်။

ပုဂံခေတ်တွင် မြစေတီကျောက်စာကို လေ့လာသုံးသပ်ခြင်းဖြင့် မွန်စာပေမှ မြန်မာစာပေများ ပြန်ဆိုထားသည်ကို တွေ့ရှိရပါသည်။ မွန်ရဟန်း ရှင်အရဟံ၏ ရှေ့ဆောင်သာသနာပြုချက်အရ အနော်ရထာမင်းစောသည် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ယုံကြည်သာပြီး မွန်အက္ခရာဖြင့် ပါဠိဘာသာ အုတ်ခွက်စာများကို ဘုရားဆင်းတုတော် ကျောဘက်တွင် ကမ္ပည်း ရေးထိုးခဲ့ပါသည်။

ကျန်စစ်သားမင်း လက်ထက်တွင် မွန်ကျောက်စာ အမြောက်အမြား ရေးထိုးခဲ့သည်။ ကျန်စစ်သားမင်းသည် မိမိ၏အတ္ထုပ္ပတ္တိသာမက နန်းတည်စာတမ်းကိုပါ မွန်ဘာသာဖြင့် ကမ္ပည်းရေးထိုးခဲ့သည်။ ပြုခဲ့သမျှသော ကုသိုလ်ကောင်းမှု အဝဝကိုလည်း မွန်ဘာသာဖြင့် ကမ္ပည်းထိုးခဲ့သည်။ အခုကျန်စစ်သား မင်းသည် မွန်တို့၏ ယဉ်ကျေးမှုအနုပညာနှင့် စာပေထွန်းကား တိုးတက်ဖြန့်ပွားရေးကို ဦးစားပေး၍ ဆောင်ရွက်ခဲ့သဖြင့် ပုဂံခေတ်တွင် စာပေယဉ်ကျေးမှုများ ထွန်းကားလာခဲ့သည်။ ထို့ကြောင့် ကောင်းမှု ကုသိုလ်တော်များဖြစ်သည့် ပြည် ရွှေဆံတော်ဘုရား၊ တောင်စွန်း ကေလာသတောင်အနီးရှိ ကျိုက်ဘဲနှင့် ကျိုက်ပလင်ဘုရားများကို ပြုပြင်တော်မူသည့် အကြောင်းများကိုလည်း မွန်ဘာသာဖြင့် ရေးထိုးခဲ့ပါသည်။

အနန္ဒာဘုရားတွင် စဉ့်ကွင်းစာပေါင်းတထောင်၊ မြင်းပြဂူ၊ အပယ်ရတနာ၊ ဖြတ်စရွှေဂူ၊ လောကထိပ်ပန်ပုထိုးသားများ၊ နဂါးရုံဂူပျောက်ကြီးနှင့် အလိုပြည့်ဂူဘုရားများတွင် မွန်အက္ခရာ ကမ္ပည်းစာများ တွေ့နိုင်ပါသည်။ ကျန်စစ်သားမင်း၏ သားတော် ရာဇကုမာရ် အေဒီ ၁၁၁၂ မြစေတီကျောက်စာတွင် မြန်မာဘာသာ စာပေများ တွေ့ရှိရသည်။ နရပတေ့စည်သူ မင်းလက်ထက်တွင် မွန်စာပေများသည် ဆီကုန်ခန်းနေသော မီးအိမ်ကဲ့သို့ မှေးမှိန်သွားပြီး မြန်မာစာပေများ ထွန်းကားလာခဲ့ပြန်သည်။

ဟံသာဝတီခေတ်တွင် မွန်ဘုရင်မရှင်စောပုနှင့် သမက်တော်ဖြစ်သူ ရာဇဓိပတိ (ဓမ္မစေတီ) တို့လက်ထက်တွင် မွန်စာပေများ ဆက်လက်၍ ဖွံ့ဖြိုးရှင်သန်ထွန်းကားခဲ့ပြန်သည်။ ဟံသာဝတီ

ခေတ် မွန်ကျောက်စာနှင့် ခေါင်းလောင်းစာများကို ပုသိမ်၊ ရန်ကုန်၊ ပဲခူး၊ ပုဂံ၊ သထုံ၊ မုတ္တမ၊ ကျိုက်မရော၊ ထားဝယ် စသောမြို့များတွင် တွေ့ရှိရလေသည်။ ဟံသာဝတီခေတ် ထို မွန်ကျောက်စာများကို သထုံမြို့ ရွှေစာရံစေတီ၊ ပဲခူးတိုင်းကဝ မြို့နယ် ဖလေးကျေးရွာ ကျိုက်မကော်ဘုရားနှင့် ထန်းတော်ကြီး ရွာ ဆုတောင်းပြည့်ဘုရား၊ တောင်စွန်း ကေလာသဘုရားနှင့် ရွှေတိဂုံစေတီအရှေ့မုခ် အလယ်ပစ္စယာတို့တွင်တွေ့ရှိရလေသည်။

မွန်ရာဇဝင် အကြောင်းကို ပြန်ပြောင်း၍ ဆက်သေထုပြရသော် ဂေါတမမြတ်စွာဘုရားသည် ဘုရားဖြစ်ပြီး ၈ ဝါမြောက် တွင် ဂဝံပတိထေရ်၏ ပင့်ဖိတ်ချက်အရ ရဟန္တာနှစ်သောင်းခြံရံ ပြီး ဒေသစာရီ ခရီးထွက်ကြွချီတော်မူရာဝယ် အပြောကျယ်လှသည့် သမုဒ္ဒရာအလယ်ပင်လယ်ကြောထဲတွင် ရေစစ်ချိန်၌ ၂၃ လံ ရှိ ကျောက်ဆောင်ကြီးကို တွေ့ရှိရပြီး ဂေါတမမြတ်စွာဘုရား မိန့်မှာလိုက်သည်မှာ "ငါဘုရား ပရိနိဗ္ဗာန်စံလွန်ပြီး နှစ်ပေါင်း ၉၀၀ တွင် ဤကျောက်ဆောင်နေရာ၌ အလွန်စည်ပင်သာယာဝပြောလှတဲ့ တိုင်းပြည်တခု ဖြစ်လတ္တံ့" ဟု ဗျာဒိတ်ပေးတော်မူသည်။ ယင်းသို့ဗျာဒိတ်ပေးပြီး နောင်သောကာလ၌ ကုန်သည် သင်္ဘောတစီးသည် ယင်းကျောက်ဆောင်နှင့် မလှမ်းမကမ်းမှ ဖြတ်သန်းခဲ့ရာ ကျောက်ဆောင်သည် ရေပြည့်နေ၍ အနည်းငယ် ပေါ်ထွန်းပြီး ရွှေရောင်အဆင်းကဲ့သို့ရှိပြီး အမောက်မှာမကိုင်ရ ကဲ့သို့ လှပသော ဟင်္သာမောင်နှံ ဖိုမနှစ်ကောင်သည် ခိုနားစရာ နေရာကွက်ကွက်လေးမျှသာရှိသဖြင့် ဟင်္သာထီးသည် အောက်မှ နားပြီး ဟင်္သာမသည်ဟင်္သာထီး ကျောပေါ်တွင်နားနေသည်ကို တွေ့ရလေသည်။

အချိန်ကြာညောင်း ဟောင်းနွမ်းပြီး ကာလရွေ့လျားသော အခါ ကုန်းခေါင်ခေါင်ဖြစ်နေသောအချိန် သာသနာသက္ကရာဇ် ၁၁၁၆ ခုနှစ်တွင် သမလ ဝိမလ ညီနောင်နှစ်ပါး စတင်စိုးစံ ပြီး ဟင်္သာဖိုမတွေ့ရခြင်းကို အစွဲပြု၍ ဟံသာဝတီခေါ် ဟင်္သာ ကို လေးစားမြတ်နိုးကာ မွန်တို့၏အထိမ်းအမှတ် ယဉ်ကျေးမှု တရပ် ဖြစ်လာခဲ့သည်။ ထိုမွန်တို့၏ယဉ်ကျေးမှုဖြစ်သည့် ဟင်္သာကို အမြတ်တနိုးနှင့် တန်ဖိုးထားပြီး ဩည့်ခံပွဲများ၊ မွန်အမျိုးသား နေ့များတွင် ရင်ထိုးဟင်္သာများကို အင်္ကျီများတွင် ချိတ်ဆွဲကြလေသည်။

သုဝဏ္ဏဘုမ္မိ (သထုံ)ပြည်တွင် သီရိဓမ္မာသောကမင်း လက်ထက် သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်တွင် မင်းအိမ်များ သား ယောက်ျားမွေးဖွားလျှင် ညသန်းခေါင်ယံအချိန်တွင် ရေသူရဲများ လိုက်လံစားသောက်ခြင်းကြောင့် နေပြည်တော် တခုလုံး ပျက်လုမတတ်ဖြစ်နေသောအချိန်တွင် ဥတ္တရထေရ်နှင့် သောဏထေရ် နှစ်ပါးတို့သည် မဟာဗြဟ္မာဇာလသုတ်ကို ရွတ်ဖတ် သရဇ္ဈာယ်တော်မူပြီး ခြင်္သေ့နှစ်ကိုယ်ပါသော သတ္တဝါကို ဖန်ဆင်း၍ ရေသူရဲများထွက်ပြေးရလေသည်။ ထို့ကြောင့် မင်းနှင့် တကွ တိုင်းသူပြည်သားတို့သည် ရေသူရဲအန္တရာယ်မှ ကင်းလွတ်ရန်အတွက် ပေရွက်တွင် မနုသီဟပုံကိုရေးပြီး ဦးခေါင်း လည်ပင်းများတွင် ချိတ်ဆွဲကြပြီး မထေရ်နှစ်ပါး၏ တရားထူးကို နာကြားရ၍ ယောက်ျား ၃၅၀၀ မိန်းမ ၁၅၀၀ တို့သည် တရားရကြသွားကြ၍ မနုသီဟသည် မွန်လူမျိုးတို့၏လောကနယ်ထဲတွင် အလေးအနက်ထားရှိရာ ရိုးရာယဉ်ကျေးမှုဖြစ်လာပါသည်။

ရှေးလွန်လေပြီးသော အတိတ်ကာလအကြောင်းကို ပြန်လည်ဆန်းစစ်ကြည့်သော် တချိန်တုန်းကမွန်တို့သည် မိမိတို့၏ကိုယ်ပိုင် ယဉ်ကျေးမှုနှင့် အာဒရီးတလျှောက်မှာ ရပ်တည်လာခဲ့ကြသည်။ ယဉ်ကျေးမှုအနုပညာ၊ ဂီတနှင့် အကတို့တွင်လည်း မိမိတို့၏ဟန်ပန်အမူအရာများ မိမိတို့၏တူရိယာများဖြင့် အထင်အရှားရှိခဲ့သည်။ အေဒီ ၅၀၀ ခန့်တွင် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော အိန္ဒိယ၊ သီဟိုဠ်စသည့်နိုင်ငံတို့နှင့်လည်း ဆက်သွယ်မှုများရှိခဲ့ပြီး ယဉ်ကျေးမှုခြင်း ဖလှယ်ခဲ့ကြသည်။ မွန်လူမျိုးတို့တွင် တူရိယာပစ္စည်းအမျိုးမျိုးနှင့် ကနည်းကဟန်အမျိုးမျိုးရှိကြသည်။ မွန်ရှေးခေတ် မွန်သီချင်းအမျိုးမျိုးလည်းရှိသည်။ မွန်တို့၏ဂီတအနုပညာရပ်များ ထွန်းကားခဲ့သည်ကို ပုဂံဘုရားများရှိ ရုပ်ပုံများ၊ အုတ်ခွက်ပုံများ၊ ပန်းချီများ၊ စဉ့်ကွဲများကို အကဲခတ်လေ့လာကြည့်ခြင်းအားဖြင့် မွန်လူမျိုးတို့၏အနုပညာယဉ်ကျေးမှုအဆင့်အတန်းသည် တချိန်တုန်းက မြင့်မားတိုးတက်ခဲ့ကြောင်း အကဲဖြတ်သိနိုင်ပါသည်။

မွန်အမျိုးသားတို့၏ တူရိယာများမှာ အခြားသော တိုင်းရင်းသား မိတ်ဆွေများဖြစ်သည့် ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မြန်မာ၊ ရခိုင်၊ ရှမ်းတို့နည်းတူ တူရိယာငါးမျိုးကိုပင်အခြေခံထားခြင်း ဖြစ်သည်။ မွန်တို့၏ တူရိယာငါးမျိုးမှာ ကြေးကြိုး သားရေ လေလက်ခုပ်တို့ဖြစ်သည်။ ကြိုးတပ်တူရိယာတွင်စောင်း၊ တယော၊ မိကျောင်းတို့ ပါဝင်သည်။ ကြေးတူရိယာတွင် လင်းကွင်း၊ ပတ္တလား၊ စည်း၊ လချမ်း၊ မောင်းဆိုင်းတို့ ပါဝင်သည်။ သားရေတူရိယာတွင် ပတ်ဝိုင်း၊ ပတ်မ၊ တက်စည်၊ မရိုးစည်၊ ဖားစည်၊ အိုးစည် သို့မဟုတ် အိုးပုတ်တို့ ပါဝင်သည်။ လေတူရိယာတွင် တံပိုး၊ ပလွေ၊ နှဲ၊ ညှင်း၊ ခရုသင်း၊ ခရာကောက်၊ တံမြာတို့ ပါဝင်သည်။ လက်ခုပ်ကား လက်ခုပ်၊ ဝါးလက်ခုပ်၊ တုံး စသည်တို့ ပါဝင်သည်။ ထို့ပြင် မွန်တို့အသုံးပြုသော တူရိယာသံ ၇ မျိုး ရှိသည်။ ယင်းတို့မှာ မဇ္ဈိမ (ကြိုးကြာသံ) ဂန္ဓာရ (ဆိတ်



မြည်သံ) ဥသဘ (နွားလားဥသဘအသံ) ပဉ္စမ (ဥဩတွန်သံ) ဆဇ္ဇ (ဥဒေါင်းတွန်သံ)၊ ဓေဝတ (မြင်းဟီသံ)၊ နိသာဒ (ဆင်အော်သံ)တို့ ဖြစ်ကြသည်။

သီဆိုတီးမှုတ်သော သံစဉ်မှာ ၇ ပါးရှိသည်။ ၎င်း ၇ ပါးကို အကြီး၊ အလတ်၊ အငယ်၊ အနိမ့်အမြင့်အားဖြင့် သံစဉ် ၂၀ မျိုး ရှိသည်။မွန်သီချင်းလက်ာစပ်ဆိုရာတွင် ဂိုဏ်းကိုးပါး ရှိသည်။ ယင်းတို့မှာ ရဂိုဏ်း၊ ဂဂိုဏ်း၊ ဝဂိုဏ်း၊ မဂိုဏ်း၊ ငဂိုဏ်း၊ ဆဂိုဏ်း၊ ဇဂိုဏ်း၊ ဓဂိုဏ်းနှင့် မနဂိုဏ်း စသည်တို့ ဖြစ်ကြသည်။

တရုတ်မှတ်တမ်းအရ ပုဂံခေတ် သက္ကရာဇ် ၁၁၇၆ ခုနှစ်တွင် တူရိယာတမျိုးလျှင် ဦးရေမည်မျှရှိသည်ကို ဝစ်ဘမ်းထုတ်သောအခါ အားလုံး တူရိယာစုစုပေါင်း ၁၁၃ ခု ပါဝင် နေကြောင်း တွေ့ရှိရပြီး မွန်နဲ ၂၊ နဲကြီး ၂၊ နဲငယ် ၅၃ ပါဝင် အသုံးပြုထားနေသည်ကိုတွေ့ရလေသည်။ ထိုအချိန်တုန်းကမွန်လူမျိုးများနှင့်မြန်မာလူမျိုးများတို့သည် ပန်တျာအတီးအမှုတ်ပညာရပ်များကို တဦးထံမှတဦး နည်းယူလက်ခံတီးမှုတ် သီဆိုခဲ့ကြပေသည်။ မွန်တို့၏ရှေးရိုးရာ အဆို အတီး အကတို့သည် ကျေးလက်ကို ဆက်နွယ်၍ ပေါက်ဖွားလာခဲ့သဖြင့် ချမ်းမြေ့ကြည်နူးဖွယ်ကောင်းသော ကျေးလက်တောရွာ ဓလေ့များသည် မွန်တေးဂီတနှင့် အကတို့၌ လာ၍ အရောင်ဟပ်ပြလေသည်။

မွန်တို့တွင် နတ်ချင်းနတ်သံနှင့် နတ်ကန်တော့အကများယိမ်းများရှိသည်။ မွန်ရိုးရာသဘင်တွင် ကကြိုးကဟန်အမျိုးအမည်နှင့်ပတ်သက်၍ ၁၂ မျိုး ၁၂ ခန်းဟု ခွဲခြားသတ်မှတ်ထားသည်။ မွန်တို့၏ ရှေးရိုးရာအကများကို ခြုံကြည့်လိုက်ပါက ၃ မျိုးတွေ့ရှိရပါသည်။ ယင်းတို့မှာ အငြိမ့်ပွဲ၊ ပေါပ၍ဟလာန်၊ ပွဲဇာက်တို့ဖြစ်ကြသည်၊ အငြိမ့်ပွဲအကမှာ သာယာနွဲ့နှောင်း၍ နူးညံ့သိမ်မွေ့သည့် ကကြိုးကဟန်ဖြင့် ကကြရသည်။ ယင်းကကြိုးကို ရေးမွန်နှစ်ပါးသွားအကတွင် တွေ့ရှိရသည်။ မွန်မြေဝိုင်းနှစ်ပါးသွားအကကို ရေးမြို့နယ် ဒူးယားကျေးရွာနှင့် အခြားကျေးလက်ဒေသများ၌ တွေ့ရှိနိုင်သည်။ ပေါပ၍ဟလာန် အကမှာ ဘုရားပွဲ၊ အလှူပွဲ၊ ရှင်လောင်းပွဲနှင့် လယ်ထွန်မင်္ဂလာပွဲများနှင့် ကောက်ရိတ်သိမ်းပွဲများတွင် အများဆုံးတွေ့နိုင်သည်။ ယင်းအကမျိုးသည် အိုးစည်အကမျိုးဖြစ်သည်။ ယင်းအကကို ကြည့်ခြင်းအားဖြင့် လူသားတို့၏ စိတ်နှလုံးကို ဟာဒယရှင်ဆေးတိုက်ကျွေးသကဲ့သို့ ကြည်ရွှင်မြူးထူးစိတ်ဓာတ်တက်ကြွစေသည်။ ယင်းအကကို ရေးမြို့နယ်ဒေသတဝိုက်တွင် တွေ့ရှိနိုင်ပါသည်။ ပွဲဇာတ်မှာ ဇာတ်ပွဲအကဖြစ်သည်။ မွန်ဇာတ်ပွဲအစီအစဉ်မှာ ဝုဒ္ဓဝင်၊ ရာဇဝင်၊ မဟာဝင်ဇာတ်နိပါတ်၊ သိုက်သမိုင်းများမှ

ကောင်းနိုးရာရာများကို ရွေးချယ်ပြီးကပြလေ့ ရှိသည်။ မွန် မြေဝိုင်းနှစ်ပါးသွား ယိမ်း၊ တပင်တိုင်ယိမ်း စသည့် ရိုးရာ အကအားလုံးတွင် အခြေခံကကြိုးကကွက်ဖြစ်သော မွန် ၁၂ ခန်းမှ ကဟန်များ သူ့နေရာနှင့်သူ ပါဝင်လျက်ရှိသည်။ ယင်းအခြေခံကကြိုးကကွက်ဖြစ်သော မွန် ၁၂ ခန်းမှ ကဟန်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။ ကျေးလက်သပြေသီးအက၊ ယပ်တောင်အက၊ ပဒုမ္မာကြာဖူးအက၊ ကိန္နရီအက၊ ကြက်တည င်အက၊ လှေလှော်အက၊ ပန်းကစားအက၊ ဒေဝပဋ္ဌန်အက၊ အရှေ့တိုင်းအက၊ ဒါးရှည်အက၊ ပန်းဝိုင်းအက၊ နတ်ကတော်အကတို့မှာ မွန်တို့၏ အခြေခံ ကကြိုးကကွက်များ ဖြစ်ကြသည်။

မွန်စာပေနှင့် ယဉ်ကျေးမှုများ ကျယ်ပြန့်စွာ တိုးတက်ထွန်းကား ပွားများလာနိုင်စေရန်မှာ ယခုနှစ်တွင် မွန်စာပေနှင့်ယဉ်ကျေးမှုများ ကိန်းအောင်းရာဒေသ ဌာနဖြစ်သော ဘုန်းကြီးကျောင်းများသာလျှင် အခြေခံအုတ်မြစ် ဖြစ်ပေသည်။ အခြေခံအုတ်မြစ်ခိုင်မာအောင် စွမ်းဆောင်ပြီး တိုမှတဆင့် ယနေ့မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်သစ်ဖြင့် ခေတ်ပြောင်းတော်လှန်ရေးကို ဆင်နွှဲနေသောအချိန်တွင် မွန်ပြည်နယ်တွင် မှီတင်းနေထိုင်ကြသော လူအများစုထဲတွင် မွန်သွေးမကင်းသော လူမျိုးများဖြစ်ကြသည့်အလျောက် မိမိတို့၏ စာပေနှင့်ယဉ်ကျေးမှုများ တိုးတက်ပွားများအောင် သမိုင်းပေးတာဝန်အရ အသိစိတ်ဓာတ်ရင့်ကျက်စွာဖြင့် ယနေ့ မွန်လူကြီးလူငယ်များမရွေး တတ်အားသမျှကူညီသင်ကြားပေးနိုင်ပေသည်။

မွန်စာမတတ်သောသူများ စွမ်းအားရှိသော သူများထံတွင် မှီတင်းပြီးလေ့လာသင်ယူနိုင်ရန်အတွက် အမျိုးသားရေး စိတ်ဓာတ်ဖြင့် ကူညီဆောင်ရွက်သင့်ပါသည်။ ဤသို့တဖြည်းဖြည်းနှင့် မှန်ကန်သော ဥပဒေဘောင်အတွင်းမှ လျှောက်လှမ်းပြီး မလျော့သောဇွဲလုံ့လ ဝီရိယဖြင့် ကြိုးပမ်းမွေးထုတ် သွားရမည်ဆိုလျှင် မကြာမီနှစ်အနည်းငယ်အတွင်းတွင် မွန်စာပေနှင့် ယဉ်ကျေးမှုများသည် ထိုကျဉ်းမြောင်းလှသည့် ဘုန်းကြီးကျောင်းဝင်းမှသည် ကျယ်ဝန်းသည့် လူ့ဘောင်အသိုင်းအဝိုင်းသို့ ကော်မှချ ပြန့်ပွားလာနိုင်မည် အမှန်မလွဲပေ။ ထို့ကြောင့် မွန်စာပေနှင့် ယဉ်ကျေးမှုများသည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ

မြန်မာနိုင်ငံတော်တွင် အသစ်တဖန် ပြန်လည်၍ ဆန်းသစ်လာနိုင်မည်။

မြန်မာစာပေနှင့် မွန်စာပေတို့သည် များစွာဆင်တူလျက်ရှိသည်ကို လေ့လာခြင်းဖြင့် တွေ့ရှိနိုင်သည်။ မွန်စာပေသည် အမျိုးသားစာပေယဉ်ကျေးမှု၏ ရေသောက်မြစ်ဟု ဆိုနိုင်ပေသည်။ ဤသို့ အမျိုးသားစာပေယဉ်ကျေးမှုကို မွေးထုတ်ပေါက်ပွားစေခဲ့သော မွန်စာပေယဉ်ကျေးမှုသည် မြန်မာနိုင်ငံမှာမတုန်မလှုပ် ကျောက်ဆစ်ရုပ် ကဲ့သို့ ခိုင်မြဲအောင်ထိန်းသိမ်းထားရမည်။ မွန်ဘာသာစာပေယဉ်ကျေးမှုများ အစွန့်ရှည်စွာတည်တံ့ခိုင်မြဲစေရန်အတွက် ယနေ့မွန်အမျိုးသားထု အပေါင်းတို့က ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်သင့်ပေသည်။

လက်ရေးမူပေရွက်ဖြင့် ရေးသားခဲ့သော မွန်စာပေဟောင်းများကို တန်ဖိုးထားပြီး ဤအဖိုးတန်သော အမွေအနှစ်အစစ်အမှန်များကို လက်လှမ်းမီသူတိုင်း စုဆောင်း ရှာဖွေသင့်ပါသည်။ ဤခေတ်တွင် မွန်ဘာသာစကား နယ်ပယ်သည် အလွန်ကျဉ်းမြောင်းနေချေပြီ။ ရေးနှစ်ပေါင်းများစွာ အချိန်က ထွန်းကားတည်တံ့လာခဲ့သည်ကို ယခုခေတ်တွင်မှ တိမ်မြုပ်အားနည်းရသည် ဖြစ်သဖြင့် ယခုခေတ် လူများ၏ ပျင်းရိ ညံ့ဖျင်းမှုဟု ဆိုရပါမည်လော.... အနာဂတ်ခေတ်သမိုင်းဆရာတို့၏ ရှုတ်ချရေးသားခြင်းကို ခံရပေမည် အမှန်မလွဲပေ။ ဤသို့မဖြစ်ရလေအောင် ဆီများ၊ မီးစာများကုန်ခန်းနေသော မီးအိမ်ကဲ့သို့ မှေးမှိန်အားပျော့နေသော မွန်ဘာသာ စာပေနှင့်ယဉ်ကျေးမှုများသည် မြန်မာပြည်တဝန်းသို့ ပျံ့လွှင့်၍ အောင်လံတံခွန်လွှင့်ထူနိုင်ရန်အတွက် တာဝန်သိသောပုဂ္ဂိုလ်များ၊ ခေတ်ပညာတတ်မွန်လူငယ်များသည် ''ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားက နောက်နွားတသိုက် ဖြောင့်ဖြောင့်လိုက်၏'' ဆိုသည့်စကားပုံကို လက်စွဲပြု၍ တာဝန်ယူဆောင်ရွက်ကြစေလိုပါသည်။

မွန်တို့၏ ရှေးဘိုးဘွားဘီဘင် သက်ကြီးများ၏ အမွေအနှစ်ဖြစ်သည့် စာပေနှင့်ယဉ်ကျေးမှုများကို မယိမ်းမယိုင်ကျောက်စာတိုင်ကြီးကဲ့သို့ တည်တံ့ခိုင်မြဲစေရန်နှင့်ဆတက်ထမ်းပိုးထွန်းကားလာနိုင်ရန် စွမ်းအားဉာဏ်အားရှိသမျှ ကြိုးပမ်းဆောင်ရွက်ကြလျက် ယနေ့ခေတ်ပညာတတ် မွန်လူငယ်ထုများသည် မွန်တို့၏ အမွေအနှစ်အစစ်အမှန်ဖြစ်သည့် ဘာသာစာပေနှင့် ယဉ်ကျေးမှုများကို ရှာဖွေဖော်ထုတ်ကြယင်း အနာဂတ်တွင် ကြယ်တံခွန်ကဲ့သို့ ထွန်းလင်းတောက်ပလာမည့် နောက်လာနောက်သားမွန်လူငယ်များအတွက် သမိုင်းပေးတာဝန် ကျေပွန်သူများ ဖြစ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပေသတည်း။ ။

မင်းမင်းနိုင်





## ငါ့တာဝန်

ငါတို့နိမ့်ကျ
မွန်ဘဝကို
ဖော်ဆိုထုတ်ဖို့
တို့မစွမ်းကာ
တခြားသူငါ
လာမကူပြီ၊

ငါ၏အမွေ
ငါ့စာပေကို
ငါမဆိုက
မည်သူကမျှ
လာကြထိန်းမည်
မဟုတ်ပေပြီ။

နွဲ့နှောင်းလှသော
ရှုမောဖွယ်ရာ
သုခုမကို
ငါမဆိုထိန်း
ပျောက်ငြိမ်းမည်မှာ
အမှန်ပါတည်း။

ထို့ကြောင့်
ငါတို့ဘဝ
သုခုမနှင့်
မျိုးမြစ်စာပေ
မပျောက်လေအောင်
ထမ်းဆောင်ရမှာ
ငါ့တာဝန်တည်း။ ။

ဗညားဝင်းမွန် [ သကြော ]



မြတ်မိုးဝင်း

ထိန်းသိမ်းသင့်ပါသည်

## ထိန်းသိမ်းသင့်ပါသည်

မြတ်မိုးဝင်း

လူတိုင်းလူတိုင်း အတုနှင့်အစစ်တွင် မည်သည်ကို မြတ်နိုးတတ်ကြပါသနည်း။

မြတ်နိုးသင့်ကြသနည်း။

အထူးသဖြင့် လူတိုင်းလူတိုင်းသည် အစစ်ကို ပို၍ မြတ်နိုးသင့်ကြပါပေသည်။ သို့သော် အတုကို မြတ်နိုးတတ်ကြသည်။ အတုကို ခုံမင်တတ်ကြပေသည်။ အတုကို မြတ်နိုးခင်မင်နေသော သူများကိုကြည့်လျှင် အထူးသဖြင့် ဆယ်ကျော်သက် လူငယ်ကလေးများပင်ဖြစ်သည်။ တနည်းဆိုရသော်....ယနေ့ ဆိုရှယ်လစ်နိုင်ငံသို့ ချီတက်နေသောအခါတွင် အားအထားရဆုံး၊ အားအကိုးရဆုံးလူငယ်တချို့ဟုဆိုလျှင် မမှားနိုင်ပေ။ ထိုလူငယ်ကလေးများသည် ရှေးပဝေသဏီ လူကြီးများ၏ အမွေအနှစ်ဖြစ်သော မိမိယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းမပြုသည်သာမက အနောက်နိုင်ငံယဉ်ကျေးမှုကို ပို၍ခုံမင်တတ်ကြသည်။ ပို၍မြတ်နိုးတတ်ကြသည်။ ထို့ကြောင့် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လူတို့သည် အတုကို မြတ်နိုးတတ်ကြသည်၊ အတုကို ခုံမင်တတ်ကြသည်ဟု ဖော်ပြရခြင်း ဖြစ်သည်။

လူ့ဘောင် လောကတခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် ယဉ်ကျေးမှုသည် အလွန်ပင် အရေးကြီးလှပေသည်။ ယဉ်ကျေးမှု ပပျောက်လျှင် စာပေပပျောက်ခြင်းနှင့်မခြားပဲ၊ လူမျိုးပါ ပပျောက်တတ်ပေသည်။ လူမျိုးမပျောက်သော်လည်း မိမိတို့၏ နိုင်ငံသည်လည်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိသွားပြီး နောက်ဆုံးတွင် ပပျောက်သွားနိုင်ပါသည်။ ထို့ကြောင့် လူတိုင်းလူတိုင်းသည် စာပကို မြတ်နိုးထိန်းသိမ်းခဲ့ကြသကဲ့သို့ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းသင့်ပါသည်။ ထိန်းလည်းထိန်းသိမ်းအပ်ပေသည်။

အထူးသဖြင့် မွန်ပြည်နယ်တွင် နေထိုင်သော လူမျိုးတိုင်းသည် မွန်ယဉ်ကျေးမှုစာပေနှင့် မွန်တို့၏ ဓလေ့ထုံးစံတို့ကို လေ့လာပြီး ထိန်းသိမ်းသင့်ပါပေသည်။ ထိုသို့ တယောက်တလက် ဖေးမကူညီမှုဖြင့် ထိန်းသိမ်းသွားပါက ယဉ်ကျေးမှု စာပေ ထုံးစံတို့သည် အစဉ်ထာဝရ တည်တံ့ခိုင်မြဲနေပြီး မွန်ပြည်နယ်ကြီးသည် အမြဲထာဝရ ရပ်တည်နေမည် ဖြစ်သည်။ အကယ်၍မူ မွန်ပြည်နယ်အတွင်းတွင်ရှိသော လူတိုင်းသည် အမျိုးသားယဉ်ကျေးမှုကို မစောင့်ရှောက်၊ မထိန်းသိမ်းသည်သာမက မွန်စာပေ၊ မွန်ဓလေ့ထုံးစံတို့ကိုပါ ယုံကြည်မှုမရှိရလေအောင် ဖျားယောင်းသွေးဆောင် နှောင့်ယှက်နေလျှင် ယနေ့ မွန်ပြည်နယ်သည် တနေ့တွင် ပျောက်ကွယ်သွားမည်မှာ ကေန်မလွဲပင် ဖြစ်ပေသည်။ သို့ဖြစ်၍ မွန်ပြည်နယ်ကြီး အဓွန့်ရှည်ရေး၊ ထာဝရ တည်တံ့ခိုင်မြဲ တည်ရှိနေရေးအတွက် မွန်ယဉ်ကျေးမှု၊ မွန်စာပေနှင့် ဓလေ့ထုံးစံတို့ကို အစဉ်တစိုက် လေ့လာထိန်းသိမ်းရပေမည်။

လွန်ခဲ့သော နှစ်ပေါင်းမြောက်မြားစွာက တနိုင်ငံလုံး သူတလူ ငါတမင်း ကြီးစိုးနေကြသည်။ ထိုအချိန်တွင် ပြည်နယ်မရရှိသေးသော မွန်၊ ကရင်၊ ချင်း၊ ကယား စသော ပြည်နယ်မှ ပြည်သူပြည်သားများသည် ပြည်နယ်ပေးပါ၊ ပြည်နယ်ပေးပါဟု အော်ဟစ်တောင်းဆိုခဲ့ကြသည်။ အချို့သော ပြည်နယ်များသည် မိမိတို့ ယဉ်ကျေးမှု စာပေနှင့် ဓလေ့ထုံးစံတို့ကို အစီအရီ တင်ပြခဲ့ရပြီး ပြည်နယ်ရရှိရေးအတွက် တောင်းခံခဲ့ကြသည်။ တနေ့သောအခါတွင် ရရှိခဲ့ကြသည်။

သို့သော် မွန်ပြည်နယ်သည် ထိုအချိန်တွင် မွန်ယဉ်ကျေးမှု၊ မွန်စာပေ၊ ခလေ့ထုံးစံတို့ ကွယ်ပျောက်နေသောကြောင့် သဲထဲရေသွန်ချသလို အရာမရောက် ဖြစ်ခဲ့ရသည်။ နောက်ပိုင်းတွင် မွန်ယဉ်ကျေးမှုကို ပြန်လည်ဖော်ထုတ်ခြင်း၊ မွန်စာပေများ၊ မွန်တို့၏ခလေ့ထုံးစံစကားတို့ကို ပြန်လည်ဖော်ထုတ်ခဲ့သည်ဖြစ်၍ ယခုအခါ( )နှစ်မြောက် မွန်ပြည်နယ်နေ့ကို ရောက်ရှိတော့မည်ဖြစ်ပေသည်။ မွန်ပြည်နယ်နေ့သည် ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာသကဲ့သို့ တိုင်းရင်းသား ပေါင်းစုံ(တောင်ပေါ်-မြေပြန့်) ပူးပေါင်းသွေးစည်းပြီးမှ ဖြစ်ပေါ်သကဲ့သို့ မွန်ပြည်နယ်နေ့သည်လည်း တိုင်းရင်းသားအားလုံး မွန်ယဉ်ကျေးမှု၊ စာပေ၊ ခလေ့ထုံးစံ၊ ဘာသာစကားတို့ကို ဖော်ထုတ် ထိန်းသိမ်းခြင်းဖြင့် မွန်ပြည်နယ် အဖြစ် သီးခြား ပေါ်ထွက်လာခဲ့လေသည်။

မွန်ယဉ်ကျေးမှု၊ စာပေ၊ ခလေ့ထုံးစံ၊ ဘာသာစကားတို့သည် ရှေးနှစ်ပေါင်းများစွာကပင် တည်ရှိနေခဲ့ပါသည်။ သို့သော်လည်း လူတိုင်းက မွန်ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားတို့ကိုလည်း မထားခဲ့ပေ၊ ဂရုမပြုခဲ့ပေ။ ထို့ကြောင့် တိမ်မြုပ်ပျောက်ကွယ်ခဲ့ပေသည်။ သို့သော် ယခုအခါတွင် ပြန်လည် ဖော်ထုတ် ထိန်းသိမ်းခဲ့သဖြင့် ကျိုက်ထိုမြို့နယ်မှ ရေးမြို့နယ်အတွင်းကို မွန်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့ပေသည်။ မွန်ပြည်နယ်အဖြစ် သီးခြားရရှိလာပြီး ပြန်လည် မတိမ်မြုပ်စေရန်အတွက် မွန်စာပေ၊ ယဉ်ကျေးမှု၊ ဘာသာစကားတို့ကို အစဉ် ဂရုပြု ထိန်းသိမ်းစောင့်ရှောက်သင့်ပါသည်။ သို့မှသာ အဓွန့်ရှည် တည်တံ့နေမည်ဖြစ်ပါသည်။

တိုင်းပြည်တပြည်သို့ မဟုတ် နိုင်ငံတနိုင်ငံ၏ လူနေမှုအဆင့်အတန်းနှင့် ယဉ်ကျေးမှုများ မည်မျှ မြင့်မားနေကြောင်းကို လေ့လာစူးစမ်းကြည့်လိုလျှင်၊ ထိုစာပေ၏ စာပေကဏ္ဍကို အဓိကထား၍ လေ့လာသုံးသပ်ရမည်ဖြစ်ပေသည်။ အဘယ့်ကြောင့်မူ စာပေသည်သာ ထိုနိုင်ငံရှိ လူမျိုးများ၏ ယဉ်ကျေးမှုနှင့် လူနေမှု အဆင့်အတန်းတို့၏ အခြေခံရေသောက်မြစ် ဖြစ်သောကြောင့်ပင်တည်း။

'စာပေတင့်မှလူမျိုးမြင့်မည်'၊ 'လူမျိုးမြင့်မှ စာပေတင့်မည်'ဟူ၍ ဆိုထားကြခြင်းဖြစ်သည်။ ထို့ကြောင့် မွန်ပြည်နယ်တွင်းရှိ တိုင်းရင်းသားလူမျိုးတို့သည် အထွတ်အထိပ်သို့ မရောက်သေးသော ကျွန်ုပ်တို့၏ မွန်ယဉ်ကျေးမှုကို ထိန်းသိမ်း မြှင့်တင်ခြင်းဖြင့် မွန်လူမျိုးကို လူအလယ်တွင် ဝင့်ကြွားနိုင်အောင် ဆောင်ရွက်ကြပါစို့။ လူ့တကာအလယ်တွင် ဝင့်ဝင့်ကြွားကြွားဖြင့် နေထိုင်နိုင်ခြင်းဖြင့် မွန်ပြည်နယ်ကို စောင့်ရှောက်နိုင်ပါစေဟု တိုက်တွန်းအပ်ပေသည်။

စာပေသည် မည်မျှ အစွမ်းထက်ခဲ့သည်ကို လူတိုင်းအသိပင်ဖြစ်သည်။ အထူးသဖြင့် 'ခါးသွားထက် ကလောင်သွားထက်၏'ဆိုသော စကားပုံအရ ကလောင်စွမ်းမှ ရေးလိုက်သော စာပေတို့သည် နိုင်ငံအတွင်း ပြည်သူအတွက် အသုံးဝင်ပေသည်။ ထို့ကြောင့် စာပေတတ်မြောက်ခြင်းအားဖြင့် လူသားတို့သည် အချိန်ကာလနှင့် ဒေသကို ကျော်လွှားနိုင်ခဲ့သည်။ လေ့လာတတ်ခြင်းအားဖြင့် မလွန်ဆန်နိုင်သေးသော သေဘေးကိုတနည်းအားဖြင့် ကျော်လွှားနိုင်ခဲ့သည်။ ယင်းကိုဥပမာတင်ပြရသော်....

ဘုရားလောင်းတော်ဖြစ်စဉ် ၁၀ ခုအနက် ဒုတိယ နောက်ဆုံးဖြစ်စဉ်ဖြစ်သော ဝိဓူရသုခမိန်အမတ်သည် ပုဏ္ဏကဘီလူး၏သတ်ဖြတ်ခြင်းကို ခံရတော့

မည်သိခြင်းကြောင့် ပညာရှင်တို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် သုတေသနကောင်းတရားလေးပါးကို ဟောကြားတော်မူခြင်းဖြင့် ရန်သူဘီလူးလက်မှ လွတ်မြောက်သွားခဲ့သည်။ ဤစနစ်ကို ထောက်ခြင်းအားဖြင့် ပညာတတ်မြောက်ခြင်းအားဖြင့် မည်မျှ အကျိုးသက်ရောက်ကြောင်း သိလာနိုင်ပေသည်။

ယင်းအပြင် လူသာသေသည်၊ ရေးသားခဲ့သော စာပေများကား မသေနိုင်ချေ။ ဤသို့ဖြစ်၍ ယနေ့ အထက်သို့ တလူလူ လွင့်တက်လျက်ရှိနေသော မွန်စာပေသည်လည်း တိုင်းရင်းသား လူမျိုးများ အစဉ် ထိန်းသိမ်းနေခြင်းဖြင့် ထိန်းသိမ်းသောသူများသာ ဘဝတပါးသို့ ပြောင်းရွှေ့သွားနိုင်သည်။ ထိန်းသိမ်းသူများ ရေးသားထားသော စာပေများကား ပျောက်ကွယ်သွားမည် မဟုတ်ပေ။ မွန်ပြည်နယ်တွင် နေထိုင်သော လူမျိုးများသည် မွန်စာပေကို တိုးတက်စေရန် အထူးလိုအပ်ပြီး မွန်စာပေတို့ကို တတ်မြောက်ထားခြင်းဖြင့် လူသားတို့အဖို့ ရပ်ဝေးသို့ မသွားနိုင်သည့်တိုင်အောင် ဆက်သွယ်ပြောဆိုနိုင်ပေသည်။

တနေ့သောအခါတွင် မွန်ပြည်နယ် စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာစာပေတို့သည် အမှောင်ဘဝတွင် ကြာမြင့်စွာ နေလာခဲ့ရသည်။ ရှန်းကန်နေရမည်။ သို့သော် ယခုအခါတွင် ယင်းတို့သည် ရပ်လုံးဖော်နိုင်ပြီး မွန်မဂ္ဂဇင်း၊ မွန်ယဉ်ကျေးမှု က,ပွဲသဘင်တို့ကို နှစ်စဉ်နှစ်တိုင်း ထုတ်ဝေနိုင်ပြီ ဖြစ်လေသည်။ ဤသည်မှာလည်း မွန်တိုင်းရင်းသားများ၏ အကျိုးကျေးဇူးပင်ဖြစ်လေသည်။ ယခုအခါ တိုးတက်စ,မွန်ပြည်နယ်တွင် ယဉ်ကျေးမှုကို ဖော်ပြသည့်အနေဖြင့် တိုင်းရင်းသားဝတ်စုံများကိုလည်း သတ်မှတ်ထားပြီး တူညီဝတ်ဆင်နိုင်ခဲ့ကြပြီး ဖြစ်လေသည်။ တိုင်းရင်းသားဝတ်စုံတို့ကို ဝတ်ဆင်ခြင်းသည် ယဉ်ကျေးမှုကို ထိန်းသိမ်းရာပင် မဟုတ်ပါလော။

'အမျိုးသားယဉ်ကျေးမှု အဓွန့်ရှည်ရေးသည် အဓိက'

'အမျိုးသားစာပေ ထွက်ပေါ်လာရေးသည် ထာဝရ'ဟူသော ဆောင်ပုဒ်ဖြင့် 'ထွက်ပြီးဆင်စွယ်ဝင်တယ်မရှိ'ဆိုသော စကားပုံအရ ရရှိပြီးသော လွတ်လပ်ရေးကို သူတပါးလက်သို့ ပြန်မရောက်အောင် အစွမ်းကုန် ထိန်းသိမ်းခဲ့ကြသကဲ့သို့ တည်ရှိပြီးသော မွန်ပြည်နယ်ကိုလည်း တဖန် တိမ်မြုပ်သွားခြင်း မရှိစေရန်အတွက် တိုင်းရင်းသားများက ထိန်းသိမ်းရပေမည်။ ယင်းပြင် မွန်ယဉ်ကျေးမှု၊ ဘာသာ၊ စာပေ၊ စကားတို့ကိုလည်း တိမ်ကောပျောက်ကွယ်မသွားစေရန်အတွက် အမြဲတမ်း ဖော်ထုတ်ပေးရမည်သာ ဖြစ်သည်။

သို့မှသာ မွန်ပြည်နယ်ကြီးသည်လည်းကောင်း၊ မွန်ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံ၊ ဘာသာစကားတို့သည်လည်းကောင်း အစဉ်အမြဲ တိုးတက်နေမည်မှာ ဖြစ်ပေသည်။ ထို့ကြောင့် လူတိုင်းလူတိုင်းသည် အတုထက် အစစ်ကို မြတ်နိုးကြပါ၊ ခုံမင်ကြပါ။ အစစ်ကိုသာ တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။ ။

မြတ်မိုးဝင်း

# ပန်းခရေပို့ဖွေးပါမည်

မေသစ်ကျွင်





တယာ၊ နှစ်ယာ၊ သုံးယာ။

ဆေးချို၊ အာမွှေး၊ ထုံးဖြူ၊ မြန်မာဆေး၊ နွယ်ချို၊ ဆေးပေါင်း စသည်ဖြင့် မိမိလိုရာ မှာယူနေကြသဖြင့် လက်မလည်နိုင်အောင် ရှိနေပါသည်။ စားတတ်သောသူ ရှိသကဲ့သို့ အပြင်းပြေ ဝါးချင်သူလည်း ရှိတတ်ရာ ကွမ်းယာကို မိမိစိတ်တိုင်းကျ ဆိုင်များတွင်သာ ဝါးစားလေ့ရှိသည်။

မြို့လယ်ရှိ တခုသောလမ်းကြားတွင် လှည်းဘီးသုံးလုံးတပ် ကွမ်းယာဆိုင်တဆိုင်ရှေ့တွင်ကွမ်းစားရန်စောင့်နေသူများအပြင် မလေးတယောက် လက်မလည်နိုင်အောင် ရှိနေပါသည်။ ကွမ်းစားသူ များတတ်သောအချိန်တွင် မလေးတယောက် ကွမ်းယာသည်နှင့်မတူပဲ စန္ဒရားတီးနေသူတယောက်နှယ် ရှိပါသည်။

အသက်အားဖြင့် ၂၅ နှစ် ပတ်ဝန်းကျင်၊ အသားအရေ ဖြူဝင်း၍ နှာတံပေါ်သော မလေးသည် ပါဝါအနည်းငယ်ပါသော မျက်မှန်ကို တပ်ထားပြန်သဖြင့် မြင်ရသူတိုင်းက "ကွမ်းယာရောင်းဖို့ မကောင်းဘူး"ဟု မလေးအလှကို သူ့နေရာနှင့်သူ ရှိစေချင်ကြသည်။ မလေးသည် အချောအလှတယောက်ပင် ဖြစ်သည်။ သို့သော် မလေးသည် ကွမ်းယာသည် သာ ဖြစ်သည်။ ထုံးဖြူနှင့်ကွမ်းယာပစ္စည်း ကိုင်ထားရသဖြင့် မလေး၏လက်ဝါးနှင့် လက်ချောင်းကလေးများသည် နီကြင်ကြင်နှင့် ကြမ်း၍ နေပါသည်။

ပိုက်ဆံ ဘမတ်ရှိရုံနှင့် ဆိုင်ဝင်၍ဝယ်စားနိုင်သဖြင့်ကွမ်းယာဆိုင်တွင် လူပုံလှသည်။ ပိုက်ဆံရှိသူ အရာရှိ၊ ကျောင်းသားလူငယ်မှအစ လူကြီးပါ ကွမ်းယာစားတတ်သဖြင့် မလေး၏ ဆိုင်ကလေးတွင် လူများနှင့် စည်ကားနေတတ်သည်။ တချို့က မလေးအလှကို ဗဟိုပြု၍ ဆိုင်ဝင်သည်၊ တချို့က တကယ်ပင် ကွမ်းယာကို ကြိုက်၍၊ ကူခြေရသူ ရှိ၏။ ထေ့သူ၊ ရိသူ၊ လှောင်သူ၊ လှောင်၍ ပြောင်သူလည်း ရှိ၏။ ရင်းနှီးသူများက စ,ကြသည်။ အချောအလှ ကွမ်းယာသည်မကို ကြိုက်သူမနည်း၊ ငမ်းသူမရှား၊ ပိုးပန်းသူတွေက အများအပြား မလေးကို စကားပြော၍ရင်ဖွင့်ကြသည်။ စာပေး၍ ရင်ဖွင့်ကြသည်။ မလေး စိတ်ညစ်ရတော့သည်။

"ငါ့ကို လှောင်ပြောင်စရာများ မှတ်နေကြသလားမသိဘူး"

မလေးငြင်းရသည်။ မိသားစုဝမ်းစာအတွက် သည်းခံစိတ်မွေးထားရသည်။

"မလေးက ချောတယ်၊ သိပ်လှတယ်၊ တနေ့ အတော်မြတ်မှာပဲနော်"

လူလွတ်လျှင်လွတ်သလို အနှောင့်အသွားမလွတ်သော လူပျို စကားကို ဆိုတတ်ကြသည်။

"မလေးက ကလေးသုံးယောက် အမေပါရှင်"

ဟု စစ်ပြေငြိမ်းရေးကို ရရန် ကြိုးစားရသည်။ မလေးကို ကလေးသုံးယောက်အမေဟု အသိများကြသည်။

"မလေးယောကျာ်းက ထောင်ထဲမှာ"

"ကွာရှင်းထားတယ်"

"ဆုံးသွားပြီ"

စသည်ဖြင့် ကိုယ့်ဆန္ဒပြည့်ဝအောင် ထင်ကြေးပေး၍ အချစ်တကျော ပြတတ်ကြသည်။ တကယ်လက်ထပ်ချင်သူလည်း ရှိသည်။ မလေး မည်သူ့ကိုမျှ စဉ်းစား၍ မရချေ။ လူများထင်သလိုပင် မလေး၏ နေအိမ်တွင် ကလေးသုံးယောက်နှင့် ၃၅ နှစ်အရွယ်

ယောက်ျားကြီးတဦး ရှိသည်။ မလေး စဉ်းစားသည်။ တို့မိသားစု ဘာကြောင့် ဆင်းရဲနေကြသလဲ။

အရိပ်ကောင်းသော အနန်းပင်အောက်တွင် ခုံတန်းကလေး ပတ်လည်ရိုက်ထားသည်။ လူများ ထိုင်နိုင်သဖြင့် အနန်းပင်အောက်မှ ကွမ်းယာဆိုင်ကို ပို၍ အဆင်ပြေပြေ ရှိစေ၏။ ဖြိုးမင်းလတ်တယောက် ထိုထိုင်ခုံတွင် ည ၉ နာရီအထိ အချိန်ကုန်စေခဲ့သည်မှာ တလလောက် ရှိပေသည်။ ကွမ်းစားသည့်အခါစား၍ တခါတခါ ဆေးလိပ်သောက်သည်။ လူများချိန် ညနေ ၅ နာရီထိုးသည်နှင့် ဖြိုးမင်းလတ် ရောက်လာတတ်သည်။ လူရှင်းချိန်တွင် မလေးက သူ့ကို တခါတခါ ကြည့်မိသည်။ သူ ပြန်၍ပြုံးပြမြပင်။ မလေး သူ့ကို မှတ်မိပါသည်။

လွန်ခဲ့သော (  )ကြိမ်မြောက် မွန်အမျိုးသားနေ့မတိုင်မီ တပတ်လောက်အချိန်က ဖြစ်သည်။ ထိုနေ့က မလေးပျော်မိပါသည်။ ဖြိုးမင်းလတ် အပါအဝင် လေးယောက်အဖွဲ့ ဆိုင်ရှေ့ ရောက်လာပြီး....

"အချိုသုံးယာနဲ့ ဖြိုးမင်းလတ်အတွက် ထုံးဖြူမြန်မာဆေးတယာပေးပါ"

ဟု မှာပြီး ထိုင်ခုံတွင် ထိုင်လိုက်ကြသည်။ လူရှင်းနေသဖြင့် မလေး အေးအေးဆေးဆေးပင် ကွမ်းယာနေသည်။ ထိုခဏ မလေးကြားရသည်က မွန်ဘာသာစကား။

"၁၀ နာရီထိုးပြီ၊ ထမင်းစားရအောင်ကွာ"

"နေပါဦးကွာ၊ အခု ငွေတရာတောင် မရသေးဘူး"

"ဘာတတ်နိုင်မလဲကွာ၊ တို့မွန်လူမျိုးတွေက ပိုက်ဆံရှိပြီးမြို့ပေါ်နေကြပေမယ့် ကိုယ့်လူမျိုးအတွက် စေတနာမရှိကြတော့ ဒီလောက်တော့ ရှိမှာပေါ့"

"အလှူခံရတာ မလွယ်လိုက်တာနော်"

တယောက်က ညည်း၏။

"မွန်အိမ်ထောင်စုတိုင်းတအိမ်တဆယ်ထည့်ရမယ်ဆိုယင် ငွေတော်တော်ရမှာပဲနော်"

တယောက်တမျိုး ပြောနေသံများကို မလေးအဖို့ ဝမ်းနည်းဝမ်းသာ ဖြစ်ရပါသည်။ မွန်အမျိုးသားနေ့ ရန်ပုံငွေအလှူခံနေကြတာပါလားဟု သိလိုက်ရသည်။

"ကွမ်းယာ ရပြီရှင့်"

အသံချိုချိုနှင့် မွန်လိုပြန်ပြောလိုက်သည်။

"ဒီကအစ်မက မွန်လူမျိုးလား"

"ဟုတ်ကဲ့ရှင့်"

မွန်စကားစစ်စစ် အလွန်ယဉ်ကျေးသော စကားလုံးများ ဖြစ်သည်။ အဖွဲ့ထဲမှ မင်းကျော်ဝေက ဝမ်းသာစွာဖြင့်....

"ကျွန်တော်တို့က မော်လမြိုင်ဒီဂရီကောလိပ်ကပါ"

"လေးယောက်စလုံး နောက်ဆုံးနှစ် ရောက်ပါပြီ"

"သိရတာ ဝမ်းသာပါတယ်"

"မွန်အမျိုးသားနေ့အတွက် ရန်ပုံငွေ အလှူခံထွက်ခဲ့ကြတာပါ"

"ခုနက မလေး ကြားပါတယ်"

"အတော်ပင်ပန်းမှာပဲနော်"

တချိန်လုံးတိတ်နေသော မင်းဘလှိုင်က....

"ကိုယ့်လူမျိုးအတွက် စေတနာရှိကြမယ်ဆိုယင် ကျွန်တော်တို့ ထမင်းစားချိန်လွန်မှ စားရလဲ လိုက်ပြီး အလှူခံနိုင်ပါတယ်"

စကားအရှည်ကြီး ပြောပြီးမှ....

"ဒီကအစ်မရော အလှူပါဝင်မလား"

"ပါဝင်မှာပေါ့ရှင်၊ ကိုယ့်လူမျိုးရဲ့ နေ့ထူးနေ့မြတ်ကျင်းပတဲ့ ပွဲပဲ၊ ကျွန်မတို့မှ မပါဝင်ယင် ဘယ်သူက လာထည့်ဝင်တော့မှာလဲ"

တဖွဲ့လုံးက မလေးလိုစိတ်ဓာတ်မျိုး မွန်လူမျိုးတိုင်းမှာရှိလျှင် ဘယ်လောက်ကောင်းမလဲဟု တွေးနေမိစဉ် မလေးဆီမှ အစိတ်တန်တရွက် ထွက်လာသည်။

"ကျွန်မက ကွမ်းယာရောင်းတာမို့...."
စကားမဆုံးခင် မင်းဘလှိုင်က
"နားလည်ပါတယ်ဗျာ၊ နာမည် ဘယ်လိုရေးရမလဲ"
"မိလေးနှယ်"

သွက်သက်စွာ ထွက်ပေါ်လာသည်။ အလှူခံဖြတ်ပိုင်းပေးပြီး ကျေးဇူးတင်စကား ပြောလိုက်ကြသည်။ မလေး ဝမ်းသာရပါသည်။ ဖြိုးမင်းလတ်၏ စိတ်တွင်တော့ မလေးကို ချီးကျူးခြင်း၊ ဂုဏ်ယူခြင်းဖြင့် သမင်လည်ပြန် ကြည့်လိုက်သည်။

*

တပို့တွဲလပြည့်ကျော် ၁ ရက်နေ့မတိုင်မီ နှစ်ရက်အလိုတွင် မင်းကျော်ဝေနှင့် ဖြိုးဝေလတ် ဖိတ်စာလာပို့သည်။



''အမျိုးသားနေ့ အခမ်းအနားကို လာမယ်မဟုတ်လား''
''မလေးတယောက်တည်း လာရမှာလား''
''တခြားလူလဲ ခေါ်လာနိုင်ပါတယ်''

မင်းကျော်ဝေက ပြောသည်။ မင်းကျော်ဝေတို့ ပြန်သွားပြီးနောက် လာမည့် မွန်အမျိုးသားနေ့အကြောင်းကို မလေး တွေးနေမိသည်။ ထိုနေ့မှစ၍ မင်းကျော်ဝေတို့ မအားရတော့ပေ။ အခမ်းအနား ပြင်ဆင်ရေး၊ ဖြေဖျော်ရေး၊ သံဃာတော်များအား ဆွမ်းကပ်ဖို့အတွက် မြို့မိမြို့ဖများနှင့် ဝိုင်းကူလုပ်ပေးနေရပါသည်။

မွန်အမျိုးသားနေ့ကျင်းပသည့် အခမ်းအနားသို့ မလေးနှင့်အတူ ကလေးသုံးယောက်လည်း တက်ရောက်ကြသည်။ ထိုနေ့က မလေးပျော်မိသည်၊ အခမ်းအနား ပြီးဆုံးသည်အထိ မလေး နေသည်၊ မော်လမြိုင်မြို့တွင် ကျင်းပသော ထိုအခမ်းအနားတွင် မွန်လူမျိုးသာမက လူမျိုးစုံ တက်ရောက်အားပေးကြသည်။အလွန်စည်ကားသော အခမ်းအနားပင် ဖြစ်ပေတော့သည်။

*

နံနက်ပိုင်းဖြစ်နေ၍ ကွမ်းယာဆိုင်ကွင် လူရှင်းနေသည်။
''မလေး''
ရုတ်တရက်ခေါ်လိုက်သဖြင့် မလေး လန့်သွားသည်။ စူးစိုက်သောအကြည့်ကြောင့် ရုက်ကြောက်နေသည်။ မလေး ဘာပြန်ပြောရမှန်းပင် မသိတော့။ ခဏကြာမှ....
''ဘာပြောမလို့လဲရှင်''
''မလေးကို စကားနည်းနည်း ပြောချင်တယ်''
''ကိုဖြိုးမင်းလတ် ဘာပြောမလို့လဲ''
''ဖြိုးလို့ပဲ ခေါ်ပါဗျာ''
လူရှင်းနေသဖြင့် ဖြိုး ပါးစပ်ရဲနေမိသည်။
''ဖြိုး မလေးကို ချစ်တယ်ဗျာ''

ဒီလိုစကားမျိုး ကြားရများနေသဖြင့် မလေးအတွက် အဆန်းမဟုတ်သော်လည်း ဒီတခါ ရင်ထဲက လှုပ်ရှားနေမိသည်။ မလေး ခေါင်းငုံ့ထားသည်။
''မလေးကို လက်ထပ်ချင်တယ်၊ ဒီလောက်အထိ ချစ်တယ်ဗျာ''
''မလေးကို မနောက်ပါနဲ့ရှင်၊ မလေးက ကလေးအမေပါ''
''ဘာဖြစ်လို့ လိမ်တာလဲ၊ ဖြိုး အချစ်ကို မယုံလို့လား''
မလေး မျက်လွှာချထားသည်။
''ဖြိုး အချစ်ကို လက်ခံပါနော်''
ဆိုင်ပေါ်တွင်ထိုင်နေသော မလေးသည် ဖြိုးမင်းလတ်ကို မကြည့်မိ။
''ကျွန်တော့်ကို ချစ်တယ်မဟုတ်လား''
''ဘယ်သူက ပြောလို့လဲ''
မလေး၏အသံများက ဖြိုးအတွက် နားဝင်ချိုလှသည်။
''မနက်ဖြန် အိမ်လာလည်မယ်နော်''
ပြောပြီးသည်နှင့် ထွက်သွားလေသည်။ မလေးဆီမှ....
''မလာပါနဲ့ရှင်၊ မလေးယောကျ်ားက ကြိုက်ဘူး''
ဖြိုးမင်းလတ် တချက်ပြုံးပြသွားသည်။ ထိုည မလေး ရင်ခုန်နေရသည်။

*

''ဒီအိမ် မလေးတို့အိမ်လား''
''ဟုတ်ကဲ့ ဦးဦး၊ မေမေ အိမ်ထဲမှာရှိတယ်''
ကလေးမလေးမှာ အသက် ၅ နှစ်ခန့်ရှိပြီး မလေးနှင့် ရုပ်ဆင်သည်။
''သမီးတို့ဖေဖေ ရှိလား''
''ဖေဖေ အလုပ်သွားတယ်''
အိမ်ပေါ်ရောက်တော့....
''မလာပါနဲ့လို့ ပြောထားရက်နဲ့''
''မလေး ဆိုင်သွားတော့မလား''
''၁၀ နာရီမှပါ၊ ဘာလုပ်မလို့လဲ''
''အေးအေးဆေးဆေး ပြောချင်လို့ပေါ့''
''ခဏထိုင်ပါဦး''

မလေး မီးဖိုချောင်သို့ ဝင်သွားသည်။ ကလေးလေးက ခြံထဲသို့ ပြန်ဆင်းသွားသည်။ သစ်သားအိမ် ပုပုလေးသည် ငယ်သော်လည်း သန့်သန့်ပြန့်ပြန့်ရှိသည်ဟု ဖြိုးမင်းလတ်အကဲခတ်နေစဉ်....

"ထန်းလျက်ခဲနဲ့ ရေနွေးကြမ်းသောက်ပါဦး"

"နေပါစေ"

"မလေးတို့က ဆင်းရဲပေမယ့် စေတနာသန့်ပါတယ်"

ဖြိုး ပြုံးနေသည်။

"တကယ် စေတနာရှိလား"

မလေး မဖြေ။

"အိမ်လာတာ မကြိုက်ဘူးလား"

"ဒီအိမ်ကို ယောကျ်ားလေးဧည့်သည် ဒီတခါပဲ လာရဖူးသေးတယ်"

"ကျွန်တော် တောင်းပန်ပါတယ်၊ မလေးဆီက အဖြေသိချင်လွန်းလို့ စွန့်လာရတာပါ"

"စဉ်းစားပါရှင်၊ မလေးဆီမှာ ကလေးတွေနဲ့"

ဖြိုး အသံထွက်အောင်ရယ်ပြီး....

"မလိမ်ပါနဲ့ဗျာ၊ ဒီကလေးတွေက ကိုဘမောင်ရဲ့ကလေးတွေဆိုတာရယ်၊ မလေးကို အမေလိုပဲ ခင်တွယ်တာရယ်၊ သူတို့အမေ ဆုံးသွားပြီ ဆိုတာရယ်၊ မလေး စာပေးစာယူ နောက်ဆုံးနှစ်ရောက်ပြီး ကိုဘမောင်အိမ်မှာ လာကပ်နေနေတယ်ဆိုတာ အားလုံး သိပြီးပြီလေ"

လိမ်ထားသမျှ ပေါ်သွား၍ ရှက်နေသူက မလေး။

*

ကလေးသုံးယောက်အမေကို ချစ်ခဲ့သော ဖြိုး တယောက် အနန်းပင်အောက်တွင် အချိန်ပိုယူတတ်သည်။ မလေးဆိုင်သိမ်းမှ အိမ်ပြန်စာဖတ်သည်။ ဖြိုးမလာယင် မလေး မျှော်သည်။ ရောက်လာလျှင် ဗျားရည်ဆမ်းထားသော ချစ်စကားများကို တခါတခါ ဆိုကြသည်။

"ဖြိုး စာဖတ်ဦးနော်"

မလေး၏ စကားလက်ဆောင်ကို အမြဲသယ်ပိုးပြီး အိမ်ပြန်ရသည်။

တနေ့ ဖြိုးမင်းလတ် အိမ်ပြန်နောက်ကျသဖြင့်....

"ဖြိုး ကွမ်းယာဆိုင်က ပြန်လာတယ် မဟုတ်လား"

ဖခင်ဖြစ်သူ ဦးဖြိုးမောင်၏ စကားကြောင့် ဖြိုး မင်း လတ် ကြောင်သွားသည်။

"မင်းကြိပ်ကြိပ်သတိထားနော်၊ ငါမပြောချင်လို့ ကြည့်နေတာ"

ဖြိုးမင်းလတ်ရှုံ့ရသည်။ ထိုညတော်တော်နှင့် အိပ်မပျော်ခဲ့ပါ။

နောက်တနံနက် လက်ဖက်ရည်ဝိုင်းတွင်တော့ မိခင်ဒေါ်ဖြူလတ်နှင့် ဖြိုးတို့နှစ်ယောက်သာ ဆုံကြသည်။

"နင်တို့အဖေက မကြိုက်ဘူးတဲ့၊ အဲဒီကွမ်းယာဆိုင်ကို မသွားစေနဲ့လို့ အမေ့ကိုပြောထားတယ်"

"ဘာဖြစ်လို့လဲ မေမေရယ်၊ သူကမွန်လူမျိုး၊ နောက်ပြီး မွန်လူမျိုးကိုလဲချစ်တယ်၊ ကွမ်းယာရောင်းပေမယ့် စိတ်ကောင်းပါတယ်"

"ဖြစ်ရလေသားရယ်၊ ကွမ်းယာသည်ကိုမှ အရေးတယူလုပ်ရတယ်လို့"

မိခင်က အသံမာလာတော့လည်း သားက တိတ်ရသည်။ ကျောင်းသို့ထွက်သွားသော်လည်း မလေးကို သတိရနေမိသည်။ မလေးအကြောင်းကို စဉ်းစားပြီး မိမိတို့အကြောင်းကိုပါ စဉ်းစားနေမိသည်။

ကုန်သည်အလုပ်ဖြင့် မြို့ပေါ်တွင် အတော်အသင့်နေနိုင်ကြသည်။ ဖေဖေရော မေမေပါ မွန်လူမျိုးများဖြစ်သော်လည်း မွန်စကားသိပ် မပြောကြပေ။ ဦးဖြိုးမောင်၏ အယူအဆအရ....

"တို့ကမွန်လူမျိုးပဲ၊မွန်စကားကို ဘယ်တော့မဆို ပြောလို့ရတယ်၊ မြို့ပေါ်မှာ လူပေါင်းစုံနဲ့ တွေ့နေရတာမို့ မြန်မာစကားကို လူတိုင်းကအဓိကထားပြီး ဆက်ဆံပြောဆိုနေရတာ မြန်မာလိုပဲ ပြောကြပေါ့"

ဆိုထားသဖြင့် ဒေါ်ဖြူလတ်တို့ မိသားစု မွန်စကားထက် မြန်မာစကားကိုသာ အပြောများသည်။

*

"မလေးဒီနေ့ သိပ်လှနေတယ်နော်"

"မြှောက်လို့ပြီးပြီလား"

"တကယ်ပြောတာပါ"

"မလေးနဲ့ မွန်ထဘီနဲ့သိပ်လိုက်တယ်"

ချစ်သောသူ ဖြိုးတယောက် ပျော်နေသော်လည်း မလေး၏ မျက်နှာသည် ညှိုးနွမ်းနေသည်။ အဆက်အစပ်မရှိသော စကားကိုလည်း ဆိုသေးသည်။

"ကြိုးစားနော်၊ ဖြိုး"

ပြီးမှ....

''ဟုတ်ကဲ့''

ဟုပြောင်စပ်စပ်ပြောလိုက်သည်။မလေးရယ်ချင်ပါသည်။ရယ်၍ မရပါ။ရင်ထဲတွင်ငိုချင်သည်။မိမိခံစားနေရသည်ကို ချစ်သောသူအား မသိစေချင်ပါ။

''ဖြိုး ပြောသလိုအရာရာကို လူတွေကဖန်တီးနိုင်တာမို့ ဖြစ်ချင်တာလုပ်ယူရတယ်ဆိုတာ တကယ်လားဟင်''

ဖြိုးတယောက် ဂရုမပြုမိ သော်လည်း ထိုစကားနှင့် အတူ မလေး၏ ဝမ်းနည်းခြင်း၊ နာကျည်းခြင်း၊ ခံပြင်းခြင်း၊ အရိပ်အရောင်များရှိနေပါသည်။ ဖြိုးပြန်သွားသောအခါ မလေးတယောက် အတွေးကွန်ယက်နေမိသည်။ နေ့လယ်က ဖြိုး၏ အဖေ ဦးဖြိုးမောင်၏ စကားကို ပြန်၍ကြားယောင် နေမိသည်။

''မလေးနှယ်လား၊ သမီးကို ဦးစကားနည်းနည်း ပြောချင်တယ်''

''ဟုတ်ကဲ့''

မလေးအသံတုန်နေသည်။

''ဦးရဲ့သား ဖြိုးမင်းလတ် ဒီကိုအမြဲလာတယ်ဆို''

''ကွမ်းလာစားတတ်ပါတယ်''

''သမီးနဲ့ အတော်ရင်းနှီးတယ်လို့ ဦးသိရတယ်''

မလေး ဘာမှပြန်မပြောဖြစ်။

''ညညဒီကိုမလာဖို့ပြောလဲမရဘူး၊ သူစာမေးပွဲကျသွားမှာစိုးလို့ ဦးတို့ကစာကျက်ခိုင်းတယ်၊ အပြင်ပဲထွက်နေတယ်''

''ကျွန်မနဲ့ ဘယ်လိုပတ်သက်သလဲရှင်''

''ဒီလိုပါ၊ သူ မြန်မြန် ကျောင်းပြီးစေချင်တာ၊ သူနဲ့ စေ့စပ်ထားတဲ့ ထားဝယ်က ချောသဇင်ကြည်နဲ့ မြန်မြန်နေရာချထားချင်တယ်''

ဦးဖြိုးမော စကားကိုဖောရပ်ထားလိုက်လေသည်။ ဘာကိုဆိုလိုနေသည်ကို မလေးသိနေပေပြီ။

ဆက်ပြောမည့်စကားကို နားမထောင်ချင်တော့သော်လည်း ရိုင်းမည်စိုးသဖြင့် ခေါင်းငုံ့၍ ထိုင်နေသည်။ ရင်ထဲတွင်တော့ ပူလောင်ခြင်း၊ ခံပြင်းခြင်းတို့ဖြင့် စုပြုံနေသည်။ ထိုစကားများကို ဖြိုးသိမည်မဟုတ်ဟုလည်း နားလည်ထားမိသည်။

''သူဒီကိုလာယင် အချိန်မဖြုန်းဖို့နဲ့ စာကြိုးစားပါလို့ ပြောပေးပါနော်၊ သမီး''

လေသံပျော့သော်လည်း တဘက်သားကို မည်မျှထိခိုက်မည်ကို ဦးဖြိုးမောင် တွေးမိဟန်မတူ။ ပြောလိုက်ချင်သော စကားများကို ချုပ်တည်းယင်း မလေး ခေါင်းညိတ်ပြလိုက်ရသည်။ အောင်နိုင်သူတယောက်အနေဖြင့် ပြုံးနေသော ဦးဖြိုးမောင်ကို တချက်မျှပင် ကြည့်လိုက်မိသည်။ မလေးဦးနှောက်ထဲမှ ဆုံးဖြတ်ချက်တခုပြီးတခု ချနေမိသည်။

*

''ချောသဇင်က ထားဝယ်သူဆိုပေမယ့် ချောလဲချော၊ တွဲလဲရထားပြီးသား စိတ်လဲကောင်းတယ် သားရဲ့''

''သားသိပါတယ်အမေ၊ ဟိုတုန်းကဒီကိုအမြဲလာနေတာပဲ''

''ဒါနဲ့များသားက ငြင်းရသေးလား''

''မဖြစ်ပါဘူး မေမေရယ်၊ သူက ထားဝယ်သူ....''

ဖြိုးမင်းလတ်စကားမဆက်တော့၊ စိတ်ထဲတွင်တော့ဖေဖေနှင့် မေမေတို့ကသားကမွှန်ဖြစ်နေရတာ သားတို့ရဲ့သားသမီးတွေကြယင် ဘာလူမျိုးဖြစ်တော့မလဲဟု ပြောလိုက်ချင်သေးသည်။

''ဒါတွေမစဉ်းစားသေးဘူး မေမေ၊ စာမေးပွဲနီးနေပြီ''

*

''မလေးဘယ်သွားလဲ ကိုဘမောင်''

''သူ့ သူငယ်ချင်းဆီ သွားလည်တယ်ဆိုပဲ''

''ဘယ်ကိုလဲ''

''မမြို့ဆိုလား၊လားရှိုးဆိုလား၊ သွားတာသုံးပတ်လောက်ရှိပြီ''

''သူ စာမေးပွဲ မဖြေဘူးလား''

''ကိုယ်လဲ ပြောတာပဲ၊ အချိန်မီပြန်လာမယ်လို့ ပြောတာပဲ မင်းလဲစာမေးပွဲ ဖြေပြီးပြီလား''

''ဒီနေ့ပဲပြီးတယ်''

''ရော့....မင်းအတွက် စာတစောင်ပေးထားတယ်''

ပြောယင်းနှင့် မလေးပေးထားသော စာတစောင်ကို ဖြိုးမင်းလတ်အား ကမ်းပေးလိုက်သည်။

ဖြိုး....

မလေးကိုချစ်ယင် မိဘစကားကိုနားထောင်ပါ၊ မလေးကို လိုက်မရှာနဲ့နော်၊ စာမေးပွဲအောင်ပါစေ....

ဖြိုးရဲ့

မလေး

မတွေ့ရတာ ကြာပြီဖြစ်သော မလေး၏ တန် ပြန် မှု က ဖြိုး တယောက်တုန်လှုပ်၍နေပါသည်။ ကွမ်းယာဆိုင်တွင်တော့ လူ သစ်တယောက်ရောက်နေသည်။စိတ်ညစ်ညစ်ဖြင့် မေမြို့သို့အလည် အပတ်သွားသည်။ မလေးကိုစုံစမ်းသည်။ လားရှိုးတွင်ရှာသည်။ မတွေ့ရ၊ မော်လမြိုင်သို့ရောက်တော့....

"ဟော့ ဖြိုးမင်း"

အလန့်တကြား အော်လိုက်လော့ ကျော်ဝေ့ အသံကြောင့် ဖြိုးမင်းလတ် လှည့်ကြည့်လိုက်သည်။

"ရွာက ဘယ်တုန်းက တက်လာတာလဲ"

"ဒီနေ့ပဲ၊ ဒါနဲ့ပြောရဦးမယ်၊ မလေးဒီနေ့ စာပေး စာယူ လာဖြေတာကွ"

"ဟုတ်လား၊ ဘယ်နေ့ကလဲ"

"မင်းမသိဘူးလားကွ၊ တို့ရွာမှာ ဆရာမ လာလုပ်နေတယ်လေ"

"ငါလိုက်သွားမယ် သူငယ်ချင်း"

ဖြိုးမင်းလတ်ကို အံ့ဩနေယင်း ကျော်ဝေ ကျန်ရစ်နေတော့သည်။

*

"မလေး...."

"ဟင်"

"ဖြိုး ဘာဖြစ်လို့လိုက်လာတာလဲ"

"ချစ်လို့ပေါ့"

"ဖြိုးတို့အဖေ...."

စကားမဆုံးလိုက်ပေ။

"သူတို့ သဘောကျမှာပါကွာ၊ အခု သူတို့ မွန်ကျေးရွာက ဆရာမ ဒေါ်လေးနွယ်ဖြစ်နေပြီပဲ"

"မလေးမွန်စာသင်တာလား"

"ဟုတ်တယ် ရွာကခန့်တာလေ"

"တော်လိုက်တဲ့မလေးရယ်...."

ဖြိုးမင်းလတ် ပျော်နေသော်လည်း မလေးတယောက်မပျော်နိုင်သေးပေ။

"ဖြိုးတို့ကလဲ တတ်လဲတတ်နိုင်တယ်နော်"

"ဒါတွေက ဖန်တီးယူတတ်ကြတာမို့ နားလည်ခွင့်လွှတ်ပါ မလေးရယ်"

မလေးတချက်မျှ ပြုံးပြလိုက်ရသည်။

ရေတမာပင်၏ ဟိုအထက်ဆီတွင် ဟသ်ာပျံမျှား ပျော်မြူးနေကြသည်။ဖြိုးမင်းလတ်နှင့် မလေးနွယ်က ရေတမာပင်အောက်တွင် မောရမြေကို တန်ဆာဆင်နေသလိုပင် ရှိနေကြသည်။ ။



မေသစ်လွင်

မွန်စာပေကို ချစ်မြတ်နိုးကြသော ကလောင်ရှင်များနှင့် မွန်အမျိုးသား အပေါင်းတို့ခင်ဗျား....

၁၉၈၂ ခုနှစ်၊ စက်တင်ဘာလထုတ် မော်လမြိုင် ကောလိပ် မွန်မဂ္ဂဇင်းတွင်ပါရှိသော ဆောင်းပါးတစောင်။ ယင်း၏ခေါင်းစဉ်ကတော့ "မွန်စာရေးထုံး ပြဿနာ" ဆောင်းပါး ကို အသေအချာ အစအဆုံးတိုင် ဖတ်ရှုမိပြီး အလွန့်အလွန်ဝမ်းနည်းမိပါသည်။ ယင်းဆောင်းပါးရေးသူကို အပြစ်တော့ မတင်ပါ။ လူငယ်လူရွယ်တယောက် ဖြစ်တာကတကြောင်း၊ မွန်စာပေကို သေချာဂနတတ်ကျွမ်းအောင် မသင်ခဲ့လို့ မွန်စာပေအပေါ်မှာ အမျိုးမျိုးအဖုံဖုံ ဝေဖန်ပြီး မူလရေးထုံး အက္ခရာစာလုံးများကို အသတ်နှင့် အဆွဲများ ပြုပြင်လျှင် ခေတ်မီလာမည်ဟု သူကတင်ပြထားသည်။

ဥပမာယူတင်ပြထားတဲ့ စာလုံးများကတော့ (ကင်ဂစိုတ်င်) နှင့် ဗျည်းအက္ခရာမှာပါတဲ့ ငယ့်စာလုံး 'ၚ' ယင်းနှစ်ခု တူနေသည်ကို စာလုံးတခုခု ရေးသုံးလျှင် မကောင်းပေဘူးလား.... သို့တည်းမဟုတ် 'ၚ' ငယ့်စာလုံးကို ဆွဲထားတဲ့ ရကောက်အငယ်ကလေးကို ဖြုတ်ပစ်လိုက်လျှင် ကောင်းပေလိမ့်မည်။မျက်စိလည်းရှင်း အရေးအသားလည်း လွယ်ကူမည်မဟုတ်ပါလား။ တခြားအဆွဲများထဲတွင် (ဂ္ဍ၊ ဍ္ဍ၊ ဓ္ဂး၊ မ္ဒး)များကိုလည်း တသုံးစီ ရှင်းရှင်း ရေးသားလျှင် ကောင်းလိမ့်မည်။ သည့်အပြင် လူနာမည် (နဲ၁ဝ်+မိခြိ) အ အသတ် ပြုလုပ်ထားတဲ့ အပေါ် ဝစ္စကလေး အစား အ အသတ်ပဲ ပြန်ရေးသုံးလျှင် ကောင်းမည်ဟု သူက အကြံပြုသွားသည်။

နောက်ဘဖန် ရန်ကုန်မြို့နိုင်မောင်တိုး (B.A. Dip Lib-R.L) ရေးထားတဲ့မွန်စကား မွန်စာသင်ကြားနည်း စာအုပ်ကိုလည်း သက်သေသာခကေ အထောက်အထား ပြသေးသည်။ သူ ပြုပြင်ချင်တဲ့ မွန်စာလုံးတွေ အတော်များပြားလာသည်။ တချို့သော မွန်ဝါကျ အသုံးအနှုန်းတခု(ဗ္ဂဵုပ်ကြြာံကြြာံ ကုံ ကေ္ဂာံအာကံမွဲ) အဓိပ္ပာယ်ကတော့ 'ဝဖြိုးသော ဆိတ်တရောကျွန်း တကျွန်းကို ကူးသွားသည်။' ယင်းမွန်စာ၏ ဝါကျထဲတွင် အ အသတ်နေရာ အပေါ်ဝစ္စ သတ်ထားများသည်ကိုမြင်တော့ တော်ရုံတန်ရုံမဖတ်တတ်တဲ့လူ အခက်တွေ့ပြီး ဒုက္ခရောက်နေလိမ့်မည်ဟု သူက ဖော်ပြထားသည်။

# မတတ်တော့ ခက်၊ ပြင်များ ပျက်

## နိုင်ထောလရင့်

# အစားထိုးဝင်ရောက်ခြင်းမှသည်

ဗညားစိုးမြင့် (ကော့ဘိန်း)

တရွက်နှစ်ရွက်
ကြွေလွင့်ထွက်သွား
သစ်ရွက်များစွာ။

တပွင့်နှစ်ပွင့်
နေသင့်နွမ်းသွား
ပန်းပွင့်များစွာ။

တရွက်ကြွေလျှင်
ဝေလိမ့်နောက်ထပ်နှစ်ရွက်တည်း။

တပွင့်လန်းလျှင်
လန်းလိမ့်နောက်ထပ်နှစ်ပွင့်တည်း။

ဝေနေဆဲသစ်ရွက်
ပင်စည်အတွက်အစာချက်ယင်း
ရှင်သန်ခြင်းတရားများ
ဆက်လက်မွေးဖွား။

လန်းနေဆဲပန်းပွင့်
လှပဝင့်ထည်
အပင်ငယ်မသုဉ်းရေး
မျိုးပွားဖို့သွေးဆောင်။

ကြိုက်တဲ့စခန်း ကျရာလမ်းမှာ
ရွက်ထမ်းဝန်တာ ကျေပွန်ပါယင်
သစ်ပင်မျိုးဆက် တည်ရှိသလို
ခေတ်အစဉ်အမျိုးတွက်ပီတိပို။ ။

စာရေးသူဆိုလိုချင်တာက မည်သည့်စာပေမဆို ကျွန်ုပ်တို့ အဓိကကျသော ရေသောက်မြစ်သဖွယ်ဖြစ်သည်။ အလွန်ခက်ခဲနက်နဲသည်။ အလွန်အရေးကြီးသည်။

အလားတူ.... ရှေးဟောင်း မူဟောင်း မည်သည့် စာပေမဆို မပျက်မစီး မပျောက်မကွယ်သွားလေအောင် ကျွန်ုပ်တို့တိုင်းရင်းသားများ အားလုံး၏ တာဝန်မဟုတ်ပါလော....။ ဤနေရာမှာ စကားပုံတခု သတိရမိတာကတော့ (စာပေပပျောက် လူမျိုးမှောက်သည်၊ စာပေပျက်သုဉ်း လူမျိုး ပြုန်း သည်။) မွန်လို ( လိခ်မန် ကော့်အိုတ် ဂကူမ္ဂိဟ်ပ္ဍိုတ် ) မွန်စာပေ ချစ်မြတ်နိုးကြသော ကလောင်ရှင်များနှင့် မွန်အမျိုးသားအပေါင်းတို့ ခင်ဗျား.... ပြုပြင်တိုင်းလည်း ကောင်းမည် မဟုတ်၊ ပြုပြင်တိုင်းလည်း ညံ့သည်မဟုတ်။ ထို့ကြောင့် အရာခပ်သိမ်း ဆင်ခြင်တုံတရား ရှေ့ထားပြီး (မမှားသောရှေ့နေ၊ မသေသော ဆေးသမား)ဆိုသလို ကျွန်ုပ်တို့ လူသား မမှားတာ မရှိပေ။

မည်လည့်အရာမဆို ရှေးဦးစွာမလုပ်မီ အပြန်အလှန်စဉ်းစားပါ။ အကျိုးရှိ မရှိ စိစစ်ပါ။ အမှားအမှန်ကိုလည်း ခွဲခြားပါ။ ဇွတ်တရွတ်မလုပ်သင့်ပါ။ ပညာရှိသူနှင့် တိုင်ပင် ညှိနှိုင်းပါ။ ယင်းအချက်များနှင့် ပြည့်စုံပြီဆိုသော်လည်း မိမိကိုယ်ကိုပြန်မေး ကြည့်သင့်သေးသည်။ ''ကျွန်တော်သည် မွန်စာပေကို ပြည့်စုံလုံလောက်စွာ တတ်မြောက်ခဲ့ပြီလား'' ''မွန်စာပေနှင့် ပတ်သက်ပြီး ကျွန်တော်ဘယ်လောက် ဗဟုသုတ သုတေသနလုပ်ခဲ့သလဲ'' ''ကျွန်တော်သည် မွန်စာကိုတဘက်ကမ်းရောက် တတ်မြောက်ခဲ့ပြီလား၊ သို့မဟုတ် မွန်ကျမ်းစာတစောင် ထုတ်နိုင်ခဲ့ပြီလား'' ''ကျွန်တော်မွန်စာကို ဘယ်လောက်ချစ်မြတ်နိုးခဲ့သလဲ''

အစရှိသော ပုစ္ဆာများကို မေးမြန်းပြီးမှ မွန်အက္ခရာစာလုံးများ ပြင်သင့်ပြင်ထိုက်ပါက ပြင်ပါဟု ဆိုချင်ပါသည်။ စာရေးသူ ပုံဘိုပတ်စ တခု သတိရမိတာကတော့ ''မတတ်ပဲနှင့်တတ်ချင်ယောင်ဆောင် အမောင်စေတနာလွန်ကဲ''အကြောင်းကို တင်ပြပါရစေ။ မောင်ဖြူသည် ဆံပင်ရှည်၍ ဆံပင်ညှပ်ရန်အိမ်မှ ထွက်လာသည်။ သူငယ်ချင်းဖြစ်သော မောင်နီကမြင်သော်....

''ဟော့.... သူငယ်ချင်း မောင်ဖြူ ဘယ်သွားမလို့တုန်း''

''ဆံပင်ညှပ်မလို့ သူငယ်ချင်းရာ''

မောင်နီက....

''လာပါ ကျုပ် အခအကြေးမယူပဲ ညှပ်ပေးမယ်၊ ကဲထိုင်''

ဆိုပြီး မောင်နီဆံပင်ညှပ်ဆရာက စညှပ်တော့တယ်။

မောင်နီညှပ်လိုက်တာ မောင်ဖြူတခေါင်းလုံး ပြောင်သွားပါလေရော....။

''ဟဲ့ မောင်ဖြူ မင်းခေါင်းကဆံပင်မွေးညင်း တပင်မှ မရှိတော့ဘူး၊ ငါညှပ်လို့ အကုန်ပြောင်သွားပြီ၊ သို့သော် ငါလိုချင်တဲ့ ပုံစံနဲ့ ငါတတ်ထားတဲ့ပညာမကုန်သေးပါ''

ဆိုပြီး မောင်ဖြူခေါင်းကိုကိုင်စမ်း ခေါင်းတလုံးလုံး ပြောင်ချောသွားတာကို သိတော့....

''ငါလူမလုပ်တော့ဘူး၊ ဖိုးသူတော်ပဲလုပ်တော့မယ်''

စိတ်ဆိုးဆိုးနှင့် ပြောယင်း ထသွားတော့တယ်။

ဤပုံပြင်ကိုသင်ခန်းစာယူပြီး ဆံပင်ညှပ်ပညာ မတတ်တတတ် စေတနာလွန်ကဲသောမောင်နီ မောင်ဖြူ ခေါင်းတလုံးလုံးကုန်ပညာမဆုံးရှာတော့ ပျက်စီးခြင်းတရား ရောက်လေပြီတကား။ ထို့ကြောင့် မြန်မာတွင်ဆိုစမှတ် (ဆရာမပြု နည်းမကျ) ဆိုရိုးစကားရှိသည် မဟုတ်ပါလား။ မည်သည့်အရာမဆို ကိုယ်မတတ်ပဲနှင့် ဆရာဝင်မလုပ်ပါနှင့်၊ မဝင်ပြုပြင်ပါနှင့်၊ စေတနာမလွန်ကဲပါနှင့်၊ ဝင်လုပ်မိပါက အမှားပါတတ်သည်။ ပျက်စီးခြင်းသို့ရောက်လိမ့်မည်။ မွန်စာပေနှင့်ပတ်သက်ပြီး နောက်တခုတင်ပြချင်တာ ရှေးဟောင်းပေစာ ပုရပိုက်စာအများဆုံးရှိသော နေရာသည် ဘုန်းတော်ကြီးကျောင်းများ ဖြစ်သည်ကို မည်သူမျှ ငြင်းဆိုမည် မဟုတ်ပါ။ ရှေးဟောင်းကျမ်းစာ၊ ပေစာ၊ ပုရပိုက်စာ၊ အတတ်အများဆုံးသူလည်း ရဟန်းသံဃာများ ဖြစ်သည်မှာ ဧကန်မုချမလွဲပေ။

ယခု နိုင်ငံတော်အစိုးရကလည်း ရှေးဟောင်းမွန်ကျောက်စာနှင့် မြန်မာကျောက်စာများ၊ ရှေးဟောင်း ပန်းပု၊ ပန်းရံ၊ ပြုလုပ်ထားသော ပုဂံဘုရားတွင်လည်းကောင်း၊ ပဲခူးမြို့ရှိ ရွှေမော်ဓောဘုရား၊ ရွှေသာလျောင်းဘုရားတွင်လည်းကောင်း၊ ကေလာသတောင်ရှိ ကေလာသဘုရား ကျောက်စာတွင်လည်းကောင်း၊ သထုံမြို့ရှိ ရှေးဟောင်းစေတီဘုရားတွင် မွန်ကျောက်စာများ မပျက်စီးသွားလေအောင် ယနေ့နိုင်ငံတော်အစိုးရက သက်ဆိုင်ရာ ဂေါပကလူကြီးများနှင့် တာဝန်ကျလူကြီးများ အားပေး စောင့်ရှောက်ထားသည်ကို သိရတော့ အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အထူးကျေးဇူးတော် တင်ရှိကြောင်း တင်ပြလိုပါသည်။

ယနေ့နိုင်ငံတော်အစိုးရ မွန် မြန်မာ ရှေးဟောင်းကျောက်စာ သုတေသနအရာရှိများ၊ သက်ဆိုင်ရာဌာနများ၊ ခန့်ထားတာဝန်ပေး ဆောင်ရွက်လျက် ရှိပါသည်။ ရှေးဟောင်းမွန်ကျောက်စာ ဝန် နိုင်လူဖေဝင်း၊ ယခု ကော့ဘိန်းဇာတိ နိုင်ပန်းလှတို့လည်း ကြိုးစားအားထုတ် အလုပ်လုပ်လျက်ရှိကြောင်း သိရပါသည်။ မွန်စာကို ပြုပြင်ချင်ကြသော ကလောင်ရှင်များနှင့် မွန် တိုင်းရင်းသား အပေါင်းတို့ခင်ဗျား၊ နောက်ဆုံးအကြံပြု ချင်တာကတော့ ပညာရှိ မွန်ရဟန်းသံဃာတော်အပေါင်းများနှင့် မွန်ရှေးဟောင်း ကျောက်စာပညာရှိများ လူပညာရှိကြီးများနှင့် တိုင်ပင်ညှိနှိုင်းပြီးမှ ပြုပြင်ကြပါလို့ အကြံကောင်းပေးယင်း ရေးသားလိုက်ရပါသတည်း။ ။

နိုင်ထောလရင့်



## ရွှေသို့လှမ်းပါ

**လှမ်းမောင် [ကော့ပေါက်]**

မွန်ဖြစ်ပါက မွန်သွေးပါရ
ရွှေမှန်ပါက မှတ်ကျောက်မလို
မွန်လူမျိုးပင် မွန်စာသင်ကြ
မွန်လိုခေါ်တွင် ဟံသာမင်းပဲ
ဟံသာပျံသန်း မွန်စခန်းကို
ပန်းတိုင်ဦးတည် ရောက်ကြမည်လော
ကြိုးစားကြမယ် တို့လူငယ်များ
အေးမြကြည်လင် ရာမညပင်
သာယာပေပြီး မွန်တို့ဌာနီ
စာပေတိုးပွား မွန်လုပ်သားတို့
မွန်မြတ်စိတ်ထား မွေးဖွားကြမှ
သင်ကြားပို့ချ သင်ပုန်းကြီးဗျ
တတ်မှသာလျှင် အမြင်ကျယ်လျှင်
စိတ်ထားရှည်မှ တက်မှာမုချ
လက်တွဲခိုင်ခိုင် အောင်ပွဲပန်းတိုင်
မယိုင်မလဲ ရောက်ကြစမြဲ
ရာမညသို့ ချီတက်ကြစို့
မောင်မယ်တို့ရေ ရောက်အောင်လှမ်းလေ
အောင်မြင်ပါစေ ဆုတောင်းနေလော့။ ။

# အမိယဉ်ကျေးမှု နှင့် အမိလူမျိုး

## လွမ်းစိုးခိုင်

လူမျိုးတိုင်းတွင် ယဉ်ကျေးမှုသည် အရေးကြီးလှပေသည်။ ယဉ်ကျေးမှု မြင့်မားပါက လူမျိုးပါ တိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ယဉ်ကျေးမှု ကွယ်ပျောက်ပါက လူမျိုးပါ ပျောက်ကွယ်မည် ဖြစ်ပါသည်။ ထို့ကြောင့်ပင် အမိဘာသာ၊ အမိစာပေ ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှသာ အမိလူမျိုးသည်လည်း ခေတ်အဆက်ဆက် ထွန်းကားမည် ဖြစ်ပါသည်။

မိခင်၏ ပုခက်လွှဲသောလက်သည် ကမ္ဘာကို အုပ်စိုးနိုင်သည်ဟု ဆိုရိုးစကားရှိခဲ့သည်မှာ အမှန်ပင် ဖြစ်ပေသည်။ ထို့ကြောင့် အမိဘာသာဖြင့်လည်း ကမ္ဘာ့ယဉ်ကျေးမှုသို့ရောက်အောင် မွေးထုတ်ပေးသည်မှာ အမှန်ပင်ဖြစ်ပေသည်။ အခြားသောနိုင်ငံမှ စာဆိုရှင်ပုဂ္ဂိုလ်များကလည်း အမိဘာသာဖြင့် စာပေနှင့် ယဉ်ကျေးမှုကို ဦးတည်ချက်ပြု၍ ရေးသားပြီး ကမ္ဘာကျော်စာရေးဆရာများ ဖြစ်ကြပေသည်။

လူအများစုက အသုံးပြုနေသော ဘာသာစကားများကို မကျွမ်းကျင်သော်လည်း မိမိ၏ စာပေ အနှစ်သာရသည် ပြည့်စုံပါက တနေ့တွင် ကမ္ဘာ၌ ထင်ရှားနိုင်မည် ဖြစ်ပါသည်။

မွန် လူမျိုးများကိုကြည့်ပါက မွန်ဘာသာသည် အခြေခံဖြစ်သည့်အပြင် အလွယ်ကူဆုံးသော ဘာသာလည်းဖြစ်သည်။ မွန်လူမျိုးတဦးသည် မွန်စာကို အလျှင်းမတတ်ပါသော်လည်း မွန်ဘာသာဖြစ်သော မွန်စကားကို ပိုင်ပိုင်နိုင်နိုင် ပြောနိုင်မည်ဖြစ်ပါသည်။ မွန်ဘာသာ၌ ကြီးပြင်းခဲ့သော လူတယောက်သည် မည်သည့် ဘာသာစကားကို မကျွမ်းကျင်စေကာမူ မိမိဘာသာစကားဖြင့် မိမိ၏တွေးခေါ်ချက်၊ ပြောဆိုချက်များဖြင့်လည်း တိုင်းပြည်တွင် တနေ့၌ ထွန်းတောက်လာနိုင်မည်ဖြစ်သည်။

လူမျိုးတမျိုး၏ ဘာသာစကားသည် ယနေ့ထိ ရပ်တည်နေနိုင်ခြင်းမှာ ထိုလူမျိုးတရပ်လုံး၏ ခေတ်အဆက်ဆက် ကြိုးပမ်းအားထုတ်မှုသာ ဖြစ်သည်။ မွန်ကိုမျိုးတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုများ ယနေ့ထိ ရပ်တည်နေနိုင်ခြင်းမှာလည်း မွန်လူမျိုးတရပ်လုံး၏ ခေတ်အဆက်ဆက် ကြိုးပမ်းအားထုတ်မှု ဖြစ်ပေသည်။

ရှေးအခါကမြန်မာပြည်အောက်ပိုင်းကိုရာမညတိုင်းဟုခေါ်ဆိုခဲ့ကြသည်။ ထိုရာမညတိုင်းတွင် မွန်လူမျိုးသုံးမျိုး နေထိုင်ခဲ့ကြသည်။ မြစ်ဝကျွန်းပေါ်၌ နေထိုင်ကြသည့် လူမျိုးအား မွန်ဒဲ့ဟူ၍လည်းကောင်း၊ ပဲခူးနှင့် သထုံနယ်မြေတလျှောက်၌ နေထိုင်ကြသည့် မွန်များအား မွန်ညဟူ၍လည်းကောင်း၊ မုတ္တမမှ အောက်ပိုင်းဒေသများမှ နေထိုင်ကြသော မွန်လူမျိုးများအား မွန်ဒေါင်ဟူ၍လည်းကောင်း သုံးမျိုးခွဲခြားထားလေသည်။

လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းမြန်မာနိုင်ငံ၌ ရှမ်း၊ ကချင်၊ ကရင်၊ ကယားလူမျိုးများသည် ပြည်နယ်အသီးသီးရကြသလို မွန်လူမျိုးများသည်လည်း မွန်ပြည်နယ်ကိုရလိုကြသည်။ထို့ကြောင့်ပင် ၁၉၇၄ ခုနှစ်၊ဇန်နဝါရီလ ၃ ရက်နေ့တွင် မွန်ပြည်နယ်ကို ရရှိခဲ့ကြသည်။ မွန်လူမျိုးများ မွန်ပြည်နယ်ကို ရယူလိုခြင်းမှာ တိုင်းရင်းသားလူမျိုးများကို သွေးကွဲသည့် ရည်ရွယ်ချက်မဟုတ်ချေ။ မွန်လူမျိုးများသည် မိမိတို့ ချစ်မြတ်နိုးသည့် မွန်စကား၊ မွန်စာပေ၊ မွန်ယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ခြင်းနှင့် လူမျိုးများမျိုးရိုး မတိမ်ကောစေရန်ဖြစ်သည်။

မွန်လူမျိုးများ မပျောက်ကွယ်သွားစေရန် စာပေကို ဦးတည်၍ မွန်မျိုးချစ်ပုဂ္ဂိုလ်များက မြို့ရွာဒေသများတွင် မွန်စာပေသင်တန်းများကို မွန်လူမျိုးများအား ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ မွန်ပြည်နယ်တွင်သာမကပဲ ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ၏ မြို့တော် ရန်ကုန်မြို့တွင်လည်း မွန်စာပေသင်တန်းများကို အောင်မြင်စွာ ဖွင့်လှစ်ခဲ့ကြသည်။ ယင်းပြင် မွန်ရိုးရာအက,များ မတိမ်ကောစေရန် မွန်ယဉ်ကျေးမှုအက,များကို မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်မြို့တွင် သင်ကြားပေးလျက်ရှိသည်။

ထိုသို့ မွန်စာပေသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ မွန်ယဉ်ကျေးမှုအက,များ တည်ထောင်ပေးခြင်းမှာ လူမျိုးယဉ်ကျေးမှုများ မတိမ်ကောစေရန် ဖြစ်ပေသည်။ လူမျိုးတိုင်းတွင် စာပေယဉ်ကျေးမှုများ ပျောက်ကွယ်ခဲ့ပါက လူမျိုးပါ ပျောက်မည် ဖြစ်ပါသည်။ မွန်လူမျိုးများသည်လည်း အမိစာပေယဉ်ကျေးမှု မတိမ်ကောစေအောင် ထိန်းသိမ်းရန် လိုအပ်ပေသည်။

မွန်အမျိုးသားများဟုဆိုပြီး မွန်စကား၊ မွန်စာပေ၊ မွန်ယဉ်ကျေးမှု အနုပညာကို အသုံးမပြုပဲ မေ့ပျောက်သွားကြမည်ဆိုလျှင် ရှေးအခါက မွန်နိုင်ငံဖြစ်ခဲ့သည့် ဟံသာဝတီ(ပဲခူး)ပြည်ကဲ့သို့ ဖြစ်သွားပေမည်။ ပဲခူးသည် ရှေးအခါက မွန်စာပေ၊ မွန်ဘာသာ၊ မွန်ယဉ်ကျေးမှု အနုပညာ ထွန်းကားခဲ့သည့် မွန်ဒေသကြီးတခု ဖြစ်ခဲ့သည်။ ပဲခူးသည် မွန်ဘာသာမှ ဆင်းသက်လာခြင်း ဖြစ်သည်။ ယခုအချိန်အခါတွင် မွန်အမည်သာကျန်ပြီး မွန်စကားမရှိတော့ပေ။

မွန်စကား၊ မွန်စာပေနှင့်ယဉ်ကျေးမှု အနုပညာတို့သည် ရှေးအခါက အာရှအရှေ့တောင်ပိုင်းတွင် အလွန်ထင်ရှားကြောင်း ရာဇဝင်သမိုင်းတွင် မှတ်တမ်းတင်ခဲ့ပေသည်။ ရှေးအခါက မွန်ပြည်သည် သုဝဏ္ဏဘုမ္မိဟူ၍ ထင်ရှားခဲ့သည်။ ဒွါရဝတီ ဟူ၍လည်း ထင်ရှားခဲ့သည်။

ဟံသာဝတီပြည်သမိုင်းကို လေ့လာလျှင် မဂဒူခေါ်ဝါရီရူမင်းဆက်တွင် ဗညားဦးနှင့် ဗညားနွဲ့ခေါ်ရာဇာဓိရာဇ်တို့သည် ရာဇဝင်တလျှောက်၌ အလွန် ပင် ထင်ရှားခဲ့သည်။ ဗညားလဂွန်းအိမ်၊ သမိန်ဗရမ်း၊ အဲမွန်ဒယာ စသော မွန်သူရဲကောင်းတို့သည်လည်း ယူရသတ္တိတွင် ဂုဏ်ယူလောက်ပေသည်။ မြန်မာ့ သမိုင်းတွင် သထုံပြည်တွင် ဗုဒ္ဓဘာသာကို အစ,ပျိုးခဲ့ရာမြေဒေသ ဖြစ်ပေသည်။

မွန်တို့သည် ဘာသာရေးကို ရိုသေကြသူများဖြစ်လေရာ ရဟန်း၊ သံဃာ များကိုမြင်လျှင် မိမိ သွားနေကျလမ်းမှ ဖယ်ပေးခြင်း၊ ဖိနပ်ချွတ်ကာ အရို အသေပြုခြင်း၊ ဝန်ထုပ်များ မည်မျှပင် လေးစေကာမူ ထိုင်ကန်တော့ခြင်း စသည့် စသည့် ဘာသာရေးဓလေ့မှာ မွန်လူမျိုးတရပ်လုံး၏ ယဉ်ကျေးမှုပင် ဖြစ်ပေသည်။

မွန်မြို့တော်တခုဖြစ်ခဲ့သည့် ပဲခူးမြို့တွင် ကျွန်းတကျွန်း ရှိခဲ့လေသည်။ ထိုကျွန်းတွင် မွန်မင်းတပါး ထီးနန်းစိုက်နေထိုင်ခဲ့သည်။ ထိုမင်း ထီးနန်းစိုက် နေထိုင်ခဲ့သော တပို့တွဲလဆုတ် ၁ ရက်နေ့ကို အစွဲပြု၍ မွန်အမျိုးသားနေ့ဟု ပေါ်ပေါက်ခဲ့လေသည်။

အမျိုးသားများ ပေါ်ပေါက်ခဲ့ပါလျှင် အမျိုးသားယဉ်ကျေးမှု အနု ပညာသည် အဓိက လိုအပ်ချက်တရပ်ပင် ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် အစဉ်အလာအရ တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ တူညီသောအသိမှ မိမိတို့၏ ရေမြေသဘာဝအခြေအနေအရ ဖွဲ့စည်းထားအပ် သော အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်လာသော နိုင်ငံဖြစ်ပေသည်။ ထို့ကြောင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ တော်အတွင်း မှီတင်းနေထိုင်ကြသော မွန်အမျိုးသားတို့သည် မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်၍ တိုးတက်ရန် ဆောင် ရွက်ဖို့ လိုအပ်နေပေသည်။ ။

လွမ်းစိုးခိုင်



နိုင်ဝင်းမြင့် - မိလှရီ

# စိန်ရတနာ သက်န်းပရိက္ခရာဆိုင်

ကျွန်တော်—ကျွန်မ၏ ဆိုင်တွင် ရှိပါသော ပရိက္ခရာ၊ ဆင်းတုတော် အမျိုးမျိုးနှင့်
ငွေပန်းခက်၊ ငွေပဒေသာပင်တို့ကို ဈေးနှုန်းချိုသာစွာဖြင့်
ရောင်းချပေးနေပါသည်။

နိုင်ဝင်းမြင့်—မိလှရီ

**စိန်ရတနာ သက်န်းပရိက္ခရာဆိုင်**

ရုံ (၁)၊ ဆိုင်အမှတ် (၄၉)၊ အောက်ဈေးကြီး၊
မော်လမြိုင်မြို့။

---

**သင့်မိသားစု စိတ်ချမ်းသာရေးအတွက်...**

# ဦးမောင်စိန်

## စိန်၊ ရွှေ၊ ရတနာ

ရောင်းဝယ်ရေး

**အော်ဒါ လက်ခံသည်။**

အမှတ် ၈၈၊ အောက်လမ်းကြီး၊ ဈေးကြီး၊
မော်လမြိုင်မြို့။
ဖုန်း–၂၁၀၈၄၃

အကောင်းဆုံး အနံ့ အရသာနှင့် ပြည့်စုံသော

# နဂါး ဘိလပ်ရည်

ကို

အားပေး သုံးဆောင်တော်မူကြပါ။

ပုလင်းငယ်များကိုလည်း အလှူ ပွဲထိုင်များအတွက် အထူး လက်ခံ၍
စိတ်တိုင်းကျ ပြုလုပ်ပေးပါသည်။

ဒိုင်းမွန်းနှင့် ဒကုံ ဘိလပ်ရည်များကိုလည်း ရရှိနိုင်ပါသည်။

## ဦးခွေးလေး

နဂါး ဘိသပ်ရည်၊ ၂၃၀၊ အောက်လမ်းမကြီး၊
မော်လမြိုင်မြို့။ ဖုန်း—၂၁၃၇၅

---

● အလှူမင်္ဂလာပွဲထိုင်များအတွက်အစဉ်လပ်ဆတ်သော ●

MOE SUN

မိုးဆန်း

PHONE 21532

ဖုန်း-၂၁၅၃၂

လက်ဖက် ကြက်သွန်ဥ ကြော်ပဲကြော်

အမှတ်-၃၈၆-အောက်လမ်းမကြီး-မရမ်းကုန်းရပ် မော်လမြိုင်မြို့

၇၈


စားကောင်းအိပ်ပျော်မူးမော်ပျောက်သော
မွှန်ပြည့်နယ်နှာမည်ကျော်
အောင်
အစာကြေသွေးဆေး
လျှက်ဆား
အောင်
သွေးဆေးစတိုး
ရုံ-၈/ဆိုင်-၅၁၊ ဈေးကြီး၊ မော်လမြိုင်
ပင်ရင်း-အမှတ်-၁၁၃-ဗဟိုလမ်း၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်


ရွှေကြည်-ရမည-
ငှက်ဖျား တုတ်ကွေး
ဒူလာချမ်း မီးယပ်ချမ်း
ယနေ့ သောက်စမ်းပါ
အခုပဲ
လေးကုတ်တစ်
မဟာငန်းနီကျော်
အိမ်ဖိုး ၂၁၆၉၉
အောင်သွေးဆေးစတိုး
ရုံ-၈/ဆိုင်-၅၁၊ ဈေးကြီး၊ မော်လမြိုင်
ဆိုင်တိုင်းတွင်မေးဝယ်ပါ

- ဖောင်းကြွဖိတ်စာ အမျိုးမျိုး
- ရောင်စုံ ဘလောက်များ
- ဌာနဆိုင်ရာ ဇယားများနှင့် စာရင်းစာအုပ်များ
- ပြေစာနှင့် ဖြတ်ပိုင်းများကို စျေးနှုန်းချိုသာစွာဖြင့် အချိန်မီ ရိုက်နှိပ်ပေးနေပါသည်။

ခင်ခင် ပုံနှိပ်တိုက်

အမှတ်-၂၅၄၊ အောင်ဆန်းဗိုလ်ချုပ်လမ်း၊ မော်လမြိုင်မြို့




ကျန်းမာရွှင်ပျော်နေလိုသော်
လူပျိုတော်ပတ္တမြား
လက်ကိုင်ထား